သိန်းမင်းစာပေ

ရွံမက်သျှင်

လုံးချင်းဝတ္ထုသစ်

နေ မင်း သ မီး

design : aung kyaw moe

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၇၅၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၁၀၁၀၈၀၈

❒

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ ၅၀၀

❒

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

❒

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ သြဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❒

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

တန်ဖိုး ၁၀၀ ကျပ်

❒

ကွန်ပျူတာ
Dream City

စွဲမက်သျှင်

===========

နေမင်းသမီး

===========

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တရပ် တည်ဆောက်ရေး

စီးပွါးရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွါးရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွါးရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွါးရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွါးရေးတရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၉၆၀ ပြည့်ခုနှစ် မတ်လ ၃ ရက် အင်္ဂါနေ့ ..

ကျွန်ုပ်၏ နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ ဖြစ်သည့်အတွက် ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုရန်အတွက် မနက်ကောင်းစွာမိုးမလင်းခင် မှာပင် အိမ်မှထွက်ခွာလာခဲ့လေသည်။

စေတီတော်ကြီး၏ရင်ပြင်ပေါ်သို့ ကျွန်ုပ်ရောက်ရှိသည့်အချိန်တွင် နေပင်မထွက်ပြူသေးပါ .. နွေနံနက်ခင်းသည် မြူနှင်းများဖြင့် အေးစိမ့်စိမ့်ဖြစ်နေပြီး ထိုအချိန်အခါသမယ၌ စေတီတော်ကြီးအားဖူးမြော်ကြည်ညိုရသည်မှာ နှလုံးစိတ်ဝမ်းအေးချမ်းလွန်းလှလေသည်။

ကျွန်ုပ်သည် မွေးနံထောင့်တွင် ပန်း ဆီမီး ရေ

များဆက်ကပ်လှူဒါန်းပူဇော်ပြီး စိတ်အေးချမ်းသာစွာမေတ္တာ ဘာဝနာပွားများလျက် အချိန်များကို ဖြတ်ကျော်မှန်းမသိ ဖြတ်ကျော်ကုန်ဆုံးရင်း စူးရှတောက်ပသည့်နေရောင်ထွက်ပြူလာချိန်ကို ရောက်လာလေတော့သည်။

ထိုအခါ ကျွန်ုပ်သည် စေတီတော်ကြီးကိုလက်ျာရစ်ပူဇော်ပြီး ကျွန်ုပ်ပြုပြုသမျှကုသိုလ်အဖို့ဘာဂကို အမျှအတန်းပေးဝေလေသည် .. ထိုသို့အမျှဝေရင်း စေတီတော်ကြီး၏ မြောက်ဘက်မုခ်အနီး အောင်မြေ နေရာသို့အရောက်တွင် ထူးဆန်းသည့်မြင်ကွင်းကြောင့်ကျွန်ုပ်၏ခြေလှမ်းများသည် အလိုလိုရပ်တန့်သွားရလေသည်။

ထို့နောက် ကျွန်ုပ်သည် ထိုနေရာမှဆက်လက်ထွက်ခွာသွားနိုင်ခြင်းမရှိတော့ဘဲ ကျွန်ုပ်ရှေ့မှမြင်ကွင်းကိုသာ ငေးမောကြည့်မိသွားလေတော့သည်။

ကျွန်ုပ် ငေးမောကြည့်နေမိသည့် မြင်ကွင်းသည် ငယ်ရွယ်နုနယ်သောအမျိုးသမီးတစ်ယောက်ပဲဖြစ်လေသည်။

ထိုအမျိုးသမီးသည် ဘယ်လိုနည်းနှင့်မှ အသက်နှစ်ဆယ်မကျော်နိုင်သေး ဟု ကျွန်ုပ်ကခန့်မှန်းမိသည် .. ထိုအမျိုးသမီးသည် ကြက်သွေးရောင်တောက်ပနေသော

ကတ္တီပါစကြီးကို ပခုံးပေါ်မှစ၍ တစ်ကိုယ်လုံးသို့ခြုံထားလေသည်။

ထို့ကြောင့် ဝါဝင်း၍အပြစ်ဆိုစရာမရှိအောင်လှပသောမျက်နှာကလေးသည် ပိုမိုထင်ပေါ်နေလေတော့သည် .. ထိုအမျိုးသမီးသည် ဘုရားဝတ်ပြုနေခြင်းမဟုတ်ဘဲ ထွက်ပေါ်လာစ စူးရှတောက်ပသောနေမင်းကြီးကို မမှိတ်မသုန် မော့ကြည့်နေလေသည်။

ထိုကဲ့သို့မြင်ကွင်းကို ပထမဦးဆုံးအကြိမ်တွေ့မြင်ရခြင်းဖြစ်သလို ထိုမျှလှပသော မိန်းကလေးတစ်ယောက်ကိုလည်း ပထမဦးဆုံးအကြိမ် တွေ့မြင်ဖူးခြင်းဖြစ်သည့်အတွက် ကျွန်ုပ်သည်အရာရာအားမေ့လျော့သွားခဲ့ပြီး ထိုအမျိုးသမီးနှင့်မလှမ်းမကမ်းမှနေ၍ ငေးမောကြည့်နေမိခဲ့သည်။

နေမင်းကြီးအား စူးစိုက်ကြည့်နေသောထိုအမျိုးသမီးသည် မျက်တောင်ကိုတစ်ချက်တလေမှပင်မခတ်ပါ .. ထိုအမျိုးသမီးသည် ကိုယ်ခန္ဓာနှင့်ခြေလက်များကိုလည်း လှုပ်ရှားပြောင်းလဲခြင်းအလျှင်းမရှိ .. ထိုအမျိုးသမီးများ၏ မျက်ဝန်းများသည် ထူးဆန်းစွာပင်စိန်ပွင့်အလား တဖျပ်

ဖျော့တောက်ပနေကြလေသည်။

ထိုအမျိုးသမီးကိုငေးမောကြည့်ရင်း ကျွန်ုပ်သည် နေရာဒေသကိုရော အချိန်ကာလကိုပါမေ့လျော့သွားရလေသည် .. ထိုအမျိုးသမီး၏နုနယ်ပျိုမျစ်လှပသောမျက်နှာကလေးသည် ကျွန်ုပ်၏နှလုံးသား၌ နက်ရှိုင်းစွာ စွဲထင်သွားခဲ့ပြီး ကျွန်ုပ်ကိုယ်ကျွန်ုပ်သတိမထားမိဘဲ ကျွန်ုပ်သည် ထိုနေရာ၌ပင် မိန်းမောသွားခဲ့ရလေသည်။

ကျွန်ုပ် သတိပြန်ဝင်လာချိန်တွင် နေရောင်ပျောက်ကွယ်၍ မိုးစုပ်စုပ်ချုပ်နေပြီဖြစ်ပြီး အမျိုးသမီးလေးကိုလည်း မတွေ့ရတော့ပါ .. ကျွန်ုပ်သည် ထိုအမျိုးသမီးကို စေတီတော်ကြီး၏ရင်ပြင်အနှံ့ သွေးရူးသွေးတမ်းဖြင့်လိုက်ရှာမိလေသည်။

ထိုနေ့တွင်သာမက နောက်ထပ်နေ့ပေါင်းများစွာလည်း ဆက်ကာဆက်ကာရှာဖွေသည်။

သို့သော် မတွေ့ရတော့ပါ။

ကျွန်ုပ်စွဲလမ်းမိခဲ့သော နေမင်းသမီးလေးသည် ပျောက်ခြင်းမဲ့လှ ပျောက်ကွယ်သွားလေတော့သည်။

* * * * * * * * *

၂၀၀၄ ခုနှစ် နှစ်ဦးပိုင်း

အခန်း (၁)

အာယုသည် ဖတ်လက်စဒိုင်ယာရီစာအုပ်ကို အသာအယာပြန်ပိတ်လိုက်လေသည်။

အသာအယာမပိတ်လို့လည်းမဖြစ် .. ဒိုင်ယာရီစာအုပ်သည် ဟောင်းနွမ်းလွန်းလှသဖြင့် ခပ်ကြမ်းကြမ်းကိုင်တွယ်လိုက်တာနှင့်ပင် တစ်စစီ ပြိုစုတ်သွားနိုင်သောကြောင့်ပင်ဖြစ်လေသည်။

ဒိုင်ယာရီစာအုပ်လေးသည် ဟောင်းနွမ်းလွန်းရသည့်

ကြားထဲ သူ ခဏခဏဖတ်ထားသောကြောင့် ဝါကျင့်ကျင့် စာရွက်ကလေးများသည်ပင် ကြေမွချင်နေပြီဖြစ်သည်။

အဘွားဆုံးသွားသည့်အတွက် အဘွားပိုင်ဆိုင်သည့် အိမ်ကြီးကို တစ်ဦးတည်းသောအမွေဆက်ခံသူအဖြစ် သူ ရရှိခဲ့ပြီး အဘွား၏မောင် ပိုင်ဆိုင်သည့် နေ့စဉ်မှတ်တမ်း စာအုပ်များ အသုံးအဆောင်ပစ္စည်းများကိုပါ သူကအမွေရ လိုက်ခြင်းဖြစ်လေသည်။

သူ ခဏခဏဖတ်ရှုဖြစ်သည့် ဒိုင်ယာရီစာအုပ် ကလေး၏ပိုင်ရှင်သည် အဘွား၏မောင် သူ့အမေ၏ဦးလေး သူနှင့်ဆိုလျှင်အဘိုးလေးတော်စပ်သူဦးလေးဖြစ်လေသည်။

တကယ်တော့ အဘိုးလေးဆိုသည့်တော်စပ်မှု ကြောင့်သာ ဦးလေးဟုခေါ်ရသော်လည်း အဘွား၏မောင်ငယ် သည် အသက်နှစ်ဆယ့်ငါးနှစ်အရွယ်မှာပင်ဆုံးပါးသွားခဲ့ သည့်အတွက် အမေလည်းမမြင်ဖူးခဲ့ပါ .. ဦးဗလကို သူ တွေ့မြင်ဖူးဖို့ကတော့ အဝေးကြီးပဲဖြစ်လေသည်။

အဘွားကတော့ သူ လူပျိုပေါက်အရွယ်တွင် သူ့ကို စူးစူးစိုက်စိုက်ကြည့်ပြီး မကြာခဏပြောတတ်ခဲ့သည်။

"လူလေးက မောင်ဗလ နဲ့ တူလိုက်တာကွယ် ..

သွားပုံ လာပုံ ပြောပုံ ဆိုပုံတွေကလဲ တစ်ထပ်တည်းပါပဲ" ဟုဖြစ်လေသည်။

အစကတော့ အဘွားပြောတာကို သူက အမှုမဲ့ အမှတ်မဲ့ပင်ထားထားလေသည်။

လူပျိုဘဝတွင် သေဆုံးသွားခဲ့သည့်အဘွား၏မောင် ဆိုတာကိုလည်း သိပ်စိတ်မဝင်စားမိ .. အနာရောဂါတစ်ခုခု ကြောင့် လူငယ်အရွယ်တွင်သေဆုံးသွားခဲ့တာပဲဖြစ်လိမ့် မည်ဟုသာ မှတ်ထင်ထားခဲ့မိလေသည် .. စိတ်သိပ်မဝင် စားသည့်အတွက် အာယုကအဘွားထံတွင်လည်း မေးမြန်း စုံစမ်းခဲ့ခြင်း မရှိပါ။

သို့သော်တစ်နေ့မှာတော့ ထူးဆန်းသည့်အိပ်မက် တစ်ခုကို မက်ခဲ့ပြီ .. ထိုအိပ်မက်အကြောင်း အဘွားကို ပြောပြခဲ့ရာမှ အဘိုးလေး၏အကြောင်းကိုပါ သူ သိခဲ့ရ တာဖြစ်လေသည်။

* * * * * * * * *

အခန်း (၂)

အမှန်အတိုင်း ပြောရမည်ဆိုလျှင် အာယု သည် အိပ်မက်များကိုမက်လေ့မက်ထရှိသူတစ်ယောက်မဟုတ်ခဲ့ပါ .. လူငယ်ပီပီ တစ်နေ့တာလုံး လှုပ်ရှားသွားလာခဲ့သမျှ ညဘက်ရောက်တာနှင့် နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့တာ ချည်းပဲဖြစ်လေသည် .. ထို့ကြောင့် အိပ်မက်များကို သူ တရင်းတနှီး မရှိခဲ့တာပဲဖြစ်မည်ထင်သည်။

သို့သော် သူ အသက်နှစ်ဆယ်ပြည့်သည့်နေ့၏ ညမှာတော့ ထူးခြားစွာပင် သူကအိပ်မပျော်နိုင်ဘဲတလူးလူး တလိမ့်လိမ့် ဖြစ်နေခဲ့ရလေသည်။

အိပ်ပျော်နေသူတစ်ယောက်အတွက်သာ အိပ်ရာပေါ်၌နေရခြင်းသည် ကောင်းမွန်သော်လည်း အိပ်မပျော်သူတစ်ယောက်အတွက်တော့ အိပ်ရာသည်ညောင်းညာကိုက်ခဲပြီး ငြီးငွေ့စရာနေရာဖြစ်လေသည် .. ထို့ကြောင့် ဘယ်လိုမှအိပ်မပျော်နိုင်သည့်အာယုက အိပ်ရာထဲမှထွက်လာခဲ့ပြီး လသာဆောင်တွင် ထွက်ထိုင်ဖြစ်ခဲ့လေသည်။

အဘွား၏အိမ်ကြီးသည် ထုထည် ကြီးမားခိုင်ခံ့သော ရှေးနှစ်ထပ်တိုက်ကြီးဖြစ်ပြီး အိမ်ကြီး၏အပေါ်ထပ်တွင် ကျယ်ပြန့်သည့်လသာဆောင်များပါရှိလေသည်။

ထိုနေ့ညသည် လသာသော ညတစ်ညဖြစ်ပြီး ရာသီဥတုကလည်း ကြည်လင်သာယာလေသည် .. လသာဆောင်တွင်ထိုင်နေရင်း အေးမြသည့်လေပြည်လေညင်းရယ် လသာဆောင်အောက်ဘက်ရှိ တရုတ်စံကားပင်မှ တရုတ်စံကားပန်းရနံ့ရယ် မှုန်ဖျော့ဖျော့လရောင်ရယ်ကြောင့် မကြာခင်မှာပင် သူ မျက်ခွံများလေးလံဖိစီးလာပြီး မေ့ခနဲ အိပ်ပျော်သွားရလေတော့သည်။

အိပ်ပျော်သွားသည့်အချိန်မှာပင် သူက အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲ၌သူသည် လသာဆောင်တွင်ရပ်တန့်နေပြီး မြေပြင်ပေါ်သို့ငုံ့ကြည့်နေလေသည်။

သူ့မြင်ကွင်းထဲတွင် အဖြူရောင် ပန်းပွင့်များ အဆုပ်အခဲလိုက်ပွင့်နေသည့် တရုတ်စံကားပန်းပင်ကြီးရှိနေပြီး ပန်းပင်ကြီးနှင့် မလှမ်းမကမ်း မြက်ခင်းစိမ်းစိမ်းများဘက်သို့ သူ့အကြည့်များကရောက်သွားပြန်သည်။

ထိုမြက်ခင်းပေါ်တွင် အသက်အစိတ်လောက်ရှိမည့် လူငယ်တစ်ယောက်သည် သူရှိနေသည့်နေရာနှင့်ဘေးတိုက် အနေအထားဖြင့်ထိုင်နေတာကို တွေ့ရသည်။

ထိုလူငယ်၏နံဘေးတွင် ဖြူဖွေးသောတရုတ်စံကားပန်းပွင့်များ အစုလိုက် အပြုံလိုက်ရှိနေပြီး ထိုလူငယ်သည် မြက်ခင်းပေါ်အဖြူရောင်ပန်းပွင့်များနှင့်စာလုံးပုံဖော်နေလေသည်။

သူက လူငယ်ပုံဖော်နေသည့်စာလုံးများကို လှမ်းဖတ်လိုက်မိသည် .. ပန်းပွင့်များနှင့်ပုံဖော်ထားသောစာလုံးသည် နေမင်းသမီး ဆိုသည့် စာလုံးဖြစ်နေပြီး ထိုစာလုံးကို ဖတ်ပြီးသွားသည်နှင့် သူ ဖျတ်ခနဲ လန့်နိုးသွားရလေတော့သည်။

အိပ်မက်မှနိုးနိုးချင်း ထိုအိပ်မက်ကိုတကယ့်အဖြစ်အပျက်ဟုထင်မြင်မိသည် .. သူက လသာဆောင်ကနေအောက်ဘက်သို့ အလျင်ငုံ့ကြည့်မိသည်။

လရောင် မှုန်မှုန်မှိုင်းမှိုင်းအောက်၌ တရုတ်စံကားပင်ကြီးရော မြက်ခင်းပြင်ပါ နဂိုအတိုင်းပဲရှိနေပြီး လူငယ်ကိုရော နေမင်းသမီးဆိုသည့်ပန်းပွင့်များနှင့်ရေးထိုးထားသည့်စာလုံးကိုပါမတွေ့ရတော့ပါ .. ဒီတော့မှ အိပ်မက်ပဲဟု သူကလက်ခံလိုက်မိလေတော့သည်။

အဲဒီ့နောက်မှာတော့ တကယ့်အဖြစ်အပျက်လို ထင်ရှားပြတ်သားသည့်အိပ်မက်ကို တွေးတောရင်း အာယုက ဆက်လက်အိပ်မရဘဲဖြစ်သွားရတော့သည်။

မနက်မိုးလင်းတာနှင့် သူ့အိပ်မက်အကြောင်းကို အဘွားကို ပြောပြသည်။

"ဘွားဘွား .. ကျွန်တော်ညကအိပ်မက်မက်တယ်" ဟု သူ ပြောလိုက်တာနှင့် အဘွားကရယ်မောပြီးသူ့ကို ချစ်စနိုး ကျီစယ်လေသည်။

"အလိုတော် .. ဒီလောက်အိပ်ပုတ်ကြီးတဲ့ကလေးက ထူးထူးဆန်းဆန်း အိပ်မက်တွေဘာတွေမက်တတ်လို့

ပါလား .. ပြောစမ်းပါဦး အိပ်မက်အကြောင်း ..”

သူသည် မိတဆိုးဖတဆိုးဖြစ်ပြီး အဘွားနှင့်အတူ နေခဲ့ရသူဖြစ်သည်။

သူဆယ်နှစ်သားအရွယ်တွင် သူ့အဖေဆုံးပါးသွားခဲ့ပြီး သူ့အမေကလည်း မကြာခင်မှာပင်ဆုံးပါးသွားခဲ့ပြန်သည် .. ထို့ကြောင့် အဘွားနှင့်အတူနေခဲ့ရတာဖြစ်သည် .. အမေက အဘွား၏တစ်ဦးတည်းသောသမီးဖြစ်ပြီး သူကတော့ အမေ့တစ်ဦးတည်းသောသားဖြစ်သည့်အတွက် သူတို့သည်တကယ်ပဲ ဆွေမျိုးရင်းချာနည်းပါးလေသည်။

အဘိုးနှင့်အဘွားကို သူကအဖေအမေလိုပဲသဘောထားပြီး ရင်းနှီးကျွမ်းဝင်ရှိသည်။

စကားနည်းသည့်အဘိုးက သူပြောပြမည့်အိပ်မက်အကြောင်းကို ကော်ဖီသောက်ရင်းနားထောင်နေလေသည်။

“ညက ကျွန်တော်ကောင်းကောင်းအိပ်မပျော်ခဲ့ဘူး ဘွားဘွား ..”

“အိပ်မပျော်တဲ့ အိပ်မက်မက်ရသလား ..”

အဘွားကို အဘိုးကဟန့်သည်။

“မင်းကွာ မြေး ပြောမယ့်စကားကို ဆုံးအောင်

နားထောင်စမ်းပါဦး ..”

အဘိုး ဟန့်တော့မှ အဘွားကငြိမ်သွားသည်။

“ညက ကျွန်တော်အိပ်မပျော်လို့ လသာဆောင်မှာ ထွက်ထိုင်မိတယ် ဘွားဘွား .. ထိုင်နေရင်း မေ့ခနဲ အိပ်ပျော်သွားတုန်းမှာ အိပ်မက်မက်တယ် .. အိပ်မက်ထဲမှာ ကျွန်တော်ကလသာဆောင်ကနေအောက်ဘက်ကို ငုံ့ကြည့်နေတယ်တဲ့ တရုတ်စံကားပန်းပင်ကြီးရဲ့အလွန် မြက်ခင်းပေါ်မှာ အသက်နှစ်ဆယ်ကျော် အစိတ်ဝန်းကျင်လောက် ရှိမယ့်လူငယ်တစ်ယောက်က တရုတ်စံကားပန်းပွင့်တွေကို မြက်ခင်းပေါ်မှာစီပြီး စာလုံးပုံဖော်နေတယ်ဗျ .. သူ ပုံဖော်နေတဲ့စာလုံးကို ကျွန်တော်ဖတ်ကြည့်လိုက်တာ နေမင်းသမီးတဲ့ .. ပြီးတော့ ကျွန်တော်လဲနိုးသွားရော ..”

သူ့အိပ်မက်ကို နားထောင်နေသည့်အဘွားမျက်နှာက ဖြူဖတ်ဖြူရော် ဖြစ်သွားပြီး အဘိုးမျက်နှာကလည်း တစ်မျိုးတစ်ဖုံဖြစ်သွားလေသည်။

သူကတော့ အဘိုးနှင့်အဘွား၏အပြောင်းအလဲကြောင့် အံ့အားသင့်သွားမိသည် .. ဘာမှမဟုတ်သည့် အိပ်မက်ကလေးကို ဘာဖြစ်ရတာလဲဟု စဉ်းစားနေဆဲ

အဘွားက တုန်တုန်ယင်ယင်နှင့် သူ့ကိုမေးခဲ့လေသည်။

"နေ .. နေမင်းသမီး လို့ရေးထားတယ် ဟုတ်လား"

"ဟုတ်တယ် ဘွားဘွား .. ကျွန်တော်အသေအချာကို ဖတ်လိုက်ရတာ .. ဖတ်လို့ပြီးသွားမှ အိပ်မက်ကနိုးလာတာ .. အိပ်မက်ထဲကလူလဲ ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး .."

အဘိုးနှင့်အဘွားက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည် .. သူကတော့ ဘာမှနားမလည်သေးပါ .. မကြာခင်မှာပင် အဘွား၏ဝမ်းပမ်းတနည်းညည်းညူသံကို ကြားရလေသည်။

"အို .. သနပ်းစရာကောင်းလိုက်တဲ့မောင်လေး .. သူ အခုထိ မကျွတ်မလွတ်ရှာသေးဘူးပေါ့ .."

"မဟုတ်တာကွာ .. နှစ်တွေလဲဒီလောက်ကြာနေမှ .. ဘာကြောင့် မကျွတ်မလွတ်ရမှာလဲ .. တို့တစ်တွေလဲ ကုသိုလ်ကောင်းမှုတွေပြုပေးပြီး အမျှအတန်းဝေပေးနေတာ ဘဲမဟုတ်လား .."

"အိုတော် .. မကျွတ်မလွတ်သေးလို့သာ မြေးလေးကို အိပ်မက်ပေးတာပေါ့ .."

"မဟုတ်သေးပါဘူးကွာ .."

အဘိုးနှင့်အဘွား ပြောနေကြတာတွေကို သူက ဘယ်လိုမှနားမလည်နိုင် .. ထို့ကြောင့် မေးလိုက်မိသည်။

"ဘယ်သူလဲ ဘွားဘွား .. ဘယ်သူမကျွတ်သေးတာလဲ .."

ဘွားဘွားကဘာမှမပြောရသေးခင် အဘိုးကအလျင်ဝင်ဖြေသည်။

"ဘာမှမဟုတ်ပါဘူး မြေးရယ် .. မင်းဘွားဘွားရဲ့မောင် မောင်လေးကိုပြောတာပါ .. လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ကျော်လောက်ကတည်းက သေသွားခဲ့တဲ့လူတစ်ယောက်ဟာ ခုထိမကျွတ်မလွတ်ဘဲရှိနေပါ့မလားကွာ"

"အို ရှင်မသိပါဘူး .. သူက အစွဲအလမ်းကြီးနဲ့ သေသွားခဲ့ရတဲ့လူလေ .. အသက်မထွက်ခင်အထိတောင် နေမင်းသမီး နေမင်းသမီးလို့ တတွတ်တွတ်ရွတ်သွားခဲ့တာဘဲ ဦးဘမျှင်ရဲ့ .."

အဘွားပြောတာကို ကြားရတော့မှ သူ့အိပ်မက်သည် အတော်အရေးပါသည့်အိပ်မက်ဖြစ်ကြောင်း အာယုဏ သဘောပေါက်မိတော့သည်။

"နေမင်းသမီးလို့ သေခါနီးအထိ ရှုတ်သွားတယ် ဟုတ်လား ဘွားဘွား .. နေမင်းသမီးဆိုတာ ဘယ်သူလဲဟင် .."

"ဘွားတို့လဲမသိပါဘူး သားရယ် .. အသေအချာမေးလို့လဲမရဘူး .. အဘွားရဲ့မောင်လေးဟာစညာတတ် တက္ကသိုလ်ကျောင်းသားပါ .. လိမ္မာယဉ်ကျေးတာလဲ မပြောပါနဲ့တော့ကွယ် .. ဥာဏ်ရည်ဉာဏ်သွေးကလဲ သိပ်ကောင်းတယ် .. ဘာသာရေးလဲသိပ်လိုက်စားတယ် ကွယ့် .. အဲဒီလိုကလေးမျိုးက ဘယ်နေရာမှာ ဘယ်လို မိန်းကလေးမျိုးကို တွေ့လာခဲ့တယ်မပြောတတ်ပါဘူး သား ရယ် .. ကျောင်းမတက်နိုင်စာမကျက်နိုင်တော့ဘဲ နေ့ရှိသရွေ့ အဲဒီမိန်းကလေးကိုအရှာထွက်ရင်း စွဲလမ်းစိတ်တွေနဲ့လုံးပါး ပါးခဲ့ရတာပေါ့ .. မောင်လေးဆုံးတော့ သူ့အသက်က နှစ်ဆယ့်ငါးနှစ်တောင်မပြည့်သေးဘူးကွယ့် .. ဘိုးဘိုးနဲ့ ဘွားဘွားကလက်ထပ်ပြီးခါစအချိန်ပေါ့ .. အဲဒီအကြောင်း တွေပြန်တွေးမိရင် နည်းနည်းကလေးမှစိတ်မချမ်းသာပါဘူး သားရယ် .."

အာယု က စိတ်ဝင်စားသွားမိပြီး ကော်ဖီကိုဆက်

မသောက်နိုင်အောင်ဘဲဖြစ်သွားရသည်။

ဟိုတုန်းက အဘွားတွင် မောင်တစ်ယောက်ရှိပြီး အသက်ငယ်ငယ်ပင်သေဆုံးသွားကြောင်း သူ သိခဲ့ကြား ခဲ့ဖူးသည် .. အသေးစိတ်တော့ သူ မသိပါ .. စိတ် မဝင်စားသည့်အတွက် မမေးမိတာလည်းဖြစ်နိုင်သည် .. အဘွားတို့ကလည်း အသေးစိတ်ပြောမပြခဲ့ကြ .. အခု အကြောင်းတိုက်ဆိုင်လာသည့်အတွက် သူက မေးမြန်း မိသွားလေသည်။

"ကျွန်တော့်ကို ပြောပြပါလား ဘွားဘွား .. ကျွန်တော် အဲဒီအကြောင်းတွေကို လုံးဝနားမထောင်ခဲ့ရ ဖူးဘူး .."

"သား မသိတာလဲမပြောနဲ့လေ .. ဘွားဘွား ကိုယ်တိုင်ကမပြောဘဲနေခဲ့တာကိုး .. အခုသားကအိပ်မက် မက်တယ်ဆိုတော့ အကြောင်းတိုက်ဆိုင်လာပြီလေ .. ဒီတော့ ပြောပြရမှာပေါ့ သားရယ် .."

အဘွားက အိမ်ရှေ့ခန်းကို ထထွက်သွားသည့် အတွက် သူပါလိုက်လာလိုက်သည်။

အဘိုးနှင့်အဘွားသည် ထိုအကြောင်းကို လိုလို

လားလား ပြောချင်ပုံမရဟု သူကအကဲခတ်ရင်း အိပ်မက်ထဲတွင်သူတွေ့ခဲ့ရသည့်လူငယ်သည် လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ်ကျော်က သေဆုံးသည့်အဘွားၐ၏မောင်ဆိုတာများဖြစ်နေမလားဟု စဉ်းစားမိသည်။

ထိုအိပ်မက်ထဲမှလူငယ်၏မျက်နှာကို ပြန်စဉ်းစားကြည့်တော့ မှုန်ဝါးဝါးနှင့်မမှတ်မိပါ .. အိပ်မက်ထဲမှလည်း ဘေးစောင်းအနေအထားပဲတွေ့ခဲ့ရတာဖြစ်သည် .. ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မဟုတ်။

ပြီးတော့ .. အဘွားမောင်၏ဓာတ်ပုံတွေဘာတွေကိုလည်း သူ လုံးဝမြင်တွေ့ဖူးခြင်းမရှိပါ .. ဘာပဲဖြစ်ဖြစ်သူ့အိပ်မက်သည် ထူးခြားဆန်းကြယ်တာကတော့ အမှန်ပင်ဖြစ်လေသည် .. အိပ်မက်ကြောင့်ပဲ အဘွား၏မောင်အကြောင်းကို သူကပြင်းပြစွာသိချင်သွားခဲ့ရတာဖြစ်သည်။

ထို့ကြောင့် အဘွား သွားရာနောက်သို့လိုက်ပါပြီး မရမကမေးမြန်းဖို့ သူက ဆုံးဖြတ်မိသွားလေသည်။

အဘွားက ဧည့်ခန်းတွင်ထိုင်ပြီး မှိုင်းညို့ဝေသီနေသောမျက်လုံးများဖြင့် အဝေးကြီးကို ငေးကြည့်နေသည် .. အသက်ခုနစ်ဆယ်ကျော်ပြီဖြစ်သည့်အဘွားသည် လော

လောလတ်လတ်မှာပင် ပိုမို၍အိုစာသွားသည်ဟု ထင်မှတ်ရလေသည်။

သူက အဘွားနံဘေးတွင် တိတ်ဆိတ်စွာ ဝင်ထိုင်လိုက်မိသည် .. သူဘာမှမမေးရသေးခင်မှာပင် မျက်ရည်ပြည့်နေသည့် မျက်ဝန်း မှိုင်းမှိုင်းများဖြင့် အဘွားကညည်းညည်းညူညူ ပြောလေသည်။

"ဘွားဘွားဟာ အတိတ်ဘဝကဘယ်လိုအကုသိုလ်မှုတွေပါလာခဲ့သလဲမသိပါဘူး မြေးလေးရယ် .. ဘဝမှာဆွေမျိုးပျက်စီးတဲ့ဒုက္ခကို အကြိမ်ကြိမ် ခံစားခဲ့ရပြီ .. သောကပရိဒေဝမီးတောက်လောင်ခဲ့ရတာပေါ့ .. ပထမဦးဆုံး အဘွားတို့မောင်နှမအရွယ်မရောက်ခင်မှာ မိဘတွေဆုံးသွားခဲ့ပြန်တယ် .. ဘယ်လောက်မှမကြာတဲ့အချိန်မှာ အဘွားရဲ့မောင်လေးကဆုံးပါးသွားခဲ့ပြန်တယ် .. ဆွေမျိုးသားချင်းနည်းပါးလို့ သားသမီးတွေအများကြီး မွေးဖို့စိတ်ကူးပေမဲ့ အဘွားအတွက်ကံတရားက သမီးလေးတစ်ယောက်တည်းပဲမွေးခဲ့ပြန်တယ် ."

"သမီးလေးကိုအိမ်ထောင်ချပေးပြီး မြေးတွေတစ်ပျော်ကြီးနဲ့ဘဝကို ဖြတ်ကျော်ဖို့ မျှော်လင့်ချက်တွေထားခဲ့ပေမဲ့

သားရဲ့အမေ အဘွားရဲ့သမီးဟာလဲတစ်ယောက်တည်း ကိုပဲမွေးခဲ့ပြန်တယ်ကွယ် .. ပြီးတော့ သားတောင်အရွယ် မရောက်သေးဘူး သားမိဘတွေကလူ့လောကထဲကနေ ထွက်ခွာသွားကြပြန်ရော .. ကဲ အဖြစ်ဘယ်လောက် ဆိုးထားသလဲ မြေးရယ် .. အခုဆိုရင် အဘွားလဲအသက်ကြီး နေပါပြီ .. ဒါကြောင့် နေ့စဉ်ဘုရားရှိခိုးဆုတောင်းမိပါတယ် .. နောက်ထပ်အဘွားမျက်စိရှေ့မှာ ဘယ်သူမှမသေပါစေနဲ့ .. အဘွားပဲအရင်သေပါရစေလို့ လေ .."

အာယုက အမေက်ပဲစိတ်မကောင်းဖြစ်သွားမိသည်။ အဘွားကို ဘယ်လိုနှစ်သိမ့်ရမှန်းလည်းမသိဘဲ သူကိုယ်တိုင်ပါဝမ်းနည်းကြေကွဲရလေတော့သည်။

သူစိတ်ဆင်းရဲသွားတာကို အကဲခတ်မိပုံရသည့် အဘွားက သူ့ကိုဖက်ပြီး ကြိုးစားပမ်းစားပြုံးပြလေသည် .. ပြီးတော့မှ သူ သိချင်နေသည့်အဘွား၏မောင် သူ့အဘိုးလေးအကြောင်းကို အဘွားကပြောပြလေတော့သည်။

"ဘွားဘွားရဲ့မောင် မောင်ဗလ ဟာ ဘွားဘွား ထက်အသက်လေးနှစ်ငယ်တယ် မြေးရဲ့ .. မောင်နှမဆိုပေမဲ့ သားအမိလိုပါဘဲ မြေးရယ် ..

"ဘွားဘွားတို့နှစ်ယောက်က အရမ်းချစ်ပြီး အရမ်း တွယ်တာကြပါတယ် .. သားရဲ့အဘိုးဟာ မောင်ဗလရဲ့ ဆရာပေါ့ .. ဒါကြောင့် သားအဘိုးဟာလဲ မောင်ဗလ ကို ချစ်ပါတယ် ..

"မောင်ဗလကလဲ လိမ္မာတယ် .. ပညာတော် တယ် .. ကိုယ်ကျင့်တရားလဲကောင်းတယ်.. ဘွားဘွား တို့မိသားစုလေးဟာ ပျော်စရာကောင်းခဲ့တာပေါ့ မြေး ရယ် ..

"ဒါပေမဲ့ ကြာကြာမပျော်ခဲ့ရပါဘူး .. မောင်ဗလ ရဲ့နှစ်ဆယ့်လေးနှစ်ပြည့်တဲ့မွေးနေ့မှာပဲ ဂြိုဟ်ဆိုးကာစဝင် ခဲ့တယ်ကွယ် .. အဲဒီနေ့မနက်အစောကြီးမှာ ရွှေတိဂုံဘုရား သွားဖို့မောင်ဗလကခွင့်တောင်းတယ် .. အဘွားတို့လဲ ခွင့်ပြုခဲ့တာပေါ့ သားရယ် .. ဒါနဲ့ပဲနံနက်စောစောမှာ မောင်ဗလက ဘုရားဖူးသွားတယ် .. နေ့လယ်မှာလဲ ပြန်ရောက်မလာဘူး .. ညနေမှာလဲပြန်ရောက်မလာဘူး .. သူ့သူငယ်ချင်းတွေနဲ့များလျှောက်လည်နေမလားလို့ တွေး မိပြီး သူငယ်ချင်းတွေကို လျှောက်မေးမိတော့လဲ သူတို့ဆီ မလာဘူးတဲ့ ..

"ညနေကနေ ညဘက်ကိုကူးလာတော့ အဘွားတို့လဲ ဘယ်လိုမှမနေနိုင်တော့ဘူး .. မောင်ဗလ ဆိုတာ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ လျှောက်လည်တတ်တဲ့ကလေး မှမဟုတ်ဘဲ .. နောက်ဆုံးတော့ ဘုရားကိုပဲလိုက်သွားကြရတော့တာပေါ့ .. အဲဒီတော့မှ ဘုရားရင်ပြင်ပေါ်မှာငူငူကြီးထိုင်နေတဲ့မောင်ဗလကို တွေ့ရတော့တာပဲ ..

"သူက အိမ်မပြန်ချင်ဘူးလို့အတင်းငြင်းလို့ မရမက ချော့ခေါ်လာခဲ့ရတယ် .. အဲဒီကစပြီး မောင်ဗလ ဟာ လုံးဝပြောင်းလဲသွားတော့တာပါပဲ သားရယ် .."

ပြောလက်စ စကားကို ခဏရပ်၍ အဘွားကအင်္ကျီလက်မောင်းစနဲ့မျက်ရည်သုတ်သည်။

ပြီးတော့မှ မောင်ဗလနှင့်ပတ်သက်သည့်အတိတ်ကို ရှည်လျားစွာပြောပြလေတော့၏။

* * * * * * * * *

အခန်း (၃)

ဆံပင်ဘုတ်သုတ် မျက်လုံးပြူးကြောင်ကြောင်နှင့်ဖြစ်နေသည့် မောင်ဗလသည် အိမ်ပြန်ရောက်တာနှင့် ထူးဆန်းသည့်စကားများကို နားထောင်သူရှိရှိ မရှိရှိ တတွတ်တွတ်ပြောဆိုနေတော့သည်။

"အရမ်းလှတယ် .. နတ်သမီးတစ်ပါးလိုကိုလှတယ် .. နေကိုမော့ကြည့်နေတယ်ဆိုတော့ နေမင်းသမီးလေးပေါ့ .. ဘယ်မှာရှာရှာ မတွေ့ရတော့တာ တကယ်ဆိုးတယ်ဗျာ .. ကျွန်တော့်ဆီကိုပြန်လာပါဦး နေမင်းသမီးလေးရယ် .. ကျွန်တော့်ကိုမလှည့်စားပါနဲ့ .. မစိမ်းကား

ပါနဲ့ .. နေမင်းသမီးလေးသာထပ်မတွေ့ရရင် ကျွန်တော့် ဘဝကြီးတစ်ခုလုံး အဓိပ္ပာယ်ကင်းမဲ့သွားရပါလိမ့်မယ်ဗျာ .. ကျွန်တော့်ကို သနားငဲ့ညှာပါ .."

"မောင်လေး .. ဘယ်သူလဲဟင် .. နေမင်းသမီးလေးဆိုတာ ဘယ်သူလဲ .. မောင်လေးနဲ့ဘယ်မှာတွေ့လာခဲ့တာလဲ .. ဘယ်လိုပတ်သက်နေသလဲ .."

မေးသည့်လူကို မောင်ဗလက အသိမကပ်သည့် မျက်လုံးများဖြင့်သာ ခပ်တွေတွေစိုက်ကြည့်နေသည် .. အဖြေကိုတော့မပေးပါ။

ထမင်းကျွေးတော့လည်း မစား .. အဝတ်လဲခိုင်းတော့လည်း မလဲ .. အိပ်ခိုင်းတော့လည်း မအိပ်ဘဲရှိနေသည့်အတွက် အစ်မဖြစ်သူ မသူဇာ က လူးလိမ့်ငိုကြွေးတော့သည်။

"ဘုရား .. ဘုရား .. မောင်လေးရယ် .. ဘာတွေဖြစ်လာတာလဲ .. မင်း ဘာတွေဖြစ်လာခဲ့သလဲ ဟင် .. မင်းကို ဘယ်သူကများဒုက္ခပေးလိုက်သလဲ .. ကိုဘမျှင်ကယ်ပါဦးရှင် .. ကျွန်မမောင်လေးကို ကယ်ပါဦး .."

"စိတ်အေးအေးထား မသူဇာ .. တော်ကြာ မင်းပါ

ဒုက္ခရောက်ရလိမ့်မယ် .. အရမ်းစိတ်မပူပါနဲ့ကွာ .."

"အို .. စိတ်မပူလို့ဖြစ်မလား ရှင် .. ကျွန်မမောင်လေးရူးများရူးသွားပြီလား .. ကယ်ပါဦး ကိုဘမျှင်ရယ် .."

"စိတ်အရမ်းလှုပ်ရှားပြီး နည်းနည်းကြောင်သွားတာလို့ ကိုယ်တော့ထင်တာဘဲ မသူဇာ .. ဆရာဝန်ပင့်ပြီး စိတ်ငြိမ်ဆေးပေး အိပ်ခိုင်းလိုက်ရင် မနက်မိုးလင်းတာနဲ့ ပုံမှန်အတိုင်းပြန်ဖြစ်သွားမှာပါ .."

"ဘာတွေဖြစ်လာခဲ့တယ်ဆိုတာကို ရှင်တစ်လှည့်မေးပေးပါဦး ကိုဘမျှင်ရယ် .. ကျွန်မ .. ကျွန်မ ရင်ပူလွန်းလှပါပြီ .."

"အခုအချိန်မေးလို့ ဘာမှသိရမှာမဟုတ်ဘူးမသူဇာ .. လောလောဆယ် ကိုယ်ဆရာဝန်ပဲသွားပင့်လိုက်မယ် .. မင်း သိချင်တာတွေ မနက်မှပဲမေးပါတော့ကွာ .."

"ဒါ .. ဒါဆိုရင် ဆရာဝန်အမြန်သွားပင့်ပါတော့ ရှင် .. ကျွန်မ .. ကျွန်မ စိတ်ပူရလွန်းလို့ ရင်ဘတ်ကမီးထတောက်ရပါတော့မယ် .."

အစ်မနှင့်ယောက်ဖဖြစ်သူက ယောက်ယက်ခတ်နေ

ကြချိန်တွင် မောင်ဗလကတော့ အရာရာကို မေ့လျော့နေသူတစ်ယောက်လို ငေးငိုင်ဆဲရှိနေလေသည်။

မသူဇာကလည်း လှုံးလှိမ့်ငိုရှိုက်မိသည် .. သူမချစ်သောမောင်လေးကို အခုလိုပုံမျိုးဖြစ်နေလိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားမိလို့ပဲဖြစ်သည်။

မကြာခင် ဆရာဝန်ရောက်လာပြီး မောင်ဗလကို စမ်းသပ်သည် .. ထို့နောက် ခင်ပွန်းသည်ပြောသလိုပင် အိပ်ပျော်သွားပြီး နိုးလာလျှင် ကောင်းသွားမှာပါဟုပြောသည် .. နောက် အိပ်ပျော်ရန်အတွက်ဆေးပေးပြီးဆရာဝန်ပြန်သွားလေသည်။

မသူဇာတို့လင်မယားက မောင်ဗလကို ချော့မော့ဖျောင်းဖျပြီး နွားနို့ပူပူကလေးတစ်ခွက် ဝင်အောင်တိုက်လိုက်ကြသည် .. ပြီးလျှင် ဆရာဝန်ပေးခဲ့သည့်ဆေးကို တိုက်ကြသည်။

ဆေးထိုးပေးခဲ့သည့်အရှိန်ရယ် သောက်ဆေးအရှိန်ရယ်ကြောင့် မကြာခင် မောင်ဗလကအိပ်ပျော်သွားသည် .. ဒီတော့မှအနည်းငယ်စိတ်အေးသွားရပြီး မသူဇာတို့လည်း အိပ်ရာဝင်မိ၏။

လူပင်ပန်း စိတ်ပင်ပန်းထားခဲ့ရသည့်အတွက် မသူဇာတို့လင်မယားက သတိထားနေသည့်ကြားထဲမှ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့လေသည်။

မိုးလင်းလုလုအချိန်ကို ရောက်တော့မှ ဖျတ်ခနဲ လန့်နိုးလာကြသည် .. မသူဇာတို့နိုးသည့်အချိန်တွင် မောင်ဗလသည် ညကလိုပုံစံမျိုးမဟုတ်တော့ဘဲ တက်ကြွရွှင်လန်းစွာ ဝတ်စားပြင်ဆင်ထားတာကို အံ့အားသင့်ဖွယ်တွေ့ရလေသည်။

မောင်ဗလကို ကြည့်ရသည်မှာ မနေ့ကညနှင့် ဘာမှမဆိုင်တော့သလို အလျင်ကမောင်ဗလ၏ပုံစံမျိုးလည်း မဟုတ်ပြန်ပါ .. အလျင်ကမောင်ဗလသည်တည်ငြိမ်အေးဆေးသောသူဖြစ်သော်လည်း အခုပုံစံကတော့ အစွမ်းကုန်သွက်လက်ဖျတ်လတ်နေလေသည်။

"မောင်လေး .. နေကောင်းတယ်နော် .." ဟု မသူဇာကမေးတော့ မောင်ဗလက ရယ်မောပြီး ပြန်ပြောသည်။

"ကောင်းပါတယ်ဗျ .. ကျွန်တော်က ဘာဖြစ်လို့လဲ .."

မသူဇာတို့လင်မယားက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။

"မနေ့က မင်းဘာတွေဖြစ်လာခဲ့တာလဲ မောင်လေး .. အစ်ကိုကြီးကို ပြောပြစမ်းပါကွာ .. မနေ့ညကဆရာဝန်ကိုတောင်အိမ်ပင့်လိုက်ရတယ်လေ .. အဲဒါကိုရော မင်းသိရဲ့လား .."

"သိပါတယ် အစ်ကိုကြီး .."

မသူဇာတို့လင်မယားက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပြန်သည် .. ဒါဆို မောင်ဗလ ရူးသွားတာတော့မဟုတ်လောက်ဘူးဟု မသူဇာကမှတ်ချက်ချရင်းစိတ်သက်သာရာရမိသည် .. ဒါပေမဲ့ ထူးခြားစွာ တက်ကြွနေသည့်ပုံသဏ္ဌာန်ကြောင့် လုံးလုံးလျားလျားတော့စိတ်မအေးနိုင်သေးပါ။

"လာကွာ .. မနေ့က မင်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အစ်ကိုကြီးကိုပြောပြစမ်းပါ .."

ထိုအခါမှာတော့ မောင်ဗလက ထူးဆန်းသည့်စကားကို ပြောလေတော့သည်။

"ကျွန်တော် မနေ့က နေမင်းသမီးလေးနဲ့တွေ့ခဲ့

တယ် အစ်ကိုကြီး .."

"ဘာ .. နေမင်းသမီး ဟုတ်လား .."

မသူဇာတို့လင်မယားက အံ့သြစိတ်ကို အတင်းမျိုချထားရသည် .. တော်ကြာ မောင်ဗလကရှက်ပြီး ပြောမပြတော့မှာစိုးတာကြောင့်ပဲဖြစ်သည်။

အရုက်အကြောက်ကြီးပြီး မိန်းကလေးကိုစွကင်းရှင်းသည့်မောင်ငယ်၏နှုတ်မှ မိန်းကလေးတစ်ယောက်၏အကြောင်း အားတက်သရော ပြောဆိုနေသည့်အဖြစ်ကယုံနိုင်စရာပင်မရှိတာသေချာလေသည်။

"ကျွန်တော့်တစ်သက် အဲဒီလောက်လှတဲ့ မိန်းကလေးကို မမြင်ဖူးဘူးဗျာ .. အခုမျက်စိမှိတ်လိုက်တာနဲ့သူ့ရဲ့မျက်နှာလှလှလေး ကျွန်တော့်အာရုံထဲမှာ လာထင်နေတာဗျ .. သူဟာလှသလောက် ထူးဆန်းတဲ့ မိန်းကလေးပါပဲ .. အချိန်တွေအကြာကြီး နေမင်းကို စူးစိုက်ကြည့်နေတဲ့မျက်လုံးလေးတွေဟာ စိန်ပွင့်တွေလို လက်လက်ထနေတယ် .. ဝါဝင်းတဲ့မျက်နှာလေးဟာ လပြည့်ညလိုပါပဲ .."

မောင်ဗလသည် မည်သူ့မျက်နှာကိုမှမကြည့်ဘဲ

ထိုစကားများအား ခရားရေလွှတ် ပြောဆိုနေခြင်းဖြစ်လေသည်။

"မနေ့ကကျွန်တော်ကြည့်နေတုန်းမှာပဲ နေမင်းသမီးလေး ပျောက်ဆုံးသွားခဲ့တယ် .. ဘုရားရင်ပြင်အနှံ့လိုက်ရှာပေမဲ့ မတွေ့တော့ဘူးဗျာ .. ဒါပေမဲ့ .. ညက ကျွန်တော့်အိပ်မက်ထဲကို ရောက်လာတယ်ဗျ .. ဒီနေ့ ဘုရားရင်ပြင်မှာဆုံရအောင်လို့ ကျွန်တော့်ကို ပြောသွားတယ် .. အဲဒါကြောင့် စောစောစီးစီးထပြီး ကျွန်တော်ပြင်ဆင်ထားတာ .."

မှင်တက်မိနေရာမှ မသူဇာက အထိတ်တလန့်ဖြစ်လိုက်မိသည်။

"အို .. မသွားပါနဲ့ မောင်လေးရယ် .. မောင်လေးက နေကောင်းတာလဲမဟုတ်ဘူး .. မသွားနဲ့နော် .."

အခါတိုင်း အစ်မစကားကိုမြေဝယ်မကျ နားထောင်သော မောင်ဇလသည် အခုတော့ အစ်မပြောသည့်စကားကို လုံးဝအရေးမစိုက်ဘဲ ရွှေတိဂုံဘုရားသို့သွားဖို့အတွက်ဘဲ ပြင်ဆင်ဆိုင်းပြင်းနေလေတော့သည်။

"မသွားလို့မဖြစ်ဘူး မမ .. နေမင်းသမီးလေးက

ကျွန်တော့်ကို အသေအချာချိန်းသွားတာဗျ .."

"မောင်လေးရယ် .. အိပ်မက်ဆိုတာ တကယ်မှမဟုတ်ဘဲ .. ပြီးတော့ .. မင်း တွေ့လာခဲ့တာ ဘယ်လိုမိန်းကလေးမျိုးလဲကွယ် .. ဘာမှရေရေရာရာ တိတိကျကျမရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် အချိန်ကုန်ခံ ဒုက္ခခံမနေပါနဲ့ .. မောင်လေးအိမ်ထောင်ပြုချင်ရင် မမစီစဉ်ပေးပါ့မယ်ကွယ် .."

မသူဇာပြောသည့်စကားကို အလေးအနက်မထားဘဲ မောင်လေးဇလက အပြင်ထွက်ဖို့ဘဲပြင်ဆင်သည်။

"မသွားပါနဲ့ မောင်လေးရယ် .."

"မဖြစ်ဘူး မမ .. အိပ်မက်ထဲမှာ အသေအချာချိန်းထားတာဗျ .. ကျွန်တော်မသွားရင် စိတ်ဆိုးသွားလိမ့်မယ် .."

မသူဇာကချော့မော့လို့မရသည့်အတွက် အကြမ်းနည်းသုံးကြည့်ပြန်သည်။

"မောင်ဇလ .. မင်းကို မသွားရဘူးလို့ ပြောနေတယ်နော် .. လုံးဝမသွားနဲ့ .. အဓိပ္ပာယ်မရှိတဲ့ကိစ္စကို ခွင့်မပြုနိုင်ဘူး .. ဒါပဲ .."

အလျင်က အစ်မစိတ်ဆိုးလျှင်ငြိမ်သက်သွားတတ်သည့် မောင်ဗလသည် အခုတော့ ပေကတ်ကတ်ဖြင့် နှုတ်လှန်ထိုးလေသည်။

"အခွင့်အရေးမရှိဘူးလို့ပြောရင် မမ အရမ်းမှားသွားမှာပေါ့ဗျာ .. ကျွန်တော့်ဘဝဟာ မနေ့ကမှအခွင့်အရေးစရှိလာတာဗျ .. အတိအကျပြောရရင် နေမင်းသမီးလေးကို စတွေ့လိုက်ရတော့မှ အခွင့်အရေးရှိလာတာ .. ကျွန်တော် သူနဲ့ထပ်တွေ့ချင်တယ် .. သူကလဲလာတွေ့ဖို့ပြောတယ် .. သူ့ဆီမှာ ကျွန်တော့်ကို ပြောပြစရာတွေအများကြီးရှိတယ်တဲ့ .. ဒါကြောင့် မမ စိတ်မဆိုးပါနဲ့ဗျာ ..

"ကျွန်တော် သွားပါရစေ .. အစ်ကိုကြီး မမကို ပြောပေးပါဗျာ .. ကျွန်တော့်အရွယ်က ကလေးလေးမဟုတ်တော့ဘူးဗျ .."

မောင်ဗလပုံစံက တစ်ခွတ်ထိုး လုပ်ပစ်တော့မည့် ပုံစံမျိုးဖြစ်နေသည့်အတွက် မသူဇာကထပ်မကြိမ်းရဲတော့ဘဲ အသာအယာခွင့်ပြုလိုက်ရတော့သည်။

ရွှေတိဂုံဘုရားနှင့် မသူဇာတို့အိမ်သည် မဝေးပါ .. လမ်းမလျှောက်သွားလို့ရသည့်အကွာအဝေးတွင်ရှိလေသည်။

"အေးလေ .. ပြောမရရင်လဲသွားပေါ့ .. ဒါပေမဲ့ မနေ့ကလိုတော့မလုပ်ပါနဲ့ကွယ် .. အိမ်ကို စောစော ပြန်လာခဲ့ပါ .. ညအထိမနေပါနဲ့ .."

"ဟုတ်ကဲ့ မမ .."

မောင်ဗလက ရှိုးအပြည့်နှင့်သွက်လက်ပေါ့ပါးစွာ အိမ်မှထွက်သွားလေသည် .. မောင်ဗလထွက်သွားတာနှင့် မသူဇာတို့လင်မယားကလည်း နောက်ကနေ မယောင်မလည်နှင့်ထွက်လိုက်လာခဲ့ကြလေတော့သည်။

* * * * * * * * *

အခန်း (၄)

မောင်ဗလသည် ရွှေတိဂုံစေတီရင်ပြင်သို့ မြောက်ဘက်မုခ်မှတက်လေသည်။

မသူဇာတို့လင်မယားကလည်း မောင်ဗလနောက်မှ ထက်ကြပ်မကွာလိုက်ခဲ့ကြသည် .. မြောက်ဘက်တန်ဆောင်းအတိုင်း သွက်လက်စွာ တက်သွားသည့်မောင်ဗလသည် ဘေးဘီဝဲယာသို့ လုံးဝကြည့်ခြင်းမရှိပါ။

ခရီးဝေးဝေးကို လမ်းလျှောက်ခဲ့ရသည့်အတွက် မသူဇာတို့လင်မယားက ခြေလှမ်းမသွက်နိုင်တော့သော်လည်း မောင်ဗလကတော့တက်ကြွလွန်းသည့်ခြေလှမ်းများ

နှင့်လှေကားထစ်များကို နင်းဖြတ်တက်သွားလေသည်။

"ဘုရား .. ဘုရား .. မောင်လေးကို ဘာတွေများ ဝင်ပူးနေသလဲမသိတော့ပါဘူး အစ်ကိုရယ် .."

"မသူဇာကလဲကွာ .. အဓိပ္ပာယ်မရှိတာတွေ မတွေးစမ်းပါနဲ့ လူငယ်သဘာဝမိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမိသွားတာဖြစ်မှာပါ .. မောင်ဗလက ဒီလိုကိစ္စမျိုးကို အတွေ့အကြုံရှိတာမှမဟုတ်ဘဲ .. ဒီတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာဖြစ်မှာပေါ့ .."

"အဲဒါကို ဗိုပြီး ရင်ပူရတာပေါ့ အစ်ကိုရယ် .. ကျွန်မမောင် ရိုးရိုးအေးအေးကြီးဟာ လည်လည်ရှုပ်ရှုပ်မိန်းမနဲ့တွေ့သွားရင် ကျွန်မရင်ကျိုးရမှာရှင့် .. မ ဘက်လိုက်တော့မိုက်ဘက်ပါတဲ့ .. အခုတောင် လူလိမ္မာလေးက ဘယ်လောက်မိုက်မဲနေပြီလဲ .."

ပြောရင်း မသူဇာကမျက်ရည်ကျချင်လာမိသည်။

"တော်ပါကွာ .. ကိုယ်လဲ ဘာမှရေရေရာရာ မသိရသေးဘဲနဲ့ထင်ကြေးတွေနဲ့ရင်ပူမနေပါနဲ့၊ မောင်ဗလတွေ့ထားတာဟာ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ တို့အခုပဲ တွေ့ရတော့မှာပါ .. တစ်ခုတော့ ကြိုတင်ပြီး

သတိပေးထားမယ်နော် မသူဇာ .. မင်း သူတို့နှစ်ယောက်ဆီကိုမသွားနဲ့ .. ဘာမှလဲသွားမပြောနဲ့ ခပ်ဝေးဝေးကပဲ အကဲခတ်ရမယ် ဟုတ်လား .."

"ဟုတ်ကဲ့ပါရှင် .."

ဒီလိုနဲ့ပဲ ဘုရားရင်ပြင်ပေါ်သို့ ရောက်လာခဲ့ကြလေတော့သည်။

မောင်ဗလသည်မတ်ဝန်းကျင်ကို လုံးဝအရေးမစိုက်လှည့်မကြည့်သည့်အတွက် မသူဇာတို့လင်မယား သူ့နောက်မှလိုက်ပါလာကြသည်ကို လုံးဝသိပုံမရတာသေချာသည်။

သူသည် သွက်လက်သောခြေလှမ်းများဖြင့်အောင်မြေရှိရာ ဦးတည်လျှောက်သွားနေသည် .. မသူဇာကလည်း မနီးမဝေးမှ ထပ်ကြပ်မကွာ လိုက်ပါခဲ့သည် .. ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများပြည့်ကျပ်ညပ်နေအောင်ရှိမနေဘဲ ခပ်ကျဲကျဲသာရှိနေသည့်အတွက် မောင်ဗလကို မျက်ခြည်မပြတ်ခဲ့ပါ။

အောင်မြေအလွန်ကိုရောက်တာနှင့် မောင်ဗလ၏ခြေလှမ်းက တုံ့ခနဲ့ရပ်တန့်သွားလေသည် .. ထို့နောက်

ခပ်ဖြည်းဖြည်းထိုင်ချလိုက်တာကို တွေ့ရသည်။

"ကြည့်ပါဦး အစ်ကိုဘမျှင် . မိန်းကလေးတစ်ယောက်တလေမှ မတွေ့ပါလား .."

"မရောက်သေးလို့ဖြစ်မှာပေါ့ကွာ .. လာ .. လာ .. ဟိုဘက် အာရုံခံတန်ဆောင်းထဲကနေသွားစောင့်ကြည့်မယ် .."

မလှမ်းမကမ်း အာရုံခံတန်ဆောင်းထဲသို့ဝင်ရောက်ပြီး မသူဇာတို့လင်မယားက တိုင်အကွယ်ကနေမောင်ဗလကို စောင့်ကြည့်ကြသည် .. သူမတို့သည် မောင်ဗလ၏နောက်ကျောဘက်တွင်ရှိနေတာမို့ မောင်ဗလ၏မျက်နှာကို မမြင်ရပါ။

မောင်ဗလသည် ငြိမ်သက်စွာထိုင်နေပြီး တစ်စုံတစ်ယောက်ကို မျှော်လင့်တကြီး စောင့်စားနေလေသည် .. မောင်ဗလထိုင်သည့်နေရာသည် နေပူကျဲကျဲတွင်ဖြစ်နေသည့်အတွက် ဘုရားဖူးများကအထူးအဆန်းသဖွယ်လှည့်ကြည့်သွားတတ်တာကို မသူဇာတို့နှစ်ယောက်ကမြင်တွေ့နေရလေသည်။

"ဒုက္ခပါပဲ အစ်ကိုရယ် .. စောင့်စရာနေစရာရှား

လို့ ဒီလောကနေပူကြီးထဲမှာ စောင့်နေရသတဲ့လား"

ခင်ပွန်းသည်က ပြုံးသည်။

မသူဇာကတော့ တကယ်ပဲရင်ထဲမှာမချိပါ .. နေပူကြီးထဲ၌မလှုပ်မယှက်ထိုင်နေသည့်မောင်လေးကို ကြည့်ပြီး စိတ်ဆင်းရဲကြီးစွာခံစားရလေသည် ဖြစ်နိုင်လျှင်နေရိပ်ထဲသို့ ဆွဲခေါ်ချင်မိသည်။

ဒီလိုနှင့်အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးသွားလေသည် .. မောင်ဗလရှိရာသို့ မည်သည့်မိန်းကလေးမှရောက်မလာပါ .. နေသည်အပူဆုံးအတောက်လောင်ဆုံးအချိန်သို့ ရောက်နေပြီ .. ရင်ပြင်ကျောက်ပြားများမှ အပူပြန်ရိုက်တာရော ခေါင်းပေါ်တည့်တည့်မှနေရောင်ကြောင့်ပါ ဘုရားဖူးများပင် ရင်ပြင်တော်ပေါ်တွင် ခပ်သွက်သွက်လမ်းလျှောက်နေတာကိုတွေ့ရသည်။

မောင်ဗလကတော့ မတ်လနေအောက်တွင် မတုန်မလှုပ်ထိုင်နေမြဲ .. သို့သော် .. သူ့ဦးခေါင်းကတော့ ထောင်မတ်မနေနိုင်တော့ဘဲ စိတ်ဓာတ်ကျနေသူတစ်ယောက်လို တဖြည်းဖြည်းငုံ့ကျနေပြီဖြစ်သည်။

မသူဇာကတော့ မောင်လေးကို ဒုက္ခပေးသည့် မိန်း

ကလေးအား ဒေါသထွက်လို့မဆုံး .. မိန်းကလေးတစ်ယောက်အတွက် ဒုက္ခရောက်နေသည့် မောင်လေးကိုလည်း ကရုဏာဒေါသတွေ ဖြစ်နေရလေတော့သည်။

"တောက် .. ကျွန်မ ဘယ်လိုမှကြည့်မနေနိုင်တော့ဘူး အစ်ကိုရယ် .. လာပါ .. မောင်လေးကို သွားခေါ်ကြပါစို့ .. ကြည့်စမ်း .. ချိန်းတဲ့မိန်းကလေးကလဲ မလာဘဲ ချိန်းရသတဲ့လား"

"မလာတော့မကောင်းဘူးလား မသူဇာ .. မောင်ဗလ စိတ်ပျက်သွားရင် အကောင်းဆုံးပဲမဟုတ်လားကွာ .. ဒါပေမဲ့ .. မိန်းကလေးက သူ့ကို အိမ်မက်ထဲမှာ လာချိန်းသွားတာလို့ မောင်ဗလကပြောတာမဟုတ်လား .. သူ့ဘာသာသူ စိတ်စွဲလမ်းပြီး အိပ်မက်တွေမက် အိမ်မက်ထဲကအတိုင်းလိုက်လုပ်တာရော မဖြစ်နိုင်ဘူးလားကွာ .."

ခင်ပွန်းသည်၏စကားကို ကြားရတော့မှ ဘယ်သူမှန်းမသိသည့်မိန်းကလေးအပေါ် ဖြစ်နေမိသည့်ဒေါသများက ရပ်တန့်သွားပြီးတော့လည်း စိုးရိမ်စိတ်များက သူမကို ဒုက္ခပြန်ပေးပြန်သည်။

"ကျွန်မမောင်လေး ရူးများရူးသွားပြီလား အစ်ကို

ရယ် ..."

"မဖြစ်နိုင်ပါဘူးကွာ .. လူတစ်ယောက်ဟာအကြောင်း မကာတိကနေ့ ကောက်ကာငင်ကာ ထမရှူးနိုင်ပါဘူး .."

"မောင်လေးတစ်ခုခုဖြစ်ရင်တော့ ကျွန်မရင်ကျိုးပါ ပြီရှင် .."

"ဆရာဝန်ကာ ဘာမှမဖြစ်ဘူးလို့ပြောတယ်မဟုတ် လား .."

"ပယောဂတွေဘာတွေဖြစ်နေရင် အင်္ဂလိပ်ဆေးဆရာ က ဘာများလုပ်တတ်မှာတဲ့လဲရှင် ဗမာဆေးဆရာနဲ့ပြရမှာ ပေါ့ .."

"မဟုတ်တာကွာ .. ပယောဂဘာညာဆိုပြီးရိုက်နှက် နေရင် ဘယ်လိုလုပ်မလဲ .."

မသူဇာတို့လင်မယား အချီအချစကားပြောနေဆဲမှာ ပင် မောင်ဗလသည် ထိုင်နေရာမှနေးကွေးလေးလံစွာထရပ် လိုက်လေသည်။

"ဟော .."

ထို့နောက် .. ခေါင်းငိုက်စိုက်ချပြီး နေအပူကိုအရေး မစိုက်ဘဲတရွေ့ရွေ့လမ်းလျှောက်ထွက်လာလေသည်။

သူမတို့ဘက်ကို မျက်နှာမူ၍ လာနေခြင်းဖြစ်သော် လည်း မျက်လုံးများသည် ဘာကိုမှမြင်ပုံမရဘဲ မျက်နှာ သွင်ပြင်ကလည်း အိုစာမှိုင်းညိုနေလေ၏။

မသူဇာတို့နှင့်အတော်နီးလာသည့်အခါတွင် မောင် ဗလ ၏ပါးပြင်ထက်တွင် မျက်ရည်များစီးကျနေခြင်းကို အံ့အားသင့်ဖွယ် တွေ့မြင်လိုက်ရလေသည်။

မသူဇာသည် မောင်ဗလကို ခေါ်ဖို့ဟန်ပြင်လိုက် သော်လည်း ခင်ပွန်းသည်ကတားမြစ်သည့်အတွက်မခေါ်ရ ပါ .. မောင်ဗလသည် သူမတို့ရှိနေသည့်အာရုံခံတန်ဆောင်း နီးမှဖြတ်သန်းပြီး ဘုရားရင်ပြင်ကိုဖြည်းဆေးလေးကန်စွာ ဆက်လျှောက်၍ အချိန်များကို ကုန်ဆုံးနေပြန်လေသည်။

ဘယ်လိုမှတောင့်ခံမထားနိုင်သည့်အဆုံး မသူဇာ က အိမ်ပြန်လာခဲ့ရပြီး ခင်ပွန်းသည်ကတော့ မောင်ဗလ ကို စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * * * * * * * *

အခန်း(၅)

နေဝင်ချိန်ရောက်သည့်အခါမှ ခေါင်းငိုက်စိုက်ချပြီး မောင်ဗလ က အိမ်ပြန်ရောက်လာလေသည်။

အိမ်ကထွက်သွားစဉ်က သွက်လက် ကြော့မော့ ရွှင်လန်းနေသည့်မောင်ဗလသည် အိမ်သို့ပြန်ရောက်လာချိန်တွင် ခေါင်းစုတ်ဖွား မျက်တွင်းဟောက်ပက် မျက်လုံးပြူး ကြောင်ကြောင်နှင့် မှတ်မိစရာပင်မရှိတော့ပါ။

"မောင်လေး ပြန်လာပြီလား .. အမောပြေလိမ်မော်ရည်လေး သောက်ကွယ် .. မမ လုပ်ပေးမယ် .."

ဟု မသူဇာကပြောသော်လည်း မောင်ဗလကစကား

တစ်ခွန်းမှပြန်မပြောဘဲ သောက်ရေအိုးစင်ဆီသို့သွား၍ ရေတစ်ခွက်ပြီးတစ်ခွက် ခပ်သောက်နေလေသည်။

မသူဇာက ရင်ထဲမှခံစားချက်ကို မျိုသိပ်ပြီး ဘာမှမဖြစ်သလို ဘာမှမသိသလိုပုံစံဖြင့် မောင်ဗလကို ထမင်းကျွေးဖို့စီစဉ်ရပြန်သည်။

"ဒီနေ့မောင်လေးအကြိုက် ငါးသုလောက်ဥအချဉ်ဆီပြန်ချက်ထားတယ်ကွယ့် .. မင်းအစ်ကိုကြီး ရုံးအပြန်ကို စောင့်မနေနဲ့တော့ကွယ် .. ထမင်းစားနှင့်လိုက်တော့ဟုတ်လား .."

မောင်ဗလက ပါးစပ်မှ ဘာတစ်ခွန်းမှမပြောဘဲ ဦးခေါင်းကိုသာခါယမ်းပြလေသည်။

"အို .. မစားလို့ဘယ်ဖြစ်မလဲမောင်လေးရယ် .. မနေ့ကတည်းက မင်း ထမင်းကောင်းကောင်းစားတာမဟုတ်ဘူးလေ .. တော်ကြာ အစာအိမ်နာလိမ့်မယ်ကွယ့်"

မောင်ဗလကခေါင်းခါယမ်းမြဲခါယမ်းပြီး စိတ်ဓာတ်အကြီးအကျယ်ကျနေသူတစ်ယောက်၏ပုံပန်းသဏ္ဌာန်အတိုင်း လေးလံဖင့်နွဲ့စွာ အိပ်ခန်းဆီသို့လျှောက်သွားလေသည်။

ထိုအချိန်မှာပင် မသူဇာ၏ခင်ပွန်းသည်က ရုံးမှပြန်

ရောက်လာသည့်ပုံစံဖြင့် အိမ်ထဲဝင်လာပြီး မောင်ဗလကို နှုတ်ဆက်လေ၏။

"ဟာ .. မောင်ဗလ .. ပြန်ရောက်ပြီလား .. ထမင်းမစားရသေးဘူး မဟုတ်လား .. အစ်ကိုကြီးနဲ့ တစ်ခါတည်းစားရအောင်လား .."

မောင်ဗလက မနည်း နားစိုက်ထောင်ရလောက်အောင် တိုးညှင်း ဖျော့တော့သည့် အသံဖြင့် ငြင်းဆန်လေသည်။

"ကျွန်တော် မစားတော့ဘူးဗျာ .."

ပြောပြီးတာနှင့် မောင်လေးကခေါင်းငိုက်စိုက်ချပြီး သူ့အိပ်ခန်းထဲသို့ ဝင်သွားလေတော့သည်။

မောင်ဗလအနားတွင်မရှိတော့မှ မသူဇာကဟီးချင့်မိသွားတော့သည်။

"ကယ်ပါဦး အစ်ကိုရယ် .. မောင်လေးမျက်နှာမှာ နဂိုရုပ်တောင် မရှိတော့ပါလား ဟင် .. နှစ်ရက်တည်းနဲ့ ဒီလောက်တောင်ဖြစ်သွားရသလား .. သေချာပါတယ်ရှင် .. ကျွန်မမောင်လေးကို တစ်ယောက်ယောက်ကမကောင်းတဲ့အတတ်နဲ့ ပြုစားနေပါပြီ .. ီး .. ဟီး .. ဟီး .."

သည်တစ်ခါတော့ ခင်မွန်းသည်ကလည်း သူမကို ဘာမှပြန်မပြောနိုင်တော့ပါ .. တစ်နေ့လုံး မောင်ဗလကို အစာရေစာအငတ်ခံ စောင့်ကြည့်နေခဲ့ရလို့ဖြစ်သည် .. ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချနေလေသည်။

"ပြောပါဦး အစ်ကို .. ကျွန်မတို့ဘာလုပ်ကြမလဲ"

"ထမင်းစားပါစေဦးကွာ .. ပြီးမှ ဆွေးနွေးကြရအောင်ပါ .. မသူဇာက အိမ်ဖော်ကောင်မလေးကိုထမင်းပွဲပြင်ခိုင်းပြီး အခန်းထောင့်၌ ကြေကွဲစွာငိုမိပြန်သည်။

စုန်းတို့ နတ်တို့ ပယောဂတို့ဆိုတာကာ မသူဇာအနေဖြင့် ဘယ်တုန်းကမှယုံကြည်ခဲ့ခြင်းမရှိပါ .. အခြားသူတွေကပြောဆိုလာခဲ့လျှင်တောင် နှာခေါင်းရှုံ့မိခဲ့တာဖြစ်သည်။

အခုမှ မောင်ဗလကို ကြည့်ပြီး မယုံကြည်ခဲ့တာတွေနှင့်စွပ်စွဲနေမိတော့တာဖြစ်သည် .. ထမင်းစားတော့လည်းစားလို့မဝင် .. မသူဇာတို့လင်မယားက မောင်ဗလကို ထမင်းစားဖို့အတွက် တစ်ယောက်တစ်လှည့်သွားခေါ်နေကြသော်လည်း မောင်ဗလကတော့ခေါင်းကိုသာသွင်သွင်

ခါယမ်းနေလေတော့သည်။

မောင်ဗလသည် အဝတ်အစားလည်း မလဲပါ .. အိပ်ရာပေါ်တွင်လဲလျောင်းနေပြီး မျက်နှာကြက်အမိုးကိုသာ စူးစိုက်ကြည့်နေပြီး ပါးစပ်မှဘာမှန်းမသိသည့်စကားများကို တဖွဖွရေရွတ်နေလေသည်။

ဘာမှမစားလျှင်ဒုက္ခရောက်ရတော့မှာမို့ မသူဇာက အတင်းပွေ့ထူပြီး ပေါင်မုန့်ငယ်တစ်လုံးနှင့်နွားနို့တစ်ခွက်ကို မရမက ကျွေးမွေးရလေသည် .. ပေါင်မုန့်နှင့်နို့ကို ပါးစပ်ထဲအထိရောက်အောင် ထည့်ပေးရပြီး ဝါးဖို့ မျိုချဖို့ ကိုပါ နံဘေးကနေ တတွတ်တွတ် ပြောယူရသည်အထိ မောင်ဗလ၏အခြေအနေကဆိုးဝါးနေလေသည်။

ထို့ကြောင့် ခင်ပွန်းသည်က မနေ့ကပင့်သည့် ဆရာဝန်ကိုပဲပြေးပင့်ရပြန်သည် .. ခင်ပွန်းဖြစ်သူ ဆရာဝန် သွားပင့်နေချိန်တွင် သူမက မောင်ဗလကို မေးခွန်းတွေ မေးမြန်းမိလေသည်။

"မောင်လေး .. မောင်လေး ဘာတွေခံစားနေရသလဲ .. မမကို ပြောစမ်းပါကွယ် .."

မသူဇာ မေးသော်လည်း အဖြေကိုကားချက်ချင်းပြန်

မရပါ .. သူမကအတင်းလှုပ်ပြီး မရမက မေးမိပြန်သည်။

"ပြောပြစမ်းပါ မောင်လေးရယ် .. လက်ချိုးရေကြည့်မှ တို့မောင်နှမနှစ်ယောက်တည်းပဲရှိတာ .. မောင်လေး အခုလိုခံစားနေရတာကို မမ မကြည့်ရက်ဘူး .."

အတင်းလှုပ်ခါတော့မှ မောင်ဗလ၏ မျက်လုံးအကြည့်က သူမထံသို့ရောက်လာလေသည်။

"ဘာတွေဖြစ်နေသလဲ .. ပြောစမ်းပါကွယ် .."

"နေမင်းသမီးလေး မလာဘူးဗျာ .."

မောင်ဗလ၏ တိုးတိမ်သော အသံလေးကြောင့် မသူဇာမှာရင်ကွဲပက်လက်ဖြစ်ရတော့သည်။

"ကဲ .. အဲဒီ နေမင်းသမီးဆိုတဲ့မိန်းကလေးဟာ ဘယ်သူလဲ .. ဘယ်မှာနေတာလဲ ပြောကွယ် .. မမတို့ သူ့မိဘတွေဆီမှာ လိုက်တောင်းပေးမယ် .. မောင်လေး ခံစားနေရတာကို လုံးဝမကြည့်ရက်ဘူး .."

သူမပြောလိုက်သောစကားကို မောင်ဗလကဝမ်းသာ အားရဖြစ်မသွားဘဲ ဝမ်းနည်းသံဖြင့်ပြန်ပြောသည်။

"ကျွန်တော်မသိဘူး မမ .."

"အို .. မင်းက မေးမထားဘူးလား .. ဒါဆို

နာမည်ကိုရော သိသလား .."

"ဟင့်အင်း .. ကျွန်တော်နဲ့ နေမင်းသမီးလေး အပြင်မှာ စကားမပြောဖူးပါဘူး .."

"အပြင်မှာစကားမပြောဖူးလို့ ဘယ်မှာစကားပြောဖူးသလဲကွယ် .."

"ညက အိပ်မက်ထဲမှာ .."

မသူဇာက မောင်ဗလ၏စိတ်တွေပုံမှန်မဟုတ်တော့ဘူးဟု ရင်ထဲကနေစွပ်စွဲလိုက်မိသည်။

"မောင်လေးရယ် .. အိပ်မက်ဆိုတာ တကယ်မှမဟုတ်တာ .. အဲဒီလောက်ကြီး အစွဲအလမ်းမထားပါနဲ့ကွယ် .."

မောင်ဗလသည် သူမကို ဘာမှပြန်မပြောဘဲ နေမင်းသမီးလေး ရက်စက်တယ်ဗျာ .. ကျွန်တော်စောင့်နေတဲ့ဆီကို မလာဘူးဟု ရေရွတ်နေလေသည်။

ထိုအချိန်မှာပင် ဆရာဝန်ရောက်လာသည် .. မောင်ဗလက ဆရာဝန်မေးသမျှကို ဘာမှပြန်ဖြေခြင်းမရှိ၊ ဆရာဝန်၏မျက်နှာကိုလည်းမကြည့်ဘဲမျက်နှာကြက်ကိုသာငေးမောကြည့်နေလေသည်။

"ကျွန်မမောင်လေး ဘာဖြစ်တာများလဲ ဆရာရယ် .. အရင်ကဒီလိုမျိုးတစ်ခါမှမဖြစ်ဖူးပါဘူး .. အခုမှ ကောက်ကာငင်ကာနဲ့ထဖြစ်ရတာပါရှင် .. ကျွန်မမောင်လေး ခံစားနေရတာတွေကို ပျောက်အောင်ကုသပေးပါနော် .."

ဆရာဝန်ကသက်ပြင်းချပြီး ခေါင်းခါယမ်းပြသည်။

"မသူဇာရဲ့မောင်လေးဖြစ်နေတာက စိတ်မှဝေဒနာဗျ .. ဒီတော့ စိတ်ရောဂါကုဆရာဝန်နဲ့ပြောင်းပြီး စစ်ဆေးကြည့်ဖို့ ကျွန်တော်အကြံပြုပါတယ်ဗျာ .. ကိုဘမျှင်လဲသိမှာပါ .. စိတ်ကဖြစ်တဲ့ဝေဒနာ စိတ်ကြောင့်ခံစားရတဲ့ဝေဒနာကို စိတ်ရောဂါကုဆရာဝန်ပဲ ကုပေးနိုင်တယ်လေ"

"ဟုတ်ကဲ့ .. နားလည်ပါတယ် ဆရာ .."

"ကျွန်မ .. ကျွန်မမောင်လေးကို ရူး ရူးနေပြီလို့ဆိုလိုတာလား ဆရာ .."

"ဟာ .. အဲဒီလောက်ကြီး မဟုတ်ပါဘူးဗျာ .. အခိုက်အတန့်ခံစားနေရတဲ့စိတ်ဝေဒနာပါ .. မသူဇာအရမ်းမစိုးရိမ်ပါနဲ့ .. ပျောက်သွားမှာပါ .. လောလောဆယ်အားနည်းနေတာကို ကျွန်တော်အားဆေးနဲ့ဂလူးကို့စ်စပ်ပြီး အကြောဆေးသွင်းပေးခဲ့မယ် .. နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်

သွားဖို့အတွက်လဲ ဆေးပေးထားခဲ့မယ် .. မနက်ဖြန်ခါကျတော့ စိတ်ရောဂါကုဆရာဝန်တစ်ယောက်ယောက်နဲ့ပြောင်းပြလိုက်ပေါ့ဗျာ .. စိုးရိမ်စရာမရှိပါဘူး ..”

“ကျေးဇူးအများကြီးတင်ပါတယ် ဆရာရယ် ..”

ဆရာဝန်က အားဆေးသွင်းပေးပြီးပြန်သွားသည်။

ဆရာဝန်ပြန်သွားပြီး ဆယ်မိနစ်ပင်မကြာပါ .. မောင်ဇလက အိပ်ပျော်သွားလေသည်။

မသူဇာတို့လင်မယားကတော့ ဆရာဝန်ပြောင်းပြဖို့ကိစ္စကို ဗမာဆေးဆရာပယောဂကုဆရာနှင့် ပြသင့် မပြသင့် ဝေဖန်သည့်ကိစ္စများဖြင့် ညဉ့်နက်မှပဲအိပ်ပျော်သွားကြလေသည်။

သူတို့အိပ်မောကျလို့မှမကြာခင်မှာပင် ကြမ်းတမ်းသောအခန်းတံခါးခေါက်သံကြောင့် လန့်နိုးရလေသည်။

ရုတ်တရက် ကြောင်အနေမိပြီးမှ အိပ်ခန်းတံခါးကိုပြေးဖွင့်မိသည်။

အခန်းအပြင်တွင် ဒေါသမျက်နှာဖြင့်ရပ်တန့်နေတာက မောင်ဇလပဲဖြစ်လေသည်။

* * * * * * * * *

အခန်း (၆)

“ဟင် .. မောင်လေး ..”

မသူဇာက တအံ့တသြခေါ်လိုက်မိသည်။

ခင်ပွန်းသည်ဖြစ်သူကလည်း အံ့အားတသင့်ပင်မေးလေသည်။

“မောင်ဇလ ဘာဖြစ်လို့လဲ ..”

တကယ်ဆို ဆရာဝန်ကမိုးလင်းသည်အထိအိပ်စေရန် ဆေးပေးထားခဲ့တာဖြစ်သည် .. အခုညဉ့်လယ်ပင်ရှိသေးသည် .. မောင်ဇလကနိုးလာသည့်အတွက် အံ့သြရလေသည် .. ပို၍အံ့သြစရာကောင်းနေတာက မောင်ဇလ

ဓါးမျက်နှာသည့် ဒေါသများဖြင့် သုန်မှုန်နေတာပဲဖြစ်လေသည်။

"မောင်လေး .. ဘာဖြစ်လို့လဲကွယ် .. မထိတ်သာ မလန့်သာရှိလိုက်တာ .."

"အခုပဲ နေမင်းသမီးလေး ကျွန်တော့်အိပ်မက်ထဲကို လာသွားတယ်ဗျ .. မနေ့မနက်တုန်းက မမတို့လင်မယား ကျွန်တော့်နောက်ကိုလိုက်လာလို့ သူ ကျွန်တော့်ဆီကို မလာတော့တာတဲ့ဗျ .."

"ဘုရားရေ .."

ဘုရား တလိုက်မိပြီး မသူဇာတို့လင်မယားက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။

သူတို့လင်မယားသည် မောင်ဗလ မသိအောင် နောက်ယောင်ခံလိုက်သွားခဲ့ကြခြင်းဖြစ်သည် .. မသူဇာတို့ လိုက်ပါလာတာကိုလည်း မောင်ဗလ လုံးဝမသိတာသေချာသည်။

အခု နေမင်းသမီးက အိပ်မက်ထဲမှာ လာပြောသွားသတဲ့ .. ထူးခြားဆန်းကြယ်တာတော့ အမှန်ပဲဖြစ်လေသည် .. ဒီအတိုင်းဆိုလျှင် မောင်ဗလ အိပ်မက်မက်တာ

တွေတာ တကယ်ပဲလား .."

မောင်ဗလကို အိပ်မက်ပေးပြီးပြောချင်ရာတွေပြောနိုင်တယ်ဆိုတော့ နေမင်းသမီးဆိုတာ လူမှဟုတ်ရဲ့လား။

အတွေးကြောင့် မသူဇာက ခေါင်းနပမ်းကြီးသွားရလေသည်။

"မောင်လေး .. မင်း ဘာတွေပြောနေတာလဲ .."

"မနေ့က၊ ကျွန်တော် နေမင်းသမီးလေးချိန်းထားလို့ ရွှေတိဂုံဘုရားကိုသွားတော့ မမနဲ့အစ်ကိုကြီးကျွန်တော့် နောက်ကနေလိုက်ကြတယ်တဲ့ .. အဲဒါကိုမကြိုက်လို့ နေမင်းသမီးလေးက ကျွန်တော့်ကိုလာမတွေ့တာတဲ့ .. ရက်စက်လိုက်ကြတာဗျာ .. ကျွန်တော့်မှာတော့ တွေ့ချင်လွန်းလို့ မျှော်လင့်တကြီးနဲ့သွားခဲ့ရတယ် .. မမတို့က ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေကို လိုက်ဖျက်ဆီးနေကြတာပဲဗျ .. အခု နေမင်းသမီးလေးကို တွေ့ရဖို့အခွင့်အရေး ဆုံးရှုံးသွားပြီ .. ကျွန်တော့်ဘဝကြီးတစ်ခုလုံး ပျက်စီးသွားပါပြီဗျာ .."

ဒေါသဖြင့်ပြောနေရင်းမှ မောင်ဗလသည် စိတ်ဓာတ်အကြီးအကျယ်ကျသွားသည့်လူတစ်ယောက်လိုခေါင်းငိုက်

စိုက်ကျသွားပြီး မသူဇာတို့၏ အိပ်ခန်းအဝမှာပင် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေတော့သည်။

"မောင်ဗလရယ် .. အစ်ကိုကြီးတို့ကို အထင်မလွဲပါနဲ့ .. မင်းနောက်ကို ဘယ်သူမှမလိုက်ရပါလားကွာ .. အစ်ကိုကြီးလဲ ရုံးသွားတာပဲ .. မင်း မမလဲ အိမ်မှာ တစ်ချိန်လုံးရှိနေတာပဲလေ .."

ခင်ပွန်းဖြစ်သူက သူမကို အသာနေဖို့လက်ပြပြီး မောင်ဗလကို ဖြောင့်ဖြောင့်ကွယ်ကွယ်သည် .. မောင်ဗလက ခေါင်းကိုတွင်တွင်ခါယမ်းပြီး စိတ်ပျက်လက်ပျက် ပြန်ပြောလေသည်။

"မညာပါနဲ့ဗျာ .. ကျွန်တော့်ကို မညာကြပါနဲ့ .. နေမင်းသမီးကို ကျွန်တော်ယုံတယ် .. သူကမဟုတ်တာကို ဘယ်တော့မှပြောမှာမဟုတ်ဘူး .. မနေ့ကသာ အစ်ကိုကြီးနဲ့မမ ကျွန်တော့်နောက်ကလိုက်မလာခဲ့ရင် နေမင်းသမီးလေးက ကျွန်တော့်ကို သူနေတဲ့စံအိမ်ဆီအလည်ခေါ်မှာဗျ .. အခုတော့ တွေ့ခွင့်တောင်မရလိုက်ပါဘူးဗျာ .."

မောင်ဗလစကားကြောင့် မသူဇာ အလန့်တကြား ပြောလိုက်မိသည်။

"ဘုရားရေ .. အလည်ခေါ်မယ် ဟုတ်လား .. လိုက်မသွားပါနဲ့ မောင်ဗလရယ် .. မမ တောင်းပန်ပါတယ် .. ဘာမှန်းမသိတဲ့မိန်းကလေးတစ်ယောက်နောက်ကို မလိုက်ပါနဲ့ .. ပတ်လဲမပတ်သက်ပါနဲ့ကွယ် .. မင်း .. မင်း ပြောနေတဲ့မိန်းကလေးတစ်ယောက်ဟာ လူ ရော ဟုတ်ရဲ့လား .."

"ဘာကြောင့် လူမဟုတ်ရမှာလဲဗျ .. ကျွန်တော့်ကို အရူးလို့ထင်နေကြတာလား .."

မောင်ဗလက ဒေါသတကြီးထရပ်ပြီး ပြန်အော်ပြောသည် .. ခါတိုင်း အစ်မကိုဒေါသတကြီး ပြန်အော်ဖို့မဆိုထားနှင့် လေသံမာမာနှင့်ပင်ပြန်မပြောတတ်ဘဲ အခုမှ ပြောင်းလဲသွားရသည့်အတွက် မောင်လေးကိုတော့ တစ်စုံတရာကနှောင့်ယှက်ဖျက်ဆီးထားပြီဟု မသူဇာကအတပ်တွေးလိုက်မိတော့သည်။

"မသူဇာ .. ဘာတွေလျှောက်ပြောနေတာလဲ .. မောင်ဗလကလဲ အေးအေးဆေးဆေး ပြောပါကွာ .. လာ .. လာ .. အစ်ကိုကြီးတို့အိမ်ရှေ့ခန်းမှာထွက်ထိုင်ရအောင် .. မသူဇာရေ ကော်ဖီပဲဖြစ်ဖြစ် နွားနို့ပဲဖြစ်ဖြစ် စီစဉ်ပါလား

.. အိပ်မောကျနေရင်သာ ဝမ်းဟာနေတာကို မသိသာပေမဲ့ အိပ်မပျော်ဘဲနိုးနေရင် သိသိသာသာကြီးကို ဆာလာရော.."

ခင်ပွန်းသည်က အခြေအနေကိုဝင်ထိန်းပြီး မောင်ဗလကို ပခုံးလေးဖက်၍ အိမ်ရှေ့ခန်းဆီသို့ခေါ်သွားလေသည်။

ဒီတော့မှ မသူဇာက စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် မီးဖိုခန်းထဲဝင်ကာ ကော်ဖီတစ်အိုး နှပ်လိုက်မိသည် .. လက်ကသာအလုပ်လုပ်နေပေမဲ့ အတွေးတွေကတော့ ယောက်ယက်ခတ်နေမိသည် .. သူမ တွေးမိတာက နေမင်းသမီးလေးဟု မောင်လေးက အမည်ပေးထားသူ မိန်းကလေး၏အကြောင်းပဲဖြစ်သည်။

ထိုမိန်းကလေးသည် လူတစ်ယောက်လုံးဝမဟုတ်နိုင်ဟု သူမကတွေးမိသည် .. လူတွေဟာ တစ်ယောက်နဲ့တစ်ယောက်အိပ်မက်ပေးလို့မှမရတာပဲ .. အခုနေမင်းသမီးဆိုတာကတော့ မောင်လေးကိုအိပ်မက်ပေးနေတာ နှစ်ရက်တောင်ရှိနေလေပြီ .. အိပ်မက်မမက်ပါပဲ မက်ပါသည်ဟု မောင်လေးကတော့ညာပြောမည်မဟုတ်ပါ .. မောင်လေးတကယ်ခံစားနေရခြင်းဖြစ်ကြောင်း မသူဇာကောင်းကောင်းသိသည်။

ဒါဆို ဘာလုပ်ပေးရမလဲ ..

ဘယ်လို ဆရာသမားတွေနဲ့တိုင်ပင်ဆွေးနွေးပြီး မောင်လေးခံစားနေရတာတွေကို ပျောက်အောင်ကုသပေးရမလဲ .. တွေးရတာနှင့်ပင် ရင်ပူစရာကောင်းလွန်းလှသည်။

မောင်လေးကို နာနာဘာဝတွေကများနှောင့်ယှက်နေတာလား .. ဘုရားရင်ပြင်ပေါ်မှာ တွေ့တာဆိုတော့ နာနာဘာဝဆိုတာထက် ဥစ္စာစောင့်ဖြစ်ဖို့ကပိုများသည်ဟု တွေးမိပြန်သည်။

တွေးရင်း မသူဇာက ကြက်သီးထချင်သလိုလို ခေါင်းနားပန်းကြီးလာသလိုလို ကျောချမ်းလာသလိုလိုခံစားရပြန်သည်။ မီးဖိုဆောင်ပြတင်းပေါက်များကို မကြည့်ရဲအောင်ဖြစ်လာမိလေသည်။

လူတွေ၏စိတ်သဘောကလည်း ထူးဆန်းသည် .. မကြောက်ဘူး ဆိုသည့် စိတ်ကို နှလုံးသွင်းထားလျှင်တော်ရုံတန်ရုံကြောက်စိတ်မဝင်မိသော်လည်း ကြောက်စိတ်ကို လက်ခံလိုက်တာနှင့် နေစရာမရှိအောင် ကြောက်မိလာလေတော့သည်။

ပြတင်းပေါက်မှန်ချပ်တွေကနေ တစ်ယောက်ယောက်

ကပဲ ချောင်းမြောင်း ကြည့်ရှုနေသလိုလို တစ်စုံတရာ တီးတိုးပြောနေသံမျိုးကိုပင် ကြားနေရသလိုလို ခံစားမိပြီး တစ်ယောက်တည်း မနေရဲတော့သည့်အဆုံး သူမက ကော်ဖီအိုးကိုပင်မယူနိုင်တော့ဘဲအိမ်ရှေ့ခန်းသို့ကမူးရှူးထိုး ပြေးထွက်မိသွားသည်။

"ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ မသူဇာ .. "

အလဲလဲအပြိုပြိုဖြစ်လာသည့် သူမကို ခင်ပွန်းသည်က စိုးရိမ်တကြီးမေးပြီး မောင်ဇလကတော့ စူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေလေသည်။

"ကျွန်မ ကျွန်မကြောက်လို့ .."

"မင်းကွာ .. ဘယ်တုန်းကမှ မကြောက်ဖူးဘဲနဲ့ .. အခုမှ ထူးထူးဆန်းဆန်း .. ဘာကိုကြောက်နေရတာလဲ"

"မသိပါဘူး ရှင် .. မောင်လေးရဲ့အိမ်မက်ကိစ္စကို တွေးပြီး နေလို့မရအောင် ကြောက်လာခဲ့တာ .."

"ကဲ .. ကဲ .. ထိုင် .. ထိုင် .. ကိုယ်ပဲ ကော်ဖီ သွားဖျော်ခဲ့မယ် ဟုတ်လား .."

"ကျွန်မ အားလုံးလုပ်ထားပြီးပါပြီ .. စားပွဲပေါ်မှာ အဆင်သင့်ပါပဲ .."

"ဒါဆိုလဲသွားယူလိုက်မယ် .. မောင်ဇလ ပေါင်မုန့် မီးကင်လေးဘာလေး စားချင်လားကွ .. အားမနာနဲ့နော် .. အစ်ကိုကြီးလုပ်ပေးမယ် .."

"ကျွန်တော် ဘာမှမစားချင်ဘူး .."

မောင်ဇလ၏အသံက ခြောက်ကပ်အက်ကွဲနေပြီး အသက်မဲ့လွန်းနေသည့်အတွက် မသူဇာ၏ စိုးရိမ်စိတ်များ က ငယ်ထိပ်သို့ တက်ဆောင့်ပြန်သည်။

မောင်လေးကို ရှူးအောင်နှမ်းအောင်ပြုစားထားလေ သလားဟု တွေးမိပြီး မသူဇာက မောင်လေးအနားသို့ အလျင်စလို တိုးကပ်သွားမိသည်။

"မောင်လေး .. မောင်လေး .. မမကို ကြည့်စမ်း ပါကွယ် .. မောင်လေးနဲ့ ဘုရားပေါ်မှာ တွေ့ခဲ့တဲ့ မိန်း ကလေးက ဘာတွေပြောသလဲ .. ဘာပြောကျွေးသလဲ .. သူ .. သူဟာ လူမှဟုတ်ရဲ့လား မောင်လေးရယ် ..."

မောင်ဇလက သူမကို လုံးဝမကြည့်ပါ .. သူမ ပြောနေတာတွေကိုပင်ဂရုမစိုက်ဘဲ အိမ်ရှေ့တံခါးမကြီးဆီ သို့သာ ငေးကြောင်ကြည့်နေတာ တွေ့ရသည်။

"မောင်လေး .. မောင်လေး .."

မသူဇာက မောင်ဗလကို အတင်းလှုပ်ခါပြီး ခေါ်သည့်အချိန်မှာပင် သူမ၏ခင်ပွန်းသည်ကလည်း ကော်ဖီခွက်များနှင့် အနားသို့ ရောက်လာလေသည်။

"အစ်ကို လုပ်ပါဦး မောင်လေးကို ခေါ်ပါဦး .."

"မောင်လေး မောင်ဗလ .. "

သူမက စိုးရိမ်စိတ်တွေမွန်ပြီး ငိုသံပါလာသည့်အချိန်တွင် မောင်ဗလ ထံမှစိတ်ပျက်လက်ပျက် အော်ဟစ်လိုက်သည့် အသံကို ကြားရလေသည်။

"ဟာဗျာ သွားပြီ သွားပြီဗျာ .. "

"ဘာလဲညီလေး ဘာဖြစ်လို့လဲ အစ်ကိုကြီးကို ပြောလေ .. မသူဇာ မင်း အေးအေးဆေးဆေးနေစမ်းပါကွာ"

ခင်ပွန်းသည်က မျက်နှာရိပ်မျက်နှာကဲပြု၍ နောက်ဆုတ်ခိုင်းသည့်အတွက်ကြောင့်သာ မသူဇာကနောက်ဆုတ်လိုက်ရသော်လည်း ရင်ထဲမှာတော့ ပိုဆိုးရွားလာသည့် မောင်ဗလ၏အနေအထားကြောင့် မီးတောက်လောင်နေပြီဖြစ်သည်။

"ကဲ .. မောင်ဗလ .. ဘာဖြစ်လဲ .. အစ်ကိုကြီးကို ပြော"

"သွားပြီဗျာ .. သွားပြီ .. ခြံတံခါးဝကို ရောက်လာပြီးမှ နေမင်းသမီးလေး ပြန်ထွက်သွားပြီ .. အဲဒါကျွန်တော့်ကို အိပ်မက်မေးဖို့လာတာဗျ .. မမကြောင့် မမကြောင့် .. သွားပါပြီဗျာ .. ကျွန်တော်အိပ်ပျော်နေတာကို မမ လာနှိုးပစ်လိုက်တာ .. ခေါင်းငိုက်စိုက်ကျသွားသည့်မောင်ဗလကို ကြည့်ပြီး မသူဇာက အော်ဟစ်မငိုမိအောင် ထိန်းချုပ်ထားရလေသည်။

ကြည့်နေရင်း အခြေအနေတွေက ပိုဆိုးလာတာပဲဟု မသူဇာတို့လင်မယားက သဘောပေါက်မိသော်လည်း အမြင်ချင်းတော့ မတူညီပါ။

မသူဇာက မောင်ဗလကို နာနာဘာဝ သော်လည်းကောင်း .. ဥစ္စာစောင့်သော်လည်းကောင်း ပြုစားဖမ်းစားထားပြီဟု ထင်မြင်ယူဆနေတာဖြစ်သည်။

ခင်ပွန်းသည် ကိုဘမျှင်ကတော့ မောင်ဗလကို သွေးလေချောက်ချားပြီး မြင်ချင်ရာမြင် ပြောချင်ရာတွေပြောဆိုနေကာ စိတ်ကစဉ့်ကလျား ရောဂါဝင်နေပြီ ဟု ယူဆနေတာ ဖြစ်သည်။

"ကျွန်မတို့ဘာလုပ်ကြမလဲ .. အို .. မေ့နေလိုက်

တာ .. ဘုရားခန်းထဲမှာ သိမ်ဝင်ပုတီးတစ်ကုံး ရှိတယ် .. အဲဒါ .. အဲဒါသွားယူဦးမှပဲ "

"သိမ်ဝင်ပုတီး .. ဘာလုပ်မလို့လဲ မသူဇာ .. မောင်ဗလကို ပုတီးစိပ်ခိုင်းမလို့လား .. ဒီအချိန်မှာ ပုတီးစိပ်ခိုင်းလို့ ရလိမ့်မယ်လို့တော့ ကိုယ်မထင်ဘူး .."

"မဟုတ်ပါဘူး .. မောင်လေးကို သိမ်ဝင်ပုတီး စွပ်ပေးမလို့ .. အဲဒါ ပုတီးက ပယောဂအနှောင့်အယှက်တွေကို နိုင်နင်းတယ်လို့ ကျွန်မမိဘတွေပြောဖူးတယ်"

"မဟုတ်တာကွာ .. ဘယ်က ပယောဂအနှောင့်အယှက်ဖြစ်ရမှာလဲ .. မနက်ဖြန်ခါ စိတ်ရောဂါကုဆရာဝန်ကြီးနဲ့သွားပြလိုက်ရင် ကောင်းသွားမှာပါ ..."

"ကျွန်မကတော့ ဆရာဝန်ထက် ဗိန္ဒောဆရာနဲ့ပဲပြချင်တယ် .."

"မင်းအတွေး တွေ ချော်နေပြီ မသူဇာ .."

သူမတို့လင်မယားငြင်းခုန်နေကြဆဲမှာပင် မောင်ဗလက ဝုန်းခနဲ ထရပ်သည်။

"နေမင်းသမီးလေးနဲ့ အိပ်မက်ထဲမှာ တွေ့ဖို့ ကျွန်တော်သွားအိပ်တော့မယ် .. ဘယ်သူမှလာမနှောင့်ယှက်

ပါနဲ့ .."

ပြောပြောဆိုဆို လှည့်ထွက်သွားသည့်မောင်လေးကို မတားနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့်သာ ငေးကြည့်နေလိုက်ရတော့၏။

ထိုညက မသူဇာတို့ လင်မယားနှစ်ယောက်စလုံး ပြန်လည်အိပ်စက်လို့မရတော့ဘဲ ငုတ်တုတ်မိုးလင်းခဲ့ရလေသည်။

သို့သော် မောင်ဗလကတော့ အခန်းတံခါးပိတ်၍ ငြိမ်သက်သွားသည်မှာ မိုးစင်စင်လင်းသည်အထိပင်ဖြစ်လေသည်။

* * * * * * * * *

အခန်း(၇)

နောက်နေ့မနက်ကို ရောက်တာနှင့် မောင်ဗလ တစ်ယောက် မနေ့ကလိုမျိုး ရွှေတိဂုံဘုရားကို သွားလျှင် နောက်က လိုက်သင့်မလိုက်သင့် လွှတ်သင့်မလွှတ်သင့် ကိစ္စကို မသူဇာတို့လင်မယားက အချေအတင် ဆွေးနွေး ရလေသည်။

"ကျွန်မကတော့ မောင်လေးကို ဘယ်နေရာကိုမှ ပေးမသွားတော့ဘူးလို့ ဆုံးဖြတ်ထားတာပဲ ..."

"ဘယ်ဖြစ်မလဲ မသူဇာ .. သူ့ကိုချုပ်ချယ်လိုက်ရင် ပိုဆိုးသွားတော့မှာပေါ့ .."

"အို .. ဒါဆို ဒီအတိုင်း လွှတ်ထားရမှာလား .. အဲဒါမှပိုဆိုးမှာရှင့် .. မောင်လေးကို ဘယ်သူကများ အငြိုးအတေးထားပြီး မကောင်းတဲ့အတတ်တွေနဲ့ ပြုစားနေသလဲ မသိပါဘူး အစ်ကိုရယ် .. ဘယ်လိုဆရာနဲ့ ကုရမယ်ဆိုတာ ကျွန်မဖြင့် မစဉ်းစားတတ်အောင်ပါပဲ .. ဘယ်သူနဲ့ တိုင်ပင်ကြည့်ရင်ကောင်းမလဲ မသိဘူး .."

ခင်ပွန်းသည်က သူမကို တအံ့တသြကြည့်သည်။

"အဲဒီလိုမျိုးပြုစားတာတွေ ပယောဂဆိုတာတွေကို မင်း ဝေကယ်ပဲယုံကြည်သလား မသူဇာ .."

မသူဇာက အဖြေရအတော်ခက်သွားသည် .. အလျင်က ဒီလိုကိစ္စတွေသည် သူမနှင့် ပတ်သက်ရန် အဝေးကြီးမို့ ယုံကြည်ဖို့အတွက်လည်း စိတ်မကူးမိသလို စိတ်ပါဝင်စားခြင်းလည်း မရှိခဲ့ပါ .. တကယ့်ကိုမှအစိမ်း သက်သက်ဖြစ်သည်။

ယခု ကိုယ်နှင့်ပတ်သက်စပ်ဆိုင်လာပြီမို့ ဟိုတုန်းက မယုံခဲ့တာကိုပင် ယိုးမယ်ဖွဲ့နေရတာ ဖြစ်သည်။

"ယုံတော့ မယုံဘူးပေါ့ .. အဲ .. ဒါပေမဲ့ အခု မောင်လေး ဖြစ်နေတာ ပြောဆိုနေတာတွေက အဲဒီ အဲဒီ

လိုမျိုးကြီး ဖြစ်နေတယ်မဟုတ်လား .. အစ်ကိုစဉ်းစားကြည့်လေ .. သူပြောနေတဲ့မိန်းကလေးက သူ့ကို စကားပြောချင်တဲ့အခါ အိပ်မက်ပေးပြီးပြောတယ်ဆိုကတည်းက ဒါ လူဟုတ်ပါတော့မလား .. ကျွန်မအထင်တော့ နာနာဘာဝလား ဥစ္စာစောင့်မလား တစ်ခုခုပါပဲ .."

"မင်း ဘာတွေပြောနေတာလဲ မသူဇာ .. ခေတ်ပညာတတ်တစ်ယောက်လုပ်နေပြီး သက်သေမပြနိုင်တဲ့အရာတွေကို ယုံမနေစမ်းပါနဲ့ကွ .."

"အို .. ဒါဆိုရင် မောင်လေး ဘာဖြစ်နေတာလို့ အစ်ကိုပြောမလဲ .."

"ဆေးပညာရှုထောင့်က ကြည့်ရရင် မောင်ဗလဖြစ်နေတာ စိတ်ကစဉ့်ကလျား ဖြစ်နေတာကွ .. ကိုယ့်အထင်နဲ့ဆက်စပ်ကြည့်ရရင် ဘုရားပေါ်မှာ မိန်းမချောမိန်းမလှလေးတစ်ယောက်ယောက်ကို သူ တကယ်ပဲ တွေ့လာပါလိမ့်မယ် .. တွေ့ပြီး စွဲလမ်းသွားရာကနေ အခုလိုမျိုးဖြစ်သွားတာပဲဖြစ်မှာပါကွာ .. သူ့ကို အိပ်မက်ပေးတယ်ဆိုတာလဲ သူ့စိတ်ထဲက ထင်ရာမြင်ရာတွေပဲဖြစ်မှာပါ .."

မသူဇာက ခင်ပွန်းသည်ပြောတာကို ဘယ်လိုမှ

လက်မခံနိုင် .. ထို့ကြောင့် စောဒကတက်မိသည်။

"အစ်ကိုပြောသလိုဆိုရင် မောင်ဗလက သူ့နောက်ကို ကျွန်မတို့နောက်ယောင်ခံလိုက်ကြည့်ခဲ့တဲ့အကြောင်းကို ဘာကြောင့်ပြောပြနိုင်ရတာတဲ့လဲ .."

"ဒါ တိုက်ဆိုင်မှုတစ်ခုပဲ ဖြစ်မှာပေါ့ကွာ .."

သူမက ဘယ်လိုမှ အဝင်မကျနိုင်သေးသည့်အတွက် ခေါင်းခါယမ်းပြီးထပ်ပြောလိုက်သည်။

"အစ်ကိုပြောတာ လုံးဝ မဖြစ်နိုင်ဘူးနော် .. တက္ကသိုလ်ကျောင်းသားတစ်ယောက်ဟာ မိန်းမချောမိန်းမလှတစ်ယောက်ကို မြင်တာနဲ့ စိတ်ကစဉ့်ကလျားဖြစ်သွားရတယ်ဆို[illegible] လုံးဝမဖြစ်နိုင်ဘူး .. အထူးသဖြင့် .. မောင်လေးလို တည်ကြည်ပြီး လူကြီးဆန်ဆန်နေတတ်တဲ့ လူငယ်တစ်ယောက်အဖို့ သာလို့တောင် မဖြစ်နိုင်ဘူး အစ်ကို.."

သူမပြောလိုက်သည့်စကားကို ချက်ချင်းမတုံ့ပြန်နိုင်ဘဲ ခင်ပွန်းသည်က ငြိမ်သွားသည့်အတွက် သူမက ထပ်ပြောလိုက်သည်။

"တကယ်လို့ မိန်းကလေးတစ်ယောက်ကြောင့်

ကျွန်မမောင်လေးရဲ့စိတ်တွေ ဖောက်ပြန်သွားတယ်ဆိုရင်လဲ အဲဒီမိန်းကလေးဟာ အတော့်ကိုလှမှဖြစ်မှာ .. ကျွန်မ ကြားဖူးတာတော့ ဥစ္စာစောင့်တွေဟာ သိပ်လှသတဲ့ .. ဒီတော့ မောင်လေးတွေ့လာခဲ့တဲ့ မိန်းကလေးဟာ လူ မဟုတ်ဘဲ ဥစ္စာစောင့်မဖြစ်နိုင်ဘူးလား.. ဘုရား .. ဘုရား .. ပြောရင်းနဲ့တောင် ကြက်သီးမွေးညှင်းတွေ ထလာတယ် ရှင် .."

"ဟာကွာ .. မဟုတ်မဟာတ်တွေ .. ဥစ္စာစောင့် ဆိုတာကိုရော မင်း မြင်ဖူးလို့လား မသူဇာ .. ဒီစကား တွေ မောင်ဗလကို သွားမပြောမိစေနဲ့ .. တော်ကြာ .. တစ်စွဲကနေနှစ်စွဲဖြစ်သွားပြီး အစွဲချွတ်ရခက်သွားလိမ့်မယ်"

"ဥစ္စာစောင့်ကို မြင်တော့မမြင်ဖူးဘူးပေါ့ အစ်ကို ရယ် .. ဒါပေမဲ့ လောကမှာ မမြင်ဖူးတိုင်း မရှိဘူးလို့ ပြောလို့ရမှာတဲ့လား .. ကျွန်မကတော့လေ မောင်လေး ကို ဆရာဝန်နဲ့သွားပြပြီး အနာတခြား ဆေးတခြားဖြစ် သွားမှာ သိပ်စိုးရိမ်တာပဲ .."

သူမကို ကြည့်ပြီး ခင်ပွန်းသည်ကစိတ်ပျက်ဟန် ဖြင့် ခေါင်းခါယမ်းသည် .. ပြီးတော့မှ စိတ်မသက်သာ

ဟန်ဖြင့် မေးလေသည်။

"နေပါဦး မသူဇာ .. တကယ်လို့ မောင်ဗလက စိတ်ဝေဒနာခံစားနေရတာကို ဆရာဝန်နဲ့မကုမိဘဲ ပယောဂ ဆရာယောင်ယောင် ဗိန္ဓောဆရာယောင်ယောင်တွေနဲ့ကုနေ မိလို့ ရေတိမ်နစ်ရမှာမျိုးကိုရော မင်း မစိုးရိမ်ဘူးလား .."

ထိုမေးခွန်းကို မဖြေနိုင်သည့်အတွက် မသူဇာက ချုံးပွဲချပြီး ငိုပစ်လိုက်မိလေတော့သည်။

"ကျွန်မ .. ကျွန်မ ဘာလုပ်ရမလဲ မသိတော့ပါ ဘူး .."

မသူဇာတို့လင်မယားနှစ်ယောက်သည် အဖြေမရ သေးသည့်ဆွေးနွေးပွဲကို ခေတ္တခဏရပ်ထားဆဲ အိပ်မှုန် စုံမွှားပုံစံမျိုးဖြင့် မောင်ဗလက အခန်းထဲမှ ဒယီးဒယိုင် ထွက်လာသည်။

ဘုရား သွားဦးမှာလားဟု တွေးနေသော်လည်း တကယ်တမ်းမှာတော့ မောင်ဗလက ဘုရားသွားမည်ဟု လည်းမပြော အိပ်မက်အကြောင်းလည်းမပြော တခြား စကားများကိုလည်းမပြောဘဲ ရေကိုသာတစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပြီး အိပ်ခန်းထဲသို့ပြန်ဝင်ကာ တံခါးပိတ်ပစ်

လိုက်လေသည်။

ဆေးခန်းသွားဖို့ခေါ်သော်လည်း လုံးဝထွက်မလာ ထမင်းလည်းထွက်မစား .. မည်သူနှင့်မှလည်း အဆက်အသွယ် မလုပ်ဘဲ မောင်ဗလသည် အိပ်ခန်းထဲ၌သာ တိတ်ဆိတ်စွာ တစ်နေကုန်အောင်နေနေတော့သည်။

မသူဇာတို့မှာတော့ မောင်ဗလကို ဘယ်လိုကိုင်တွယ်ရမည်မှန်းမသိဘဲ အခက်တွေ့ရလေသည်။

ဘယ်သူ့ကို အကူအညီတောင်းရမည်မှန်းမသိ .. မောင်ဗလရူးသွားပါပြီဟု ပတ်ဝန်းကျင်သို့သတင်းပြန့်သွားလျှင်လည်း အတော်ရှက်ဖို့ကောင်းမှာ သေချာသည်။

အဆိုးဆုံးကတော့ ထမင်း လုံးဝထွက်မစားခြင်းပဲဖြစ်လေသည် .. အခန်းထဲတွင် တစ်ယောက်တည်းနေပြီး သူကိုယ်သူ တစ်စုံတစ်ရာဒုက္ခပေးလေမည်လားဟု စိုးရိမ်၍ မတတ်သာသည့်အဆုံး၌ မောင်ဗလ၏တံခါးကိုသော့ဖျက်ပြီး အထဲသို့ရောက်အောင် ဝင်ရတော့သည်။

အဲဒီမှာတင် ထူးဆန်းသည့်အကြောင်းအရာများကို မောင်ဗလက စတင်ပြောဆိုလေတော့သည်။

မောင်ဗလ ပြောသော အကြောင်းအရာများသည်

အမှန်ဟုကယ်လား .. ရူးသွပ်ပြီး ပြောဆိုနေတာလားဆိုတာကိုတော့ မသူဇာတို့ လင်မယားနှစ်ယောက်စလုံး မဝေခွဲတတ်အောင် ဖြစ်ခဲ့ရတာကတော့ သေချာပါသည်။

* * * * * * * * *

အခန်း (၈)

"ဟာ .. မမတို့ ဘာဖြစ်လို့ဝင်လာရတာလဲဗျာ .. မှားသွားပြန်ပြီ .. အကြီးအကျယ်ကို မှားသွားပြန်ပြီ .."

သူမတို့လင်မယား အခန်းတံခါး သော့ဖျက်ပြီး ဝင်သွားလိုက်တာနှင့် မောင်ဇလက စိတ်ပျက်လက်ပျက် ပုံစံမျိုးဖြင့်ခေါင်းခါယမ်းကာ မှားသွားပြီဖြစ်ကြောင်းကိုသာ ထပ်ခါတလဲလဲ ပြောဆိုနေလေတော့သည်။

"ဘာမှားသွားလို့လဲ မောင်ဇလရယ် .. အစ်ကိုကြီးတို့ စိတ်အရမ်းပူလာလို့ ဒီလိုလုပ်ရတာပါ .. မင်းသာ ထမင်းစားရင် ဒီလိုလုပ်မှာမဟုတ်ဘူး .."

"ကျွန်တော်မှမဆာဘဲဗျာ ဆာရင်စားမှာပေါ့ .."

"အို .. ဘာကြောင့်မဆာရမှာလဲ .. မောင်လေး ထမင်းမစားတာ သုံးရက်ရှိပြီလေ .."

ဟု မသူဇာက ဝင်ပြောတော့ တည်ငြိမ်သည့် မျက်လုံးများနှင့် မောင်ဇလကပြန်ပြောသည်။

"အိမ်မှာသာမစားတာပါ .. နေမင်းသမီးလေးဆီမှာတော့ စားလာပါတယ် .. အဲဒါကြောင့် မဆာတာပေါ့"

"ဘုရားရေ .."

မသူဇာက ရင်ဘတ်ကို ဖိထားလိုက်မိသည်။

"ဘာ .. ဘာတွေစားလာခဲ့လို့လဲ .. အို .. ဘယ်တုန်းက တွေ့ရလို့လဲ ..."

"အိပ်မက်ထဲကနေ ကျွန်တော့်ကို ခေါ်သွားတာဗျ .. တကယ်သာယာခမ်းနားတဲ့နေရာကြီးဗျာ .. ဖြူဖွေးနေတဲ့နံရံတွေနဲ့ကာရံထားတဲ့အခန်းကြီးထဲမှာ ဖယောင်းတိုင်အကြီးကြီးတွေရှိတယ် .. အဲဒီ ဖယောင်းတိုင်တွေကို ဘယ်သူမှ မီးခြစ်နဲ့ မီးထွန်းလိုက်စရာမလိုဘူး နေမင်းသမီးလေးက မျက်လုံးနဲ့ တစ်ချက်စိုက်ကြည့်လိုက်တာနဲ့ပဲ မီးတွေက သူ့အလိုလိုထတောက်လာကြတာဗျ"

မောင်ဗလ၏မျက်လုံးများသည် စိတ်ဖောက်ပြန်နေသူတစ်ယောက်မျက်လုံးမျိုးမဟုတ်တဲ အကောင်းပကတိအတိုင်း တည်ငြိမ်နေတာကို တွေ့ရလေသည် .. လိမ်ညာပြောဆိုနေသည့်ပုံစံမျိုးလည်းမဟုတ်ကြောင်း မသူဇာတို့လင်မယားနှစ်ယောက်စလုံးက အကဲခတ်မိလေသည်။

အကယ်၍ ဒီအချိန်တွင် မောင်ဗလပြောတာတွေကို မယုံသလိုလုပ်လိုက်လျှင် ဒါမှမဟုတ် ဆန့်ကျင်ငြင်းဆန်လိုက်လျှင် နောက်တစ်ကြိမ် ထပ်မံ၍ ပြောပြတော့မည်မဟုတ်ကြောင်း သဘောပေါက်မိသည့်အတွက် မသူဇာတို့လင်မယားက နူးညံ့စွာ ချဉ်းကပ်ဖို့ ပြင်ဆင်လိုက်ရတော့သည်။

"အို .. ဆန်းလိုက်တာ မောင်လေးရယ် .. မမတို့ကို ပြောပြစမ်းပါဦးဟု ပြောပြောဆိုဆို မသူဇာက ခုတင်ပေါ်တွင် တင်ပါးလွှဲဝင်ထိုင်လိုက်သည်.. ခင်ပွန်းသည်လည်း စာကြည့်စားပွဲကကုလားထိုင်တွင် ဝင်ထိုင်ပြီး ယုံကြည်နွေးထွေးဟန်ဖြင့် မေးပြန်သည်။

"ပြောပါဦး မောင်ဗလ .. မင်းရောက်ခဲ့တဲ့နေရာက တော်တော်ပဲ ခရီးဝေးသလားကွ .."

"ကျွန်တော်မသိဘူး အစ်ကိုကြီး .. နေမင်းသမီးက ကျွန်တော့်ကို မျက်စိမှိတ်ခိုင်းထားတယ် .. သူကဖွင့်လို့ပြောမှ ဖွင့်ရမယ်လို့လဲပြောထားတယ်ဗျ .. မျက်စိမှိတ်ထားတာကနေ ပြန်ဖွင့်ခိုင်းလို့ ဖွင့်လိုက်တော့ နေမင်းသမီးရဲ့စံအိမ်တော်ကြီးရှေ့ကို ရောက်နေပြီဗျ .."

"စံအိမ်တော် ဟုတ်လား .."

"ဟုတ်တယ် .. ခမ်းနား ထည်ဝါလွန်းလို့ ကျွန်တော်က စံအိမ်တော်လို့ခေါ်လိုက်တာ .. အဲဒီလိုမျိုး မခေါ်ရဘူးလို့လဲ နေမင်းသမီးက မတားမြစ်ပါဘူး .."

သူမတို့လင်မယားက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိသည်.. ထို့နောက် ဆက်လက်မေးမြန်းမိလေသည်။

"နေပါဦး မောင်လေးရယ် .. အဲဒီ မိန်းကလေးရဲ့နာမည်က ဘယ်သူတဲ့လဲ .. အသက်ကရော ဘယ်လောက်ရှိပြီလဲ .."

မောင်လေးက ခေါင်းခါယမ်းပြသည်။

"နာမည်ကို ကျွန်တော်မသိဘူး၊ မမ .. နေမင်းသမီးလို့ပဲ ကျွန်တော်ကခေါ်မိတယ် .. သူကလဲ

မခေါ်ပါနဲ့လို့မတားဘူး .. နာမည်ဆိုတာဟာ သတ်မှတ်ချက်သေးသေးပါပဲတဲ့ .. အရေးလဲမပါလှပါဘူးတဲ့ ..”

ထိုစကားအဆုံးတွင် မသူဇာ၏ ခင်ပွန်းသည်က ဝင်ရောနှောပြီး စည်းရုံးပြန်သည်။

“ဟာ ဒါဆိုရင် အဲဒီ မိန်းကလေးဟာပညာဉာဏ်နဲ့ပြည့်စုံပြီး ရင့်ကျက်တာပဲကွာ .. အသက်ဘယ်လောက်ရှိပြီလဲ ..”

တကယ်တော့ သူမ၏ခင်ပွန်းသည် မောင်ဗလ ပြောပြနေသည့်အကြောင်းအရာများကို ယုံကြည်လို့မေးမြန်းနေခြင်းမဟုတ်ဘဲ ဆရာဝန်ကမေးလာလျှင် အသေအချာရောဂါဇစ်မြစ်ကို ပြောပြနိုင်ဖို့ မေးမြန်းနေခြင်းပဲ ဖြစ်လေသည်။

သို့သော် .. ထိုမေးခွန်းကို တည်ငြိမ်စွာ အဖြေပြန်ပေးသည့်မောင်ဗလ၏အဖြေကတော့ ယုတ္တိယုတ္တာကင်းမဲ့၍ ယုံနိုင်လောက်စရာ လုံးဝမရှိသောအဖြေပဲဖြစ်လေသည်။

“နေမင်းသမီးက သူ့အသက်ကို မပြောပြဘူးဗျ .. ဒါပေမယ့် .. ပုဂံပြည်မှာ သူ လှူဒါန်းတည်ဆောက်ခဲ့တဲ့ ပုထိုးတော်တစ်ဆူ ရှိတယ်တဲ့ .. အဲဒီ ပုထိုးတော်မှာ

ဘုရားကျွန်ငါးယောက်ကိုလဲ သူ လှူဒါန်းခဲ့သေးတယ်တဲ့”

မောင်ဗလ ပြောတာကို နားထောင်နေသည့် ခင်ပွန်းသည်၏မျက်နှာသည် ရယ်ချင်စိတ်ကို ချုပ်တည်းထားရသည့်အတွက် နီရဲနေလေသည် .. မသူဇာကတော့ မရယ်နိုင် .. ရယ်လည်းမရယ်ချင်ဘဲ အံ့ဩထိတ်လန့်စိတ်များကသာ သူမရင်ထဲသို့ အလုံးအရင်းဖြင့်ဝင်ရောက်နေလေတော့သည်။

ဘုရား .. ဘုရား .. မောင်လေးပြောသလိုသာဆိုရင် ဒီမိန်းကလေးရဲ့အသက်ဟာ အနှစ်တစ်ထောင်ကျော်ပြီလား ဟု တွေးမိပြီး ယုတ္တိမရှိမှန်း သိသိကြီးနှင့်ပင် သူမက ခေါင်နားပန်းကြီးသွားရလေသည်။

မောင်ဗလသည် သူ့အတွေ့အကြုံများကို စိတ်အားထက်သန်စွာ ပြောပြနေလေသည်။

“နေမင်းသမီးလေးရဲ့ စံအိမ်တော်ကြီးဟာ နန်းတော်ကြီးလိုပဲ အရမ်းခမ်းနားတယ် .. ဒါပေမယ့် နေမင်းသမီးလေးကို ကြည့်ရတာ သူ့နေရာမှာမပျော်သလိုပဲ .. ကျွန်တော်က နေမင်းသမီးလေးနဲ့အတူတူလာနေပါရစေလို့ ခွင့်တောင်းတော့လဲ ခွင့်မပြုဘူး .. သူနေရာနဲ့

ကျွန်တော်တို့နေရာမှာ အချိန်ကာလကွာဟချက်တွေရှိတယ်လို့တော့ ပြောတာခပဲ .. ကျွန်တော်လဲ နားမလည်ပါဘူးဗျာ .. နည်းနည်းတော့ ထူးဆန်းတယ် အစ်ကိုကြီး .. နေမင်းသမီးလေးရဲ့စံအိမ်ကြီးထဲမှာနေတုန်း ကျွန်တော့်လက်မှာ ပတ်ထားတဲ့နာရီကို ကြည့်လိုက်တော့ နာရီလက်တံတွေက ပြောင်းပြန်လည်နေကြတယ်ဗျ .."

"ပြောင်းပြန်လည်တယ် ဟုတ်လား .."

မသူဇာက တအံ့တဩ မေးလိုက်မိခြင်းဖြစ်သည် .. မိန်းမသားမို့ အထူးအဆန်းတွေ ကြားရသည်ကို စိတ်လှုပ်ရှားလျက်ရှိပြီး ယုံကြည်ရမလိုလို မယုံရမလိုလို ခံစားမိနေသော်လည်း သူမ၏ခင်ပွန်းသည်ကတော့စိုးစဉ်းမျှ ယုံကြည်ပုံမရဘဲ မောင်ဗလထံမှ နာရီကို တောင်းကြည့်သည် ..

"မင်းပတ်သွားတဲ့နာရီ အစ်ကိုကြီးကိုခဏလောက်ပြပါကွ .."

မောင်ဗလက မသူဇာမျက်နှာကို လှမ်းကြည့်ပြီး မဝံ့မရဲ ပြန်ပြောသည်။

"နာရီက ပျက်သွားပြီ .. ကျွန်တော့်မွေးနေ့ကမှ

မွေးနေ့လက်ဆောင်ပေးထားတဲ့ နာရီအကောင်းစားကြီးပျက်စီးသွားလို့ စိတ်မကောင်းပါဘူး .."

အိုမီဂါနာရီ အကောင်းစားကြီး ပျက်သွားသည်ဆိုတာကြောင့် မသူဇာက နှမြောသွားသည်။

"ရပါတယ် မောင်ဗလ .. နာရီပဲ ပျက်ရင်ပြန်ပြင်လို့ရပါတယ်ကွ .. မှန်းစမ်း .. အစ်ကိုကြီးကို ပြ .."

မောင်ဗလက တွန့်ဆုတ်စွာ ပြန်ဖြေသည်။

"အစ်ကိုကြီးကြည့်ချင်ရင်တော့ ပြပါ့မယ် .. ဒါပေမဲ့ .. နာရီကတော့ ပြန်ပြင်လို့ ရမှာမဟုတ်တော့ပါဘူး .."

မြွေရင်း မောင်ဗလက ခေါင်းအုံးအောက်ထဲသို့ ထိုးသွင်းထားသည့်နာရီလေးကို ထုတ်ယူပြသည် .. အသစ်စက်စက်ရွှေရောင်နာရီကလေးသည် မီးကျွမ်းခံစားရသလို မည်းနက်နေတာကို အလျင်တွေ့ရသည် .. အံ့အားတသင့်ယူကြည့်လိုက်တော့ နာရီမှန်ကလေးပါ ကွဲကြေနေပြီး စက္ကန့်တံ မိနစ်တံကလေးများက ကောက်ကွေးလိမ်နေကြသည် .. ဒီတစ်ခါတော့ သူမ မမေးရသေးခင်မှာပင် ခင်ပွန်းသည်ထံမှ တအံ့တဩ မေးမြန်းသံကို ကြားရသည်။

"ဟာ .. ဘယ်လိုဖြစ်သွားတာလဲကွာ ... "

"ဟုတ်ပါရဲ့ မောင်လေးရယ် .. ဒီလောက်တောင် ပျက်စီးသွားရအောင် ဘယ်လိုဖြစ်ရတာလဲ ... "

မသူဇာကပါ ဝင်မေးမိသည်။

မောင်ဗလက ချက်ချင်းမဖြေပါ။

"ပြောပါဦး မောင်လေးရယ် .. နာရီတစ်လုံးလုံး ဒီလောက်ကြီးပျက်စီးသွားရအောင် ဘာတွေဖြစ်လာခဲ့သလဲ"

မေးနေရင်းမှ အတွေးတစ်ခုကြောင့် မသူဇာက အထိတ်တလန့် ဖြစ်သွားရသည်။

မောင်ဗလပြောတာက သူ့ နေမင်းသမီး ဆိုသည့် မိန်းကလေးထံသို့ အိပ်မက်ထဲတွင်ရောက်သွားတာဟုပြော ခြင်းဖြစ်သည် .. ဒါဆို နာရီက ဘာကြောင့်ပျက်စီးလာ ရတာလဲ .. အိပ်မက်ဆိုတာက တကယ့်အဖြစ်မှမဟုတ်ဘဲ သူမ အတွေးမဆုံးခင်မှာပင် မောင်ဗလက သက်ပြင်းချပြီး ပြောသည်။

"တကယ်တော့ မထင်မှတ်ဘဲ ဖြစ်ရတာပါ .. ကျွန်တော်က နာရီပြောင်းပြန်လည်နေတာကို တွေ့လိုက်ရဲ့ လို့ အထိတ်တလန့် ထအော်လိုက်တဲ့ အချိန်မှာ နေမင်းသမီး

လေးက ကျွန်တော့်နာရီကို တစ်ချက် စိုက်ကြည့်လိုက် တယ်ဗျ .. အဲဒီမှာတင် နာရီက မီးထတောက်ပြီး အခုလို ဖြစ်သွားရတာပဲ ... "

ဒီတော့မှ မသူဇာတို့လင်မယားက မောင်ဗလ၏ နာရီပတ်ထားခဲ့သည့်လက်ကို ကြည့်လိုက်မိသည် .. ထူးဆန်းစွာပင် နာရီပတ်ထားသည့်နေရာ၌ အပူလောင်ခံ ထားရသည့်ဒဏ်ရာကို တွေ့ရလေသည်။

"ဘုရားရေ .. မောင်လေးလက်မှာဒဏ်ရာနဲ့ပါလား .. ပြစမ်း .. အတော်များသလား .. ဆေးလေး ဘာလေး ထည့်ရအောင် .. "

"ရပါတယ် မမ .. ဘာမှမဖြစ်တော့ပါဘူး .. နေ မင်းသမီးလေးက ဆေးလိမ်းပေးလိုက်တယ်ဗျ .. ဆေးလဲ တိုက်လိုက်တယ် .. "

ယုံရခက် မယုံရခက်နှင့် မသူဇာက ဘာမှပြန် မပြောနိုင်ဘဲ ဖြစ်ရတော့သည်။

အိပ်မက်ထဲမှာ ဖြစ်ခဲ့သည့်ကိစ္စဟာ အပြင်မှာ ဒဏ်ရာတကယ်ပါလာနိုင်သလား .. တကယ်ပဲ နာရီတစ်လုံးလုံးလည်း ပျက်စီးသွားနိုင်သလား .. ဘယ်လိုမှ

မဖြစ်နိုင်ဟု မသူဇာက တွေးမိသည်။

ဒါဆိုရင် .. မောင်လေးဟာ နေမင်းသမီးဆိုတဲ့ မိန်းကလေးဆီကို အိပ်မက်မဟုတ်ဘဲ လူကိုယ်တိုင်ရောက်သွားတာများဖြစ်နေမည်လားဟု တွေးမိပြန်သည်။

တကယ်တော့ ထိုအတွေးကို တွေးမယ့်သာတွေးနေရသည် .. လုံးဝမဖြစ်နိုင်ဘူးဆိုတာကိုလည်း အသေအချာသိနေမိ၏ .. ဘာကြောင့်လဲဆိုတော့ တစ်အိမ်လုံးရော ခြံတံခါးတွေကိုပါ အလုံပိတ်ထားသည့် အိမ်ကြီးထဲကနေ ဘယ်သူမှမသိအောင် ထွက်ခွာမသွားနိုင်သလို ဘယ်သူမှ မသိအောင်လည်း ပြန်ဝင်မလာနိုင်လို့ပဲဖြစ်လေသည်။

သေချာတာကတော့ မောင်ဗလ ရှူး မရှူး မသိနိုင်သေးသော်လည်း မသူဇာကတော့ အမှန်တကယ်ကိုရှူးသွပ်လုနီးပါး စိတ်တွေ ယောက်ယက်ခတ်သွားရတာပဲဖြစ်လေသည်။

"ကျွန်တော် အခုလိုဖြစ်သွားရတဲ့အတွက် နေမင်းသမီးလေးလဲ အတော်စိတ်မကောင်းဖြစ်သွားတယ် .. နောက်နောင် သူ့ကို ရုတ်တရက် စိတ်အနှောင့်အယှက်ဖြစ်သွားစေမယ့်ကိစ္စမျိုးတွေ မလုပ်မိပါစေနဲ့လို့ သတိပေး

တယ်ဗျ .. ပြီးတော့ .. ကျွန်တော့်ကို စားစရာတွေ အစုံအလင်ပဲ ကျွေးပြီး အိမ်အရောက်ပြန်ပို့ပေးတယ် .. နောက်တစ်ခါ အခွင့်သင့်ရင် လာခေါ်ဦးမယ် .. တစ်ယောက်တည်းစောင့်နေပါလို့ ပြောသွားတယ် .. အဲဒါကြောင့် ကျွန်တော်စောင့်နေတာဗျ .. ဒီအချိန်မှာ မမတို့ ကျွန်တော့်ဆီရောက်လာတာ မှားတာပေါ့ဗျာ .. နေမင်းသမီးလေးဆီကို နောက်တစ်ကြိမ် ထပ်သွားဖို့ ကျွန်တော် တစ်ယောက်တည်း နေပါရစေဗျာ .. မနှောင့်ယှက်ကြပါနဲ့ .."

မသူဇာက ခင်ပွန်းသည်ကို စစ်ကူတောင်းသည့် အကြည့်ဖြင့် ကြည့်မိတော့ ခင်ပွန်းသည်က ခေါင်းခါပြသည် .. ခေါင်းခါပြခြင်းကို သူမက ဘယ်လိုအဓိပ္ပာယ်ကောက်ရမှန်း မသိတော့ပါ။

ထို့ကြောင့် မောင်ဗလကို သူမဘာသာပဲ ကြိုးစားဖျောင်းဖျ ကြည့်လိုက်သည်။

"မမတို့က နှောင့်ယှက်တာ မဟုတ်ပါဘူး မောင်လေးရာ .. မောင်လေး အစာမစား ဘာမစားနဲ့ဆိုတော့ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်မိလို့ပါကွယ် .. ပြီးတော့

မောင်လေးက နေသိပ်ကောင်းတာမဟုတ်ဘူးလေ .. ဆရာဝန်နဲ့သွားပြဖို့ကလဲ ရှိနေသေးတယ်မဟုတ်လား .."

"ကျွန်တော် နေကောင်းပါတယ်ဗျ .. ဘာမှမဖြစ်ပါဘူး .. ထမင်းမစားဘူးဆိုတာကလဲ မဆာလို့မစားတာလေ .. နေမင်းသမီးလေးကျွေးလိုက်တဲ့အသီးအနှံတွေ မုန့်တွေက တစ်ခါစားပြီးရင် တစ်သက်လုံး ဘာမှမစားဘဲနေလို့ရတယ်ဗျ .."

"မဖြစ်နိုင်တာကွာ .." ဆိုသည့် စကားကို မသူဇာက လွှတ်ခနဲပြောလိုက်မိချိန်တွင် မောင်ဗလက ရှူးရှူးရှားရှား ပုံစံမျိုးဖြင့် တုံ့ပြန်လေသည်။

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲဗျ .. ဘာလဲ .. မမက နေမင်းသမီးလေးက ကျွန်တော့်ကို လိမ်ညာနေတယ် .. ဖြီးဖြန်းနေတယ်လို့ ပြောချင်တာလား .. အဲဒီလို မယုံမကြည်ဆိုရင် နောက်ကို ကျွန်တော်ဘာမှပြောမပြတော့ဘူးဗျ .. မမတို့လဲ ဘာတစ်ခုမှလာမမေးနဲ့တော့ .. အခုလဲ ကျွန်တော် တစ်ယောက်တည်းပဲ နေချင်တယ် ..."

မောင်ဗလ၏ ရိုင်းပျမှုကြောင့် မသူဇာက ဒေါသထောင်းခနဲထွက်သွားမိချိန်တွင် သူမ၏ခင်ပွန်းသည်က

အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးလေသည်။

"စိတ်မဆိုးပါနဲ့ မောင်ဗလရာ .. မင်းမမကို မပြောပြချင်နေပါကွ .. အစ်ကိုကြီးကိုတော့ မင်းရဲ့ အတွေ့အကြုံတွေ ပြောပြစမ်းပါ .. ကဲ .. အခုလဲ မင်း တစ်ယောက်တည်းနေချင်တယ်မဟုတ်လား.. အစ်ကိုကြီးတို့ သွားမယ်နော် .. ရှင်းရှင်းလင်းလင်း သိရတော့ စိတ်မပူတော့ဘူးပေါ့ကွာ .."

ပြောပြောဆိုဆိုပင် ခင်ပွန်းသည်က တကယ်ပဲ ယုံကြည်သွားတာများလားဟု ဇဝေဇဝါတွေးရင်း မသူဇာ က ယောင်ချာချာဖြင့် လိုက်ပါလာခဲ့ရလေတော့သည်။

* * * * * * * * *

အခန်း(၉)

"ဘယ်လိုလဲ အစ်ကို မောင်ဗလပြောတာတွေဟာ ဖြစ်နိုင်သလားဟင် .. အစ်ကိုရော ယုံသလား .. ကျွန်မ ကျွန်မတော့ ရူးချင်နေပြီ .."

မသူဇာက တုန်တုန်ခိုက်ခိုက်အသံဖြင့် မေးလိုက်မိသည်။

"ကိုယ့်အထင်ပြောရရင်တော့ မောင်ဗလ ရူးသွားပြီ မသူဇာ .. လုံးဝလွတ်ထွက်ပြီး ရူးသွားတာတော့လဲ မဟုတ်ဘူးပေါ့ကွာ .. ယဉ်ယဉ်ကလေးနဲ့ ရူးသွားတာမျိုး .. မဟုတ်တာတွေကို အဟုတ်ထင်ပြီး ခံစားရတာမျိုးကို

ပြောတာ .. ဆရာဝန်နဲ့အမြန်ဆုံးပြဖို့တော့ လိုအပ်နေပြီ"

မသူဇာက ခင်ပွန်းသည်ပြောတာကို လက်မခံနိုင် .. မောင်လေးသည် အလျင်ကလိုမဟုတ်ဘဲ ပြောင်းလဲသွားတာကိုတော့သိသည် .. ဒါပေမဲ့ .. ရူးသွပ်သွားတာတော့မဖြစ်နိုင်ပါ .. မောင်လေး၏မျက်လုံးများ အကြည့်များသည် စိတ်ပျံ့လွင့် ရူးသွပ်နေသူတစ်ယောက်မဟုတ်ကြောင်း သက်သေပြနေသည်ဟု သူမက အသေအချာယုံနေမိသည်။

ထို့ကြောင့် ခင်ပွန်းသည်ကို စောဒကတက်လိုက်မိသည်။

"ကျွန်မကတော့ မောင်လေး ရူးနေပြီလို့ ထင်ကို မထင်ဘူး .. အစ်ကိုစဉ်းစားကြည့် .. သူပြောနေတာတွေဟာ ယုတ္တိမရှိဘူးလို့ပဲထားလိုက်ဦး ထူးဆန်းမနေဘူးလားဟင် .. အိပ်မက်ထဲမှာဖြစ်တဲ့ကိစ္စဟာ အပြင်မှာတကယ် အကျိုးသက်ရောက်မှုမဖြစ်နိုင်ဘူး အစ်ကို .. မောင်လေး အနေနဲ့ ကျွန်မတို့မသိအောင် အိမ်ထဲကထွက်သွားပြီး ကျွန်မတို့မသိအောင်ဘဲ အိမ်ထဲပြန်ဝင်လာဖို့ဆိုတာကလဲ မလွယ်ဘူးနော် .. ကဲ .. အဲဒီနာရီကိစ္စကို အစ်ကို

ဘယ်လိုရှင်းမလဲ ..”

သူမ မေးသည့် မေးခွန်းကို ခင်ပွန်းသည်က ခပ်အေးအေးပဲ ပြန်ဖြေသည်။

“ဘာခက်တာမှတ်လို့ကွာ .. သူ့နာရီကို သူ့ဘာသာသူ ရိုက်ခဲ့ပြီး မီးရှို့ .. လက်မှာလဲ ဒဏ်ရာရအောင်လုပ် ဖြစ်တာပဲ မဟုတ်လား ..”

မသူဇာက ဘဝင်မကျနိုင်ပြန်ပါ။

“အို .. ကျွန်မမောင်လေးဟာ အဲဒီလောက်ကြီး စနစ်တကျ စီမံ ကြံစည် လိမ်ညာမှာမဟုတ်လောက်ပါဘူး အစ်ကိုရယ် .. ဒီလိုလုပ်လို့ ဘာအကျိုးအမြတ်ရှိမှာမို့ လို့လဲ ..”

“အသိစိတ်ကြောင့်လုပ်တာမဟုတ်ဘဲ မသိစိတ်နဲ့ လုပ်မိတာမျိုး ဖြစ်နိုင်တာပေါ့ကွာ .. နာရီအခုလိုဖြစ်သွားတယ်လို့ သူ့စိတ်ကထင်တယ် .. ထင်တဲ့အတိုင်းတကယ်ဖြစ်အောင်လုပ်လိုက်တယ် .. ဒါပေမဲ့ .. ဒီလိုမျိုးဖြစ်အောင် သူ့ဘာသာသူလုပ်ထားတာလို့ အသိစိတ်က မရှိဘူး .. သူ့စိတ်ကူးထဲက နေမင်းသမီးရဲ့အကြည့်ဒဏ်ကြောင့် ဒီလိုဖြစ်သွားရတာပါလို့ သူကိုယ်တိုင်ယုံကြည်ထားတယ်”

ခင်ပွန်းသည်ပြောနေတာတွေကို မသူဇာက နားမလည်နိုင်ဘဲ ယောင်ဝါးဝါး ဖြစ်နေသည်။

သူမကတော့ မောင်ဗလ စိတ်ဖောက်ပြန်မနေဘူး ရူးသွပ်မနေဘူးဟု အကြွင်းမဲ့ ယုံကြည်ထားသည်။

မောင်ဗလ မရူးဘူးဆိုတာကို ယုံလျှင် မောင်ဗလ ပြောတာတွေကို ယုံကြည်ပေးရလိမ့်မည် .. အဲဒါကအတော်ခက်ခဲသည့်ကိစ္စပဲ ဖြစ်ပါလိမ့်မည်။

“ကျွန်မကတော့ မောင်ဗလကို စိတ်ဖောက်ပြန်နေတယ်လို့ မထင်ဘူးရှင့် ..”

“ဒါဆို သူ ပြောနေတဲ့ ကိစ္စတွေအားလုံးကို အမှန်တရားလို့ မင်းက ဆိုလိုချင်တာလား .. ဒီအတိုင်းဆိုရင် မင်းကိုပါ စိတ်ရောဂါအထူးကုဆရာဝန်နဲ့ပြဖို့လိုအပ်နေပြီ ..”

ခင်ပွန်းသည်နှင့် သဘောထား စတင်ကွဲလွဲသည့်အတွက် မသူဇာက သူမ၏ထင်မြင်ချက်ကို မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်တော့သည်။

ပြီးတော့ စိတ်မကောင်းဖြစ်မိပြီး မေးမြန်းတိုင်ပင်ဖို့အတွက် ဘယ်သူ့ကို ရွေးချယ်ရမည်မှန်းမသိဘဲဖြစ်နေ

ရသည်။

ခင်ပွန်းသည်၏ဆန္ဒအတိုင်း စိတ်ရောဂါကုဆရာဝန်နှင့် သွားရောက်ပြသဖို့အတွက်ကလည်း လွယ်မယောင်နှင့် ခက်လှသည် .. ဘာဖြစ်လို့လဲဆိုတော့ မောင်ဗလကို ဘယ်လိုမှ အိမ်အပြင်သို့ ခေါ်ထုတ်လို့မရသည့်အတွက်ပဲ ဖြစ်သည်။

ဆေးခန်းသွားဖို့မဆိုထားနှင့် ဧည့်သည်လာလျှင်လည်း မောင်ဗလကထွက်မတွေ့ပါ .. မီသားစုထမင်းဝိုင်း လက်ဖက်ရည်ဝိုင်းများထဲသို့လည်းဝင်မပါတော့ပါ .. အချိန်ရှိသရွေ့ အခန်းအောင်းပြီးတော့သာနေလေ့ရှိသည်။

သူမတို့နှင့်လည်းစိမ်းသွားသည် .. စကားတောင်မှ မေးပါများမှ တစ်ခွန်းစ နှစ်ခွန်းစ ပြန်ဖြေတတ်တော့သည်။

ထမင်းစားဖို့ခေါ်လျှင် မဆာဘူး .. နေမင်းသမီးလေးဆီမှာ စားလာခဲ့ပြီးပြီဟု ပြောတတ်သည် .. အစားမစားသော်လည်း မောင်ဗလ၏ပုံစံသည် ဆာလောင်နွမ်းခွေနေခြင်းမရှိပါ .. ထို့ကြောင့် မသူဇာကအံ့အားသင့်ရသည်။

နောက်တစ်ခုဆိုးတာက မောင်ဗလသည် နေ့ရော

ညပါ အချိန်တိုင်း အိပ်ရာပေါ်တွင် လှဲလျောင်း၍ မှေးမှိတ်နေတတ်ခြင်းပဲဖြစ်သည် .. ထိုသို့ မှေးမှိတ်နေသည့်အခါများတွင်လည်း မောင်ဗလ၏မျက်နှာသည် ကြည်လင်ပြုံးရွှင်နေကြောင်း တွေ့ရသည် .. ထို့ကြောင့် .. မောင်ဗလကို စိတ်ရောဂါသည်ဟု သတ်မှတ်ဖို့လည်း အခက် .. လူကောင်းတစ်ယောက်ပါဟုပြောရမှာလည်း ခက်လှသည်။

"သူ ဆေးခန်းကို မလိုက်ဘူးဆိုတိုင်း ဆရာဝန်နဲ့ မပြဘဲနေတာ အဓိပ္ပာယ်မရှိဘူးထင်တယ် .."

ဟု ခင်ပွန်းသည်က သူမကို ဝေဖန်သည်။

"အစ်ကိုက ဘာလုပ်ချင်လို့လဲဟင် .. အစ်ကို့ဆန္ဒကို ပြောပါဦး .."

"ကိုယ့်သဘောကတော့ ဆရာဝန်ဆီ မရမကခေါ်သွားချင်တာပဲ .. အချိန်ကြာမှဆိုရင် ပိုဆိုးလာနိုင်တယ်နော် .. အခုတောင် မောင်ဗလရဲ့အမူအကျင့်တွေက ဘယ်လောက်ပြောင်းလဲကုန်ပြီလဲ .. အမြဲတစေ အိပ်ရာထဲမှာပဲ နေ နေတာကလဲ ကြာရင်ဒုက္ခဖြစ်လိမ့်မယ်နော်"

"မရမကခေါ်သွားမယ်ဆိုတာ ခပ်ကြမ်းကြမ်းခေါ်သွားမယ်ဆိုတဲ့သဘောလား အစ်ကိုရယ် .."

"နည်းနည်းပါးပါး ကြမ်းသင့်ရင်လဲ ကြမ်းရမှာပေါ့ကွာ .. သူ ကောင်းဖို့အတွက်ပဲ မဟုတ်လား .."

အဲဒါကိုတော့ မသူဇာက လက်မခံနိုင်ပြန်ပါ။

"အို .. မောင်လေးကို ခပ်ကြမ်းကြမ်းတော့ မလုပ်စေချင်ပါဘူး .. အခုလဲ သူက ဘယ်သူ့ကိုမှ ဒုက္ခပေးနေတာမှမဟုတ်ဘဲ .. ကောင်းစေချင်လို့ ဆရာဝန်ဆီမရမက ဆွဲခေါ်သွားမှ သူ့စိတ်တွေကယောက်ကယက်ဖြစ်ကုန်ရင် မခက်ဘူးလားအစ်ကို .. ကျွန်မသဘောကတော့ ပယောဂကုတဲ့ဆရာတစ်ယောက်ယောက်ကို အိမ်ပင့်ပြီး ပြကြည့်ချင်တာပဲ .."

ခင်ပွန်းသည်က သူမကို ကြည့်ပြီး စိတ်ပျက်စွာ ခေါင်းခါယမ်းသည် .. သို့သော် .. သူမ၏သန္ဓကိုတော့ မတားမြစ်ပါ .. ဒါကလည်း မောင်ဗလသည် သူမ၏ မောင်အရင်းခေါက်ခေါက်မို့ လွှတ်ပေးထားတာပဲဖြစ်ပေလိမ့်မည်။

"အေးလေ .. မင်းသဘောပါပဲ .. ဒါပေမဲ့ .. တစ်ခုတော့ရှိတယ်နော် မသူဇာ .. ပယောဂ ဘာညာဆိုပြီး ရိုက်တာနှက်တာမျိုးတော့ ကိုယ် လုံးဝခွင့်မပြုနိုင်ဘူး ..

ဒါ အစိပ္ပာယ်မရှိတဲ့ကိစ္စပဲ ..."

"စိတ်ချပါ အစ်ကိုရယ် .. ပြရုံပဲ ပြကြည့်မှာပါ ... လက်ဖျားနဲ့တောင် မတို့ခိုင်းပါဘူး .. ဘာဆေးမှလဲ မတိုက်ခိုင်းဘူး .. ကျွန်မ နားလည်ပါတယ် .. အခုကိစ္စက ကျွန်မစိတ်ထဲမှာ သိပ်ထူးဆန်းနေလို့ ပယောဂဆရာနဲ့ပြကြည့်ဖို့ စိတ်ကူးရတာပါ ..."

"ဘာလဲ .. မင်းက ဆရာကိုရော တွေ့ထားပြီလား .."

"ဟင့်အင်း .. မတွေ့သေးပါဘူး .. မေးမြန်းစုံစမ်းရဦးမှာပေါ့ .. ဒါမျိုးအတွေ့အကြုံရှိတဲ့ သူငယ်ချင်းတစ်ယောက်တော့ ကျွန်မဆီမှာရှိတယ် အစ်ကို .. သူက ပြောတယ် .. သူ့အဘွား ဖုတ်ဝင်တုန်းက ထွက်အောင်ကုပေးတဲ့ဆရာတစ်ယောက်ရှိတယ်တဲ့ .."

"ဟုတ်မှလဲလုပ်ပါ မသူဇာရယ် .. ဒါမျိုးက ဆရာစစ်ဆရာမှန်ထက် အလိမ်အညာ အဖြီးအဖြန်းသမားတွေက ပိုများတတ်တယ် မဟုတ်လား .."

"အဲ့ဒါကြောင့် မေးမြန်းစုံစမ်းဦးမယ်လို့ ပြောတာပေါ့ .."

ထိုဆရာ၏အပြောအဆိုနှင့်ဥပမိရုပ်ကို သဘောကျယုံကြည်ပြီး မောင်ဗလကို လာကြည့်ပေးဖို့ချိန်းဆိုလိုက်မိသည်။

ဆရာတွေ့ရပြီမို့ ဝမ်းသာစွာ အိမ်ပြန်သွားခဲ့သော်လည်း အိမ်သို့ပြန်ရောက်တာနှင့် အံ့အားသင့်ဖွယ်အဖြစ်အပျက်ကို ရင်ဆိုင်လိုက်ရလေတော့သည်။

* * * * * * * * *

အခန်း (၁၀)

မသူဇာ အိမ်ပြန်ရောက်တာနှင့် အိမ်ရှေ့ဧည့်ခန်းတွင် ဝမ်းနည်းကြေကွဲသည့်ပုံစံဖြင့် ထိုင်နေသည့် မောင်ဗလကို တွေ့လိုက်ရလေသည်။

အိမ်ရှေ့ဧည့်ခန်းတွင် မထိုင်တာကြာပြီဖြစ်သည့် မောင်ဗလက ထွက်ထိုင်နေတာကြောင့် သူမက အံ့အားသင့်သွားရသလို ပျက်ယွင်းနေသည့် မောင်ဗလ၏မျက်နှာကြောင့်လည်း ထိတ်ခနဲ ခံစားလိုက်ရလေသည်။

"မောင်လေး .. နေမကောင်းဘူးလားဟင် .." ဟု မသူဇာကမေးလိုက်တာနှင့် မောင်ဗလက ငိုသံပါကြီးနှင့်

စတင်ပြောတော့သည်။

"မမ .. မမ အခုဘယ်ကပြန်လာတာလဲ .. ကျွန်တော့်ကို မညာပါနဲ့ဗျာ .. မမ ပယောဂကုတဲ့ဆရာ တမ်ယောက်နဲ့ သွားတွေ့လာခဲ့တာမဟုတ်လား .."

အံ့အားသင့်လွန်းလို့ မသူဇာ လက်ထဲမှပိုက်ဆံ အိတ်ကလွှတ်ကျသွားရလေသည်။

သူမ သွားတာကို ခင်မွန်းသည်ပင်မသိပါ .. သွားမည့်အကြောင်းလည်း လုံးဝမပြောမိဘဲနှင့် အခန်းအောင်း နေသည့်မောင်ဗလက အချက်ကျကျပြောနိုင်တာ ထူးဆန်း လွန်းလှလေသည်။

ရုတ်တရက်မို့ မသူဇာက ငြင်းလိုက်ရမလား .. ဒါမှမဟုတ် ဝန်ခံရမလားဟု ချီတုံချတုံ ဖြစ်နေမိဆဲ မောင်ဗလကဆက်ပြောသည်။

"နေမင်းသမီးလေးကပြောလို့ ကျွန်တော်အားလုံး ကို သိပြီးပြီ .. အဲဒီဆရာကို မနက်ဖြန်ခါမနက်အိမ်လာ ခဲ့ဖို့ပြောထားခဲ့ပြီးပြီမဟုတ်လား .. ကျွန်တော်နေကောင်း ပါတယ် ဘာမှမဖြစ်ပါဘူးလို့ပြောထားရက်နဲ့ မမရယ် .. ဘာကြောင့်ပယောဂဆရာကို သွားခေါ်ရတာလဲ .. မမရဲ့

လုပ်ရပ်ဟာ ကျွန်တော့်ကို အသေသတ်တာနဲ့ အတူတူပဲ ဗျ .."

ငိုချတော့မလိုဖြစ်နေသည့်မောင်ဗလကို မသူဇာက ပြေးဖက်လိုက်မိသည်။

"ဘာဖြစ်လို့လဲ .. ဘာဖြစ်လို့လဲ မောင်လေးရယ် .. ဘာကြောင့် မောင်လေးကို အသေသတ်သလိုမျိုးဖြစ်ရ မှာလဲ .."

"နေမင်းသမီးလေးက ပြောတယ်ဗျ .. အဲဒီဆရာ မျိုးတွေဆီမှာ သူ့အကြောင်းကို ပြောပြလိုက်တာနဲ့ သူလဲ ကျွန်တော့်ဆီကို လုံးဝမလာတော့ဘူး .. သူ့စံအိမ်ကို လဲ ကျွန်တော့်ကို လုံးဝမခေါ်တော့ဘူးတဲ့ .. အဲဒီလိုသာ ဆိုရင် ကျွန်တော် သေသွားရလိမ့်မယ် မမ .. ကျွန်တော် ကျွန်တော် နေမင်းသမီးလေးကို အရမ်းစွဲလမ်းနေမိတာဗျ .. နေမင်းသမီးလေးနဲ့မတွေ့ရတော့ဘူး .. ကျွန်တော့် အိပ်မက်တွေထဲကို သူ မလာတော့ဘူးဆိုရင် ကျွန်တော့် ဘဝဟာလဲ အဓိပ္ပာယ်ရှိမှာမဟုတ်တော့ဘူး .. ဒါဆို ကျွန်တော် ကျွန်တော်သေရဖို့ပဲရှိတော့တယ် .."

"မဟုတ်တာ မောင်လေးရယ် .. အိပ်မက်ဆိုတာ

အကောင်အထည်ရှိတာမှမဟုတ်ဘဲ .. ဒီလောက်အစွဲအလမ်း မထားပါနဲ့ .. ”

မောင်ဗလက ဦးခေါင်းကိုသာ တွင်တွင်ခါယမ်း နေတော့သည်။

“မရဘူး .. မရဘူး မမ .. ဘယ်လိုမှမရဘူးဗျာ .. စတွေ့လိုက်ကတည်းက ကျွန်တော့် နေမင်းသမီးကို စွဲလမ်းသွားခဲ့ရတာ .. သူ့အတွက်ဆို ဘာပဲလုပ်ပေးရ လုပ်ပေးရ ကျွန်တော်မမှုဘူး .. သူနဲ့တွေ့ရဖို့အတွက် ဘယ်လိုအခက်အခဲတွေကိုပဲဖြတ်ကျော်ရပါစေ ကျွန်တော် အရေးမစိုက်ဘူး .. ကုန်ကုန်ပြောမယ်ဗျာ .. ကျွန်တော့် အသက်ကိုတောင် နေမင်းသမီးအတွက် ပေးရဲတယ် .. ”

“ဘုရားရေ .. ဖြစ်မှဖြစ်ရလေ မောင်လေးရယ် .. မင်း ဒီလောက်တောင်စွဲလမ်းနေရအောင် အဲဒီမိန်းကလေး က ဘယ်လောက်လှလို့လဲကွယ် .. ဒါမှမဟုတ် မကောင်း တဲ့ အတတ်တစ်ခုခုနဲ့များ မင်းကို ပြုစုဖမ်းစားထားတာ လား .. ”

“မမ အဲဒီလိုတွေးရင် မှားသွားမှာပေါ့ဗျာ .. နေမင်းသမီးလေးဟာ ဘယ်လိုအစာတ်နဲ့မှကျွန်တော့်ကို

မပြုစားပါဘူး .. သူကတာကာယ်နူးညံ့သိမ်မွေ့တဲ့မိန်းကလေး တစ်ယောက်ဗျ .. သူ့ရဲ့အလှကို ခိုင်းနှိုင်းပြစရာ လုံးဝ မရှိဘူး .. နေမင်းသမီးလေးရဲ့အသားအရေဟာ ဝါဝင်းပြီး ရွှေရောင်အဆင်းတွေ ဝင်းအိနေသလားလို့ထင်ရတယ် .. မျက်နှာလေးက ဘယ်လိုပန်းချီဆရာမျိုးကတောင်မှ လိုက် ဆေးခြယ်လို့မရနိုင်အောင်လှတာ .. နေမင်းသမီးလေးရဲ့ မျက်လုံးတွေနဲ့ ရင်ဆိုင်မိတဲ့လူတစ်ယောက်ဟာ ချက်ချင်း အသက်ရှူရပ်သွားရော .. ဒါကြောင့် နေမင်းသမီးလေးက ကျွန်တော့်ကိုတောင် မျက်လုံးချင်းဆုံအောင်မကြည့်ဘူး .. နေမင်းသမီးလေးရဲ့စကားသံကို ကြားလိုက်ရတဲ့လူတွေဟာ သာယာတဲ့အသံနောက်မှာ မိန်းမော ရူးသွပ်သွားတတ်ကြ လို့ ကျွန်တော့်ကို နေမင်းသမီးလေးက စိတ်နဲ့ပဲစကား ပြောတယ်ဗျ .. ”

မောင်ဗလပြောနေတာတွေကို သူမ၏ခင်ပွန်းသည် သာနားထောင်ရလျှင် ဘယ်လိုဝေဖန်တုံ့ပြန်မည်မသိသော် လည်း သူမကတော့ ကြက်သီးတဖျန်းဖျန်းထပြီးနားထောင် နေမိလေတော့သည်။

သေချာပါသည် .. မောင်လေးတွေ့ဆုံလိုက်ရသော

မိန်းကလေးသည် လူစင်စစ်တော့ လုံးဝမဖြစ်နိုင်ဟု မသူဇာက ဆုံးဖြတ်လိုက်သည်။

ဒါ ဥစ္စာစောင့်မလား .. ဒါမှမဟုတ် လှပအောင် ဖန်ဆင်းပြီး မောင်လေးကိုဖမ်းစားနေသည့် နာနာဘာဝလား .. တွေးရင်း ကြောက်လန့်စိုးရိမ်လာသည့်အတွက် မသူဇာကဖြစ်နိုင်လျှင် ဒီကနေ့တွေ့လာခဲ့သည့်ဆရာကို ချက်ချင်း ပြေးခေါ်ချင်သည့်စိတ်များပင်ပေါက်လာမိလေသည်။

ခက်တာက မောင်ဗလကလည်း ထိုဆရာကိုခေါ်လာတာနှင့် သူ့ကို အသေသတ်သလိုဖြစ်လိမ့်မည်ဟု ပြောဆိုနေခြင်းပဲဖြစ်သည်။

"ကျွန်တော့်ကို သနားရင် အဲဒီဆရာကို အိမ်ခေါ်မလာပါနဲ့ဗျာ .."

"ဟို .. မောင်လေး အနှောင့်အယှက်ကင်းပြီး ကျန်းမာအောင် မမက ဆရာနဲ့ပြဖို့ စီစဉ်ရတာပါကွယ်"

"ကျွန်တော် ဘာမှမဖြစ်ဘူးလို့ ပြောပြီးပြီပဲဗျာ .. မမတို့ အခုလိုမျိုးတွေလိုက်လုပ်နေမှပဲ ကျွန်တော် ဒုက္ခကောင်းကောင်းရောက်ရမှာဗျ .. ကျွန်တော် ဒီလောက်

တောင်းပန်တားမြစ်နေတဲ့ကြားထဲကမှ အဲဒီဆရာကို မမ မဖြစ်မနေ ခေါ်လာခဲ့မယ်ဆိုရင် ကျွန်တော် ဒီအိမ်ကနေ အပြီးအပိုင်ထွက်သွားရမှာပဲ .."

အမှန်တကယ်လုပ်မည့်ပုံစံမျိုးဖြင့် မောင်ဗလက ပြောနေတာမို့ မသူဇာကအထိတ်တလန့်ဖြင့် တားမြစ်ရလေတော့သည်။

"အဲ အဲဒီလိုတော့မလုပ်ပါနဲ့ကွယ် .. မောင်လေးကခေါ်မလာခဲ့နဲ့ဆိုရင် ခေါ်မလာတော့ပါဘူး .. ဒါပေမဲ့ မမကို တစ်ခုတော့လိုက်လျောပါ .. အဲဒီဆရာနဲ့မတွေ့ချင်ရင် ဆရာဝန်နဲ့တော့တွေ့ပြီး စမ်းသပ်ခံပါ မောင်လေးရယ် နော် .."

မောင်ဗလက စိတ်ဆိုးမာန်ဆိုးဖြင့် ခါးခါးသီးသီး ငြင်းသည်။

"ဟာဗျာ .. ဆရာဝန်နဲ့ပြရအောင် စမ်းသပ်ခံရအောင် ကျွန်တော်ကဘာဖြစ်နေလို့လဲဗျ .. မမတို့က ကျွန်တော့်ကို ရူးနေတယ်လို့ထင်နေတာလား .. ကျွန်တော် ရူးလဲမရူးဘူး .. ဘာရောဂါမှလဲဖြစ်မနေဘူး၊ အဲဒါကြောင့် ဘယ်လိုဆရာမျိုးနဲ့မှလဲ အစမ်းသပ်မခံနိုင်ဘူးဗျာ .. ဒါပဲ

ဒီလောက်ပြောနေတဲ့ကြားထဲကမှ ရှေ့ဆက်လုပ်ရင်တော့ ကျွန်တော်ထွက်သွားမယ် ..”

“အမယ်လေး ထွက်တော့မသွားပါနဲ့ မောင်လေးရယ် .. မင်းမကြိုက်တာကို မလုပ်တော့ပါဘူး ...”

“မမ ကတိတည်ပါစေဗျာ .. အခုတောင်ဟိုဆရာကို နေမင်းသမီးလေးရဲ့အကြောင်း ဘာမှမပြောခဲ့ရသေးလို့ ကျွန်တော် သက်သာရတာဗျ .. ပြောသာပြောခဲ့ရင် နေမင်းသမီးလေးကို ကျွန်တော် အိပ်မက်မက်ခွင့် ရတော့မှာ မဟုတ်ဘူး ..”

အံ့သြရလွန်းလို့ မသူဇာက ပါးစပ်အဟောင်းသား ဖြစ်ရပြန်သည် .. တကယ်လည်း ပယောဂကုဆရာကို မောင်ဗလ၏အိပ်မက်အကြောင်းများ သူမကလုံးဝမပြောပြရသေးပါ .. စိတ်ကယောင်ချောက်ချားဖြစ်နေသည့် လူငယ်တစ်ယောက်ကို ကြည့်ရှုကုသပေးဖို့ပဲ ပြောရသေးသည်။

သူမ ပယောဂဆရာကို ဘာတွေပြောခဲ့တယ် ဘာတွေမပြောခဲ့ဘူးဆိုတာကိုတောင် မောင်ဗလက အတိအကျသိနေတာဆိုတော့ မောင်ဗလ ရှုးသွပ်ပြီးစိတ်ထင်ရာ

ပြောဆိုနေခြင်းမဟုတ်တာတော့ သေချာသွားလေပြီ။

နောက်ဆုံးတော့ မသူဇာက ပယောဂဆရာကို မောင်ဗလမသိအောင် တစ်နည်းနည်းဖြင့် အိမ်အရောက်ခေါ်ခဲ့ဖို့အတွက် အကြံထုတ်ရလေတော့သည်။

တကယ်တော့ ထိုကိစ္စသည် သိပ်တော့မခက်ခဲနိုင်ပါ .. ဘာကြောင့်လဲဆိုတော့ မောင်ဗလသည် အိမ်ကို ဘယ်လိုဇည့်သည်မျိုးပဲလာလာ ထွက်မတွေ့ဘဲ အခန်းအောင်းနေသည့်အတွက်ပဲဖြစ်လေသည်။

* * * * * * * * * *

အခန်း(၁၁)

မောင်ဗလနှင့် ပြောဖြစ်သည့်စကားများ .. သူ့မ ပယောဂဆရာဆီသွားတာကို မောင်ဗလက သိနေသည့် အကြောင်းများကို ခင်ပွန်းသည်အား မသူဇာက ပြန်ပြော ပြလိုက်တော့ မောင်ဗလနှင့်ပတ်သက်သမျှကို မအံ့သြ တတ်ခဲ့သည့်ခင်ပွန်းသည်ကပင်လျှင် တအံ့တသြဖြစ်သွား လေသည်။

"မင်း လုံးဝပြောမသွားတာ သေချာတယ်နော် .."

ဟု မေးသည်။

"သေချာပါတယ် အစ်ကိုရယ် .. ကျွန်မက သူ့ကို

ဘာကြောင့် ပြောသွားရမှာလဲ .. အိမ်ကထွက်သွားတာ တောင် သူ မသိအောင်ထွက်တာ .. ကျွန်မပြန်ရောက်ရောက် ချင်းကို သူက ကျွန်မသွားခဲ့တဲ့နေရာကိုဒက်ခနဲမှန်အောင် ပြောတာ .."

"အင်း .. ထူးတော့ထူးဆန်းတယ် .. ဒါနဲ့အဲဒီဆရာ ကို မနက်ဖြန်ခါအိမ်လာဖို့ချိန်းထားခဲ့တဲ့ကိစ္စ မင်းဘာလုပ် လိုက်ပြီလဲ မသူဇာ .."

"ဟင့်အင်း .. ဘာမှမလုပ်ရသေးဘူးအစ်ကို .. ကျွန်မကတော့ မောင်ဗလ မသိအောင် အသာလေးခေါ်လာ ရင် ကောင်းမလားလို့စဉ်းစားနေတာပဲ .."

သူမ၏စိတ်ကူးကို ခင်ပွန်းဖြစ်သူက အနည်းငယ်ပဲ ပြင်ဆင်ပေးသည် .. လုံးဝတော့မကန့်ကွက်ခဲ့ပါ။

"မင်း အဲဒီလိုစဉ်းစားထားရင် မနက်ဖြန်ခါတော့ မလုပ်နဲ့ မသူဇာ .. မောင်ဗလအနေနဲ့မေ့သွားအောင် အချိန်နည်းနည်းလောက် စောင့်လိုက်ဦးပေါ့ .."

ခင်ပွန်းသည်ပေးသည့်အကြံကိုလက်ခံပြီး သူမက ပယောဂဆရာကို နောက်တစ်ပတ်မှလာကြည့်ပေးဖို့ ပြန် ချိန်းလိုက်သည် .. သူမကိုယ်တိုင်သွားခြင်းမဟုတ်ဘဲ

သူငယ်ချင်းမကို သွားပြောခိုင်းတာမို့ မောင်ဗလ မသိလောက်ဘူးဟု သူမ ထင်မြင်မိသော်လည်း မောင်ဗလ၏ အမူအရာတွေ ထူးဆန်းလာတာကိုလည်း သတိထားမိပြန်သည်။

သူသည် မသူဇာတို့လင်မယားအပေါ် အစက ထက်ပင်ပိုစိမ်းသွားပြီး စကားမပြောတော့သလောက်ပင် ဖြစ်သွားလေသည် .. မောင်ဗလ၏မျက်နှာသည် မှိုင်းညို့ ကြေကွဲရိပ်တွေသမ်းနေတတ်ပြီး သူစွဲလမ်းနေသည်ဆိုသည့် နေမင်းသမီးလေး၏အကြောင်းကိုလည်း ဘယ်လိုပဲမေးမေး မပြောပြတော့ပါ။

အစပိုင်းက အိမ်မှာထမင်းလုံးဝမစားသော်လည်း မောင်ဗလ၏မျက်နှာများသည် ရုပ်ပျက်ဆင်းပျက်ပိန်ချိုင့်မနေသလို မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများကိုပါ သပ်ရပ်စွာ လှီးဖြတ်သုတ်သင်ထားတာကြောင့် မြင်ရသူအဖို့ အကြည်ဓာတ်ကို ခံစားရသော်လည်း ယခုတစ်ရက်နှစ်ရက် အတွင်းမှာပင် မျက်နှာတွေကပိန်ချိုင့်လာသည်။ မရိတ်မလှီးသည့်နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးများကထိုးထိုးထောင်ထောင် ဖြစ်လာပြီး မျက်နှာသွင်ပြင်ကညင်းသိုးသိုးဖြစ်နေလေသည်။

ပြီးတော့ .. အခါတိုင်းတွေလို အိမ်ခန်းထဲ အောင်း မနေတော့ဘဲ ခြံဝင်းထဲသို့ဆင်း၍ ထောင့်တစ်ထောင့်တွင် ဆိတ်ငြိမ်စွာထိုင်နေတတ်ပြန်သည် .. တစ်ခါတစ်ရံတွင် တရုတ်စကားပင်ကြီးအောက်မှကြွေကျနေသည့်ပန်းပွင့်များ ကို စိတ်ရှည်လက်ရှည်ကောက်ယူစုဆောင်းပြီး မြက်ခင်း စိမ်းစိမ်းပေါ်တွင် ပန်းပွင့်များဖြင့် နေမင်းသမီးဆိုသော စာကြောင်းကလေးကို ရေးထိုးနေတတ်သည်။

မသူဇာတို့လင်မယားနှစ်ယောက်မှာတော့ မောင်ဗလ ကို ကြည့်၍ စိတ်ဆင်းရဲရသလို စိုးရိမ်ပူပန်စိတ်တွေနဲ့ မွန်းထူလာရလေတော့သည် .. အဲဒီအခါမှာတော့ တစ်ယောက်တစ်လှည့်စီ မောင်ဗလကိုချော့မော့မေးမြန်း ရလေတော့၏။

"မောင်လေး .. ဘာဖြစ်နေလဲကွယ် .. ဘာကို မကျေမနပ်ဖြစ်နေသလဲ .. မမတို့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ .. မောင်လေး မကျေနပ်တဲ့ကိစ္စကိုလဲ မမတို့မလုပ်တော့ဘဲနေတယ် မဟုတ်လားကွယ် .."

ဟု မသူဇာက အချိုသာဆုံး နွေးထွေးအညင်သာ ဆုံးပြောသော်လည်း မောင်ဗလကတော့ သူမကို လှည့်

မကြည့်ပါ။

"ဟုတ်ပါတယ် မောင်ဗလရယ် .. မင်းအစ်မက မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းအသိဆုံးပါကွာ .. အစားအသောက်တွေကို အရင်ကလိုမိသားစုပျော်ပျော်ပါးပါး အတူတူပြန်စားပြီး ဟိုတုန်းကလိုနွေးနွေးထွေးထွေး ပြန်နေကြရအောင်ပါကွာ .. မိသားစုလေးကပြေးကြည့်မှ သုံးယောက်တည်းရှိတာကို မင်းက အခုလိုကြီးနေတော့ အစ်ကိုကြီးတို့စိတ်ထဲမှာ မကောင်းဘူးကွ .. ညနေကျရင် ချက်စ်ထိုးရအောင် ဟုတ်လား .."

ဟု သူမ၏ခင်ပွန်းသည်က ပြောသော်လည်း မောင်ဗလက တုတ်တုတ်မလှုပ် .. ဒီတော့လည်းမသူဇာတို့ လင်မယားက စိတ်ရှည်ကြရပြန်သည်။

"မောင်လေးရယ် စကားမပြောဘဲမနေပါနဲ့ .. မင်း ဘယ်လိုအခက်အခဲတွေဖြစ်နေသလဲ .. မမကို ပြောမှပေါ့ ကွယ် .."

ဒီတော့မှ တိုးတိမ်သည့်အသံဖြင့် မောင်ဗလက ပြန်မေးသည်။

"ကျွန်တော် ဘာတွေခံစားနေရတယ်ဆိုတာ မမတို့

သိမှာပါဗျာ .."

ထိတ်ခနဲဖြစ်သွားပေမဲ့ မသူဇာက ဟန်ဆောင် လိုက်ရသည်။

"ဟင့်အင်း .. မမတို့ မသိလို့ ခက်နေရတာပေါ့ ကွယ် .."

"မမတို့ ပယောဂဆရာဆိုတဲ့လူကြီးကို အိမ်လာဖို့ ခေါ်လာခဲ့သေးတယ် မဟုတ်လားဗျာ .. ကျွန်တော် မသိအောင်ခေါ်လာခဲ့ကြဖို့ မမသူငယ်ချင်းကတစ်ဆင့်စီစဉ် ထားကြတယ် မဟုတ်လား .."

"အို .."

မသူဇာတို့လင်မယားက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည် .. မောင်ဗလ ဒီကိစ္စကို ဘယ်လိုသိသွားရတာလဲ .. အံ့အားသင့်မှုကို မထိန်းနိုင်သည့်အတွက် မသူဇာက ထစ်ထစ်ငေါ့ငေါ့ဖြင့် ဖွင့်မေး လိုက်မိသည်။

"မင်း .. မင်း ဘယ်လိုလုပ်သိတာလဲ မောင်ဗလ .. မင်းဆီမှာ ဘယ်လိုစွမ်းအင်တွေရှိနေသလဲဟင် .. အဲဒီ စွမ်းအင်တွေကိုရော မင်း ဘယ်နေရာကရလိုက်တာလဲ ..

မမကို ပြောပြစမ်းပါ ..”

“ကျွန်တော့်ဆီမှာ ဘာစွမ်းအင်မှမရှိပါဘူးဗျာ .. နေမင်းသမီးလေး ပြောပြလို့ သိခဲ့ရတာချည်းပါပဲ .. မမရဲ့ကတိမတည်မှုကြောင့် အခုဆိုရင် နေမင်းသမီးလေးရဲ့ စံအိမ်တော်ကို ကျွန်တော်မသွားရတော့ဘူး .. ကျွန်တော့်ရဲ့အိပ်မက်တွေထဲကိုလဲ သူ မလာတော့ဘူး .. မမတို့ ကျွန်တော့်အပေါ်မှာ အရမ်းရက်စက်ကြတာပဲဗျာ ..”

သူမ၏စေတနာကြောင့် ဝေဒနာခံစားနေရသည့် မောင်ငယ်ကို ကြည့်ပြီး စိတ်ဆင်းရဲရသလို တစ်ဖက်ကလည်း မောင်လေး၏အိပ်မက်ထဲသို့ နေမင်းသမီးဆိုသူ မလာတော့ဘူး ဆိုသည့်အတွက် ဝမ်းသာမိပြန်သည်။

ဒါမှပဲမောင်လေး၏အစွဲအလမ်းတွေ လျော့ပါးသွားလိမ့်မည်ဟု မသူဇာတို့ လင်မယားနှစ်ယောက်စလုံးက တွက်ဆထားကြသည်။

ထို့ကြောင့် စိတ်မကောင်းဟန်လုပ်ပြပေမဲ့ ရင်ထဲကတော့ ဝမ်းသာနေမိတော့သည်။

“ဒါပေမဲ့ .. မင်းရဲ့နေမင်းသမီးအကြောင်းကို မမတို့ ဘယ်သူ့ကိုမှ မပြောပါဘူး မောင်လေးရယ် .. ဆရာ

ခေါ်တယ်ဆိုတာကလဲ မင်းအတွက်ပါပဲ ..”

မောင်ဗလက ဘာစကားမှ မပြောနေတော့ဘဲ စိတ်ပျက်ဟန်ဖြင့် လှည့်ထွက်သွားလေသည်။

မောင်ဗလဟု ခေါ်လိုက်သော်လည်း လှည့်မကြည့်တော့ .. အနောက်မှ မောင်ဗလ၏ခန္ဓာကိုယ်သည် ပိန်ချုံးချည့်နဲ့နေပြီး လမ်းလျှောက်လျှင်တောင် ယိုင်ထိုးနေကြောင်း အလန့်တကြားဖြင့် သတိပြုလိုက်မိတော့သည်။

“ဘုရားရေ .. ဒုက္ခရောက်တော့မယ် ထင်ပါရဲ့ အစ်ကိုရယ် ..ကျွန်မဖြင့်ထင်တောင်မထင်ဘူး .. ဒီလောက်ရက်ကလေးမှာ ဒီလောက်ကြီး ချုံးချုံးကျသွားရသတဲ့ .. မဖြစ်ဘူး .. ဆရာဝန်ခေါ်မှပဲဖြစ်တော့မယ် ..”

“ကိုယ်က အတင်းအကျပ် ဆေးရုံဆေးခန်းကိုခေါ်သွားဖို့စီစဉ်တုန်းက မင်းပဲကန့်ကွက်ခဲ့တာပဲမဟုတ်လား မသူဇာ .. အခုရက်တွေ ဘယ်လောက်တောင်လွန်ကုန်ပြီလဲ ..”

“ကဲပါရှင် အခုမှအပြစ်ပြောနေလို့ ဘာထူးမှာလဲ .. ကျွန်မကလဲ ဒီလောက်တောင်ဖြစ်သွားလိမ့်မယ်လို့ ထင်မှမထင်ပဲ .. အခုဆရာဝန်ပင့်မှဖြစ်မှပေါ့ ..”

ဒီလိုနှင့်ပင် ဆရာဝန်အိမ်ပင်ပြီး မောင်ဗလကို ပြုကြရပြန်သည်။

အားအရမ်းနည်းနေသည့်အတွက် ဆရာဝန်က ဆေးရုံတက်စေချင်သည်။

မောင်ဗလကလည်း အိမ်ကနေလုံးဝမသွားနိုင်ပါဟု ခါးခါးသီးသီး ငြင်းသည့်အပြင် ..

"အတင်းအကျပ်နည်းနဲ့ ကျွန်တော့်ကို ဆေးရုံပို့ကြရင်တော့ ကျွန်တော်သေမှာပဲ .. ဒီအချိန်မှာကျွန်တော်က ပျော်ပျော်ကြီးသေချင်နေတဲ့ကောင်ဗျ .."

ဟုပင် ခြိမ်းခြောက်သံဆန်ဆန်ဖြင့် ပြောလိုက်သေးသည်။

အားဆေးအကောင်းစားတွေ သွင်းပေးသော်လည်း အစာလည်းမစား ကောင်းကောင်းလည်းမအိပ်ဘဲ ပြူးကြောင်ကြောင် မျက်လုံးများနှင့် အမြဲတစေ တစ်စုံတစ်ရာကို ရှာဖွေနေသည့်အတွက် အင်အားကပြည့်ပြီးမလာ။

ပိုဆိုးတာက .. ညဥ့်သန်းခေါင်အချိန်များတွင် နေမင်းသမီးလေး နေမင်းသမီးလေးဟု ကယောင်ကတမ်း ထအော်ခေါ်တတ်တာပဲဖြစ်သည်။ ပယောဂဆရာနှင့်ပြဖို့

မတိုင်ခင်အစပိုင်းတုန်းက အနေအထိုင်အပြောအဆိုအားလုံး တည်ငြိမ်နေခဲ့သည့်မောင်ဗလသည် ယခု နေမင်းသမီးလေးကို အိပ်မက်မမက်တော့ မမြင်တွေ့ရတော့ဘူးဟုဖြစ်လာသည့်အခါမှာတော့ မောင်ဗလပုံစံကအရူးတစ်ယောက်နှင့်တူလာလေတော့သည်။

အလျှင်ကအခန်းအောင်းပြီး အိပ်မက်တွေနှင့်သာ ပျော်နေခဲ့သောမောင်ဗလသည် အခုတော့ မနက်စောစော အရုဏ်မတက်မီ အိမ်မှပျောက်သွားတတ်ပြီး လိုက်ရှာလျှင် ရွှေတိဂုံစေတီတော်၏မြောက်ဘက်မုခ်အနီး အောင်မြေနေရာနှင့် မနီးမဝေးတွင် ခပ်ငူငူကြီးထိုင်နေတတ်တာကိုပဲ တွေ့ရတတ်လေသည်။

မောင်ဗလသည် အိမ်သားများနှင့်စကားစမြည်ပြောဆိုခြင်း လုံးဝမရှိတော့သော်လည်း သူတစ်ယောက်တည်းရှိသည့်အချိန်များ၌ တစ်ယောက်တည်းစကားတွေ တတွတ်တွတ် ပြောဆိုနေလေတော့သည်။

"နေမင်းသမီးလေး .. ကျွန်တော့်ကို သနားပါဗျာ .. ကျွန်တော့်ဆီကို ပြန်လာခဲ့ပါ .. ကျွန်တော့်ကို သနားသဖြင့်တွေ့ခွင့်ပေးပါ .. စံအိမ်တော်ကိုလဲခေါ်ပါဗျာ ..

ကျွန်တော် နေမင်းသမီးလေးရဲ့အနားမှာပဲနေပါရစေ .. ဖြစ်တဲ့နည်းနဲ့လာခေါ်ပါဗျာ .. နေမင်းသမီးလေးရဲ့မျက်နှာကိုမမြင်မတွေ့ရဘဲ ကျွန်တော်အသက်မရှင်ချင်တော့ပါဗျာ.."

ဆိုသည့် စကားကို သနားစဖွယ် တတွတ်တွတ်ပြောဆိုရင်း မျက်ရည်တွေတွေကျနေလေတော့သည်။

စိတ်ရောဂါကုဆရာဝန်ကြီးကို အိမ်သို့ပင့်ပြီးကုသသော်လည်း မောင်ဗလ၏အခြေအနေက ထူးခြားမလာပါ .. ဆရာဝန်ပေးသည့်ဆေးကြွေကိုလည်း ဘယ်လိုမှတိုက်လို့မရ .. အစားအစာကိုလည်း ဟုတ်တိပတ်တိ မစား .. နေ့ရောညပါ ကောင်းမွန်စွာ **အိပ်စက်**ခြင်းမရှိတော့ဘဲ အခြေအနေက တစ်နေ့ထက်တစ်နေ့**ဆိုးဝါး**လာတော့သည်။

မောင်ဗလသည် တခြားမည်သည့်**စကား** မည်သည့်**အကြောင်း**အရာကိုမှ မပြောတော့ဘဲ **နေမင်းသမီး**၏**အကြောင်း**ကိုပင် အားအင်ကုန်ခန်း၍ လေသံသဲ့သဲ့လေးသာ**ထွက်နေ**သည့်အနေအထားနှင့်ပင် တဖွဖွ ပြောဆိုနေလေတော့သည်။

မောင်ဗလကို ကုသနေသည့်ဆရာဝန်နှစ်ယောက်စလုံးကစိတ်ကြောင့်ဖြစ်ရသည့်ရောဂါကို ကုသရန်ခက်ခဲ

ကြောင်း ပြောပြကြသည် .. စိတ်ကို စိတ်နှင့်ကုသမှရလိမ့်မည်ဟု ပြောဆိုကြသော်လည်း မောင်ဗလ၏ပုံစံကတော့ သူ့ကိုယ်သူ ပြန်လည်နေကောင်းချင်စိတ်ပင် ရှိပုံမရဘဲ ဖြစ်ချင်ရာဖြစ် ပစ်ချထားသည့်ပုံစံမျိုး ဖြစ်နေတာသိသာလေသည်။

"ကိုဘမျှင်နဲ့မသူဇာကို အကောင်းဆုံးအကြံပေးရမယ်ဆိုရင်တော့ လူငယ်တွေရဲ့ချစ်ခြင်းကိုမခွဲဘဲ လိုက်လျောပေးလိုက်ပါဗျာ .. မောင်ဗလနှစ်သက်နေတဲ့မိန်းကလေးနဲ့ အမြန်ဆုံး လက်ထပ်ပေးလိုက်ပါ .. အဲဒါဆို သူ ပုံမှန်အတိုင်း ပြန်ဖြစ်လာပါလိမ့်မယ် .. ခေတ်မီဆေးဝါးတွေနဲ့တော့ ဘယ်လိုမှနာလန်ထူအောင်ကုသပေးလို့ရမှာမဟုတ်တော့ဘူးဗျာ .."

ဟု ဆရာဝန်ကပြောလာသည်။

ဆရာဝန်ကြီး၏စိတ်ထဲတွင် သူမတို့က မောင်ဗလကို ချစ်သူနှင့်ခွဲထားခြင်းဟု ထင်မြင် ယူဆထားပုံရသည် .. ဘယ်လိုတွေပြန်ပြောရမည်မှန်း မသိသည့်အတွက် ဟုတ်ကဲ့ဟုပဲ ခေါင်းအတွင်ညိတ်ရလေတော့သည်။

ဘယ်လိုမှမတတ်သာသည့်အဆုံး နေမင်းသမီး

ဆိုသည့်မိန်းကလေးကို မောင်ဗလတွေ့ဆုံခဲ့သည့် ရွှေတိဂုံစေတီတော်ရင်ပြင်မှာပင် ထိုမိန်းကလေးအကြောင်းကိုမေးမြန်းစုံစမ်းရလေတော့သည်။

မေးမြန်းစုံစမ်းသည်ဆိုသော်လည်း ဘယ်သူဘယ်ဝါမှန်းမသိဘဲ မောင်ဗလပြောသည့်စကားများအရသာလိုက်လံမေးမြန်းရတာမို့ စမ်းဆဝါးဝါးဖြစ်နေတော့သည်။

ပန်းသည်များကိုလည်း မေးမြန်းသည် .. အလှူခံပေးနေသည့်နိဗ္ဗာန်ဆော်များကိုလည်း မေးမြန်းသည် .. နေ့စဉ်ဘုရားသို့လာပြီး အဓိဋ္ဌာန်ဝင်နေသူများကိုရော နေ့အလိုက် တံမြက်လှည်းအသင်းမှလူများကိုပါ စုံနေအောင်မေးမြန်းသည်။

သို့သော် ဘာမှမထူးခြား .. ဘယ်သူ့ကိုပဲမေးမေး မသိပါဘူး အဲဒီလိုပုံစံနဲ့မိန်းကလေးမျိုးကို မမြင်ဖူးပါဘူး မတွေ့ဖူးပါဘူး ဆိုသည့် အဖြေများကိုသာရရှိပြီး အသက်ကြီးဆယ်ကျော် ဘုရားဝေယျာဝစ္စလုပ်ပေးနေသည့် အဘာတစ်ယောက်ထံမှတော့ မရေမရာ အကြောင်းအရာတစ်ခုကို သိလိုက်ရသည်။

"အဘာလူပျိုပေါက်အရွယ်တုန်းကတော့ အနီရောင်

ကတ္တီပါခြုံထည်ကြီးကို ခြုံပြီး နေမင်းကြီးကို တစ်နေ့လုံးမော့ကြည့်နေတတ်တဲ့အမျိုးသမီးတစ်ယောက်ကိုတစ်ကြိမ်နှစ်ကြိမ်လောက်မြင်ဖူးသကွယ် .. ဒါပေမဲ့ အသက်ငယ်ငယ်လေးတော့မဟုတ်ပါဘူး .. တစ်ခေါင်းလုံးကဆံပင်တွေ ဆွတ်ဆွတ်ဖြူဖွေးနေတဲ့အဘွားကြီးတစ်ယောက်ပါ .. နှစ်တွေလည်းကြာလှပြီဆိုတော့ ဘယ်ရှိနိုင်တော့မလဲလေ .. နောက်ပိုင်းတော့ အဲဒီလိုမျိုးမမြင်မိတော့တာ အခုထိပါပဲ"

"ဒီရက်ပိုင်း လပိုင်းမှာ အဘာမမြင်ဖူးဘူးပေါ့နော်"

"မမြင်တာ သေချာပါတယ်ကွယ် .. အဘာကဘုရားမှာပဲနေ့စဉ် အချိန်ကုန်နေတဲ့လူပဲဟာ .. လာရင်မသိဘဲမနေပါဘူးကွယ် .."

ဟု အဘာက အသေအချာ ပြောပြသည့်အခါမှာတော့ မသူဇာတို့၏စုံစမ်း မေးမြန်းမှုများက အပြီးသတ်သွားရလေတော့သည်။

ဘယ်လိုအဖြေမျိုးကိုမှလည်း တိတိကျကျ မရခဲ့တော့ပါ .. နောက်ဆုံးတော့ နေမင်းသမီးဆိုတာ မောင်ဗလ၏ စိတ်ကူးယဉ်ခြင်းလား .. ဒါမှမဟုတ်

မောင်ဗလတစ်ယောက်တည်းပဲတွေ့ခဲ့ရတာလားဆိုတာ မခွဲခြားနိုင်တော့ဘဲ အဆုံးသတ်သွားရလေတော့သည်။

* * * * * * * * *

အခန်း (၁၂)

အဘွားသည် စကားအရှည်ကြီးကို ပြောချလာရသည့်အတွက် သက်ပြင်းမောကြီးကို ချလိုက်လေသည်။

"အဲဒါပါပဲ မြေးရယ် .. နေမင်းသမီးဆိုတာကို ဘယ်နေရာမှာမှ မေးမြန်းစုံစမ်းလို့ မရတော့ပါဘူး .. ဘယ်သူမှလဲမသိကြ မမြင်ဖူးကြဘူးလေ .."

"ဘွားဘွားရဲ့မောင်လေးကကော ဘာဖြစ်သွားသလဲ ဟင် .."

အာယုမေးတာကို အဘွားကချက်ချင်းမဖြေနိုင်သေးဘဲ အကျီလက်မောင်းစနှင့်မျက်ရည်ကို သုတ်လိုက်ပြီးမှ ဆက်

ပြောလေသည်။

"ဘွားဘွားမောင် မောင်ဗလကတော့ အဲဒီစိတ်နဲ့ပဲ လုံးပါးပါးခဲ့ရတာပေါ့ သားရယ် .."

"နေမင်းသမီးလေး ဆိုတဲ့ အစွဲအလမ်းနဲ့ မစား မသောက်ဘဲနေ မအိပ်ဘဲနေပြီး ပြောရရင်တော့ သူ့ကိုယ်သူ အသေခံပစ်လိုက်သလိုပါပဲလေ .. နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့ကနေ နောက် ရက်ကိုးဆယ်ပဲနေလိုက်ရတယ် မောင်ဗလဆုံးသွားခဲ့တယ် .. အခုဆိုရင် နှစ်ပေါင်းလေး ဆယ့်လေးနှစ်တောင်ရှိပြီပေါ့ကွယ် .. ငါ့မြေးက ညက အိပ်မက်မက်တယ်ဆိုတော့ .."

အဘွားက ရှေ့ဆက်မပြောဘဲရပ်လိုက်သည်။

အာယုကတော့ သူ့အိပ်မက်သည် အဘွားတို့ကို ဘာကြောင့်အံ့အားသင့်သွားကြသလဲ စိတ်ဆင်းရဲသွားရ စေသလဲဆိုတာကို အခုမှပဲသဘောပေါက်မိသွားသလို အဘွား မောင် ဦးဗလ၏အဖြစ်အပျက်များကိုလည်း စိတ်ဝင်စား မိသွားလေတော့သည်။

"ဒါဆို ကျွန်တော်မက်တဲ့အိပ်မက်ဟာ ဒီခြံကြီးထဲ မှာ လွန်ခဲ့တဲ့အနှစ်လေးဆယ်ကျော်က တကယ်ဖြစ်ပျက်

ခဲ့တဲ့အဖြစ်အပျက်ပေါ့ .."

"ဟုတ်တယ် သား .. မောင်လေး သေဆုံးသွား ပြီးတဲ့နောက်မှာ ယူကျုံးမရ ခံစားရလွန်းလို့ မောင်လေး ရဲ့ဓာတ်ပုံတွေ သူ့ရဲ့အသုံးအဆောင်ပစ္စည်းတွေအားလုံးကို သူ့အခန်းထဲထည့်သိမ်းပြီး အခန်းကိုလဲသော့ပိတ်ထားခဲ့ တာ ဒီနေ့အထိပါပဲ သားရယ် .."

"ခုတော်တော်ထူးဆန်းတာပဲနော် .. နေမင်းသမီး ဆိုတာ တကယ်ပဲရှိသလား .. ဒါမှမဟုတ် စိတ်ထဲကထင် နေတာလား .. တကယ်ရှိနေတယ်ဆိုရင်တော့ ကျွန်တော် တောင်မြင်ဖူးချင်တယ် .."

ဟု သူကပြောတော့ အဘွားက အထိတ်တလန့် တားမြစ်သည်။

"အို အဲဒီလိုမျိုး မပြောပါနဲ့ သားရယ် .. အဲဒီ မိန်းကလေးဆိုတာ တကယ်ရှိချင်ရှိလိမ့်မယ် .. မရှိချင် လဲမရှိဘူးပေါ့ .. ရှိတာ မရှိတာ သူ့ကိစ္စပါကွယ် .. သားလေးနဲ့မဆိုင်ပါဘူး .. တွေ့လဲမတွေ့ချင်ပါနဲ့ .."

"သိလဲမသိချင်ပါနဲ့ .. စပ်စပ်စုစုလဲ မလုပ်ချင်ပါနဲ့ ကွယ် .."

"ဘာဖြစ်လို့လဲ ဘွားဘွား .."

"အိုကွယ် .. ဘာဖြစ်လို့လဲလို့ မမေးပါနဲ့ .. ဘွားဘွားမှာ မောင်ဗလတစ်ယောက် ကိုယ့်မျက်စိရှေ့မှာတင် ဒုက္ခရောက်ပြီး လူ့လောကထဲကထွက်ခွာသွားခဲ့ရတာကို တွေ့ထားမြင်ထားခဲ့ပြီးပြီ .. ရင်ကွဲပက်လက်လဲ ခံစားခဲ့ရပြီးပြီ .. ဒါကြောင့် နေမင်းသမီးဆိုတဲ့အသံကို ကြားကို မကြားရဲတာ .."

အာယုက ဘာမှထပ်မပြောဘဲ နေလိုက်ရပေမဲ့ စိတ်ဝင်စားမှုကတော့ ရပ်တန့်မသွားပါ။

ဒါပေမဲ့ .. အဘိုးနဲ့အဘွားက သူ့စိတ်ဝင်စားမှုကို မသိကျိုးကျွန်ပြုထားခဲ့ကြပြီး ဦးလေးအကြောင်းပြောပြမိတာကိုလည်း နောင်တရနေကြသလို ပြန်လည်၍ တိတ်ဆိတ်သွားခဲ့ကြလေသည်။

အာယု ကတော့ အဘွားပြောပြသည့်အကြောင်းအရာများထက် ပိုမိုပြည့်စုံစွာသိလိုသည့် ဆန္ဒများရှိနေခဲ့သလို သော့ခတ်ထားသည့်ဦးလေး၏အခန်းကိုဖွင့်ကြည့်လိုသည့်ဆန္ဒများလည်း ရှိနေခဲ့လေသည်။

သို့သော် .. အဘိုးနှင့်အဘွားက သူ့လက်ထဲသို့

သော့အပ်လိုပုံမရှိခဲ့ပါ။

"ကျွန်တော် ဦးလေးရဲ့အခန်းထဲဝင်ကြည့်ချင်တယ် အဘွား .."

ဟု ပြောတော့လည်း ခွင့်မပြုပါ။

"ဘာမှမရှိပါဘူးကွယ် .. ကြည့်မနေပါနဲ့ .." ဟုပဲ ပြောခဲ့လေသည်။

အဘွားတို့က **အဲဒီလိုလုပ်လေ** သူ့အတွက်ပဟေဠိဖြစ်ရလေနှင့် သိချင်စိတ်ဇွေက ပိုမိုပြင်းပြလာခဲ့ရသလို နေမင်းသမီးဆိုသည့်နာမည်ကလည်း သူ့ရင်ဘတ်ထဲတွင် မေ့မရအောင် တွယ်ငြိသွားခဲ့လေသည်။

* * * * * * * * *

အခန်း (၁၃)

အခုတော့ အဘိုးရောအဘွားပါ လူ့လောကတွင် မရှိတော့ပါ .. လက်ရှိနေထိုင်သည့်အိမ်ကြီးကို တစ်ဦးတည်းသောအမွေဆက်ခံသူအဖြစ် သူ ရရှိခဲ့လိုက်သည်။

ဒီတော့မှ အဘွားတို့မဖွင့်စေချင်ခဲ့သည့် ဦးလေး၏အခန်းကိုလည်း သူ သော့ဖွင့်ခွင့်ရရှိခဲ့တော့သည်။

တကယ်တော့ ဦးဗလ၏အိပ်ခန်းသည် အဘိုးနှင့် အဘွားပြောခဲ့သလိုပင် ဘာတစ်ခုမှမဆန်းကြယ်ပါ .. သူ ထင်ထားသလို အထူးအဆန်းတွေလည်းရှိမနေခဲ့ဘဲ သာမန် အိပ်ခန်းတစ်ခန်းသာဖြစ်သည်။

အခန်းထဲ၌စာအုပ်ပေါင်းများစွာရှိသည် .. ဓာတ်ပုံတွေရှိသည် .. ကိုလိုမိုလီအသုံးအဆောင်ပစ္စည်းလေးတွေရှိသည် .. ထို့ထက်မပိုပါ။

နေမင်းသမီးအကြောင်းကို အဘွားပြောပြတာထက်ပိုမိုသိခွင့်ရနိုင်မည့် သဲလွန်စကို အခန်းထဲ၌ရှာဖွေမိသည် .. ဒါပေမဲ့ နေ့စဉ်ရေးမှတ်တမ်း၏နောက်ဆုံးစာရွက်တွင်ရေးထားသည့် နေမင်းသမီး စတင်တွေ့ရသည့်အဖြစ်အပျက်တစ်ခုကလွဲပြီး နောက်ထပ်မတွေ့ရတော့တာ ဆိုးလေသည်။

လူ့စိတ်ဆိုတာကလည်း အတော့်ကိုခက်သည် .. ကိုယ်သိချင်နေသည့်အကြောင်းအရာတစ်ခုကို မသိရလေလေ သိချင်စိတ်တွေ ပိုမိုများပြားလာလေလေနှင့်လုံးချာလည်ရတော့၏။

ထို့ကြောင့်ပင် .. အာယုက နေမင်းသမီးနှင့်ပတ်သက်သည့် အကြောင်းအရာကို ရေးထားသည့် မှတ်တမ်းကလေးကို ခဏခဏဖတ်မိနေတာပဲဖြစ်သည်။

တစ်ပိုင်းတစ်စမှတ်တမ်းလေးကိုဖတ်ပြီး နောက်ထပ်အဖြစ်အပျက်တွေကို ဘာဖြစ်လို့ရေးမထားခဲ့ရတာလဲဟု

မချင့်မရဲဖြစ်မိပြန်သည်။

အဘွား၏မောင် ဦးလေးသည် နေ့စဉ်မှတ်တမ်းရေးသည့်အလေ့အကျင့် ရှိသူတစ်ယောက်သည် မရေးဘဲနှင့် လုံးဝမနေနိုင်ပါ .. အခု ဦးဗလသည် သူ၏မွေးနေ့တွင် နေမင်းသမီးနှင့်တွေ့ရသည့်အကြောင်းကိုသာ ရေးထားပြီး နောက်နေ့များတွင်ဘာတစ်ခုကိုမှရေးမှတ်ထားခြင်းမရှိသည်မှာ အံ့သြစရာ ဖြစ်နေလေသည် .. နေမင်းသမီးနှင့် ဆက်နွယ်တာကို နေ့စဉ်မှတ်တမ်းထဲတွင်ဆက်မရေးတော့ဘဲ တခြားစာအုပ်တစ်အုပ်အုပ်ထဲတွင် ထည့်ရေးထားလေမည်လားဟု တွေးမိသည့်အတွက် အာယုက အခန်းထဲတွင် ပိုက်စိပ်တိုက်ရှာဖွေမိသည်။

ဒါပေမဲ့ .. နောက်ထပ် နေမင်းသမီးအကြောင်း ရေးထားသည့်စာအုပ်ကိုသော်လည်းကောင်း နေမင်းသမီးဆိုတာနှင့်ပတ်သက်သည့် သဲလွန်စတစ်စုံတစ်ရာကိုသော်လည်းကောင်း လုံးဝမတွေ့ရဘဲဖြစ်နေလေသည်။

ထို့ကြောင့် သူကဟောင်းနွမ်းဆွေးမြည့်နေသည့် နေ့စဉ်မှတ်တမ်းစာအုပ်ကလေးထဲမှ နေမင်းသမီးနှင့်ပတ်သက်သည့်မှတ်စုကလေးကိုပဲ မကြာခဏထုတ်ဖတ်ဖြစ်နေရလေ

သည်။

အဘိုးနှင့်အဘွားမရှိတော့သည့်နောက်ပိုင်း အိမ်အိုအိုကြီးထဲတွင် တစ်ယောက်တည်းနေထိုင်ရသည့်သူ့အဖို့ တစ်ယောက်တည်းအားလပ်ပျင်းရိသည့်အချိန်များတွင် နေမင်းသမီး၏အကြောင်းကိုသာ တွေးတောနေမိပြီး သူ့စိတ်များသည်လည်း တစ်ခါမှမတွေ့ဖူး မမြင်ဖူးသည့်အပြင် ရှိ မရှိ ဆိုတာပင်မသေချာသည့် နေမင်းသမီးဆိုတာကို နက်ရှိုင်းစွာ စိတ်ဝင်စားနေမိလေတော့သည် .. ဖြစ်နိုင်မည်ဆိုလျှင် နေမင်းသမီးလေးနှင့်တွေ့ချင်သည်ဟုလည်း သူကအခါခါဆန္ဒပြုဖြစ်နေသေးသည် .. ထိုဆန္ဒကြောင့်ပင် မနက်ပိုင်းရုံးမသွားခင်အချိန်တိုင်း သူက ရွှေတိဂုံဘုရားကို သွားဖူးတတ်ပြန်သည်။

ဘုရားဖူးရင်း နေမင်းသမီးကို ရှာဖွေမိဆဲ .. ဆယ်တန်းကျောင်းသားဘဝက ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းတစ်ယောက်ကို ဘုရားပေါ်၌ အမှတ်မထင် ပြန်တွေ့ခဲ့ရလေသည်။

သေချာတာကတော့ ထိုသူငယ်ချင်းကို တွေ့ဆုံရခြင်းသည် သူ့ဘဝအတွက်ကြီးမားသောအပြောင်းအလဲတစ်ခု

ဖြစ်သွားခဲ့ရခြင်းပင် ဖြစ်လေသည်။

* * * * * * * * *

အခန်း (၁၄)

ရှုတ်တရက် ကြားလိုက်ရသည့်ခေါ်သံကြောင့် အာယုက နောက်ကိုလှည့်ကြည့်လိုက်မိသည်။

ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင်ပေါ်တွင် ဘုရားဖူးများ အနည်းငယ်ကျဲပါးနေသည့်အတွက် သူ့နာမည်ကို ခေါ်လိုက်သူအား ချက်ချင်းပဲရှာတွေ့သည်။

ထိုသူသည် မရိတ်မသင်တာ အတော်ကြာပြီဖြစ်သည့် မုတ်ဆိတ်မွေးထိုးထိုးထောင်ထောင် ဆံပင်မသပ်မရပ် အဝတ်အစားနွမ်းဖတ်ဖတ်နှင့်လူတစ်ယောက်ဖြစ်ပြီး သူ့ကို ခပ်ပြုံးပြုံး ကြည့်နေလေသည်။

"မောင်အာယု .. မင်း ငါ့ကို မမှတ်မိဘူးလား .. ငါ ဘယ်သူလဲဆိုတာ သေချာကြည့်ပါကွ .."

ထိုလူသည် သူ့ကို တရင်းတနှီးပြောဆိုနေတာမို့ အသိအကျွမ်းထဲကများဖြစ်နေမလားဟု အာယုက စဉ်းစားရပြန်သည်။

သို့သော် ဒီလိုပုံစံမျိုး အပြင်အဆင်မျိုး အသွေးအမွေးမျိုးနှင့် သူ့အသိမိတ်ဆွေထဲတွင် တစ်ယောက်တလေ ပင်မရှိ ဆိုသည့် အဖြေကိုပဲရသည်။

"စိတ်မရှိပါနဲ့ဗျာ .. ဦးလေးကို ကျွန်တော်မသိပါဘူး .."

ဟု သူက အတတ်နိုင်ဆုံး ယဉ်ကျေးစွာပြန်ပြောလိုက်သော်လည်း သူ့စကားဆုံးတာနှင့် ထိုလူ ခွက်ထိုးခွက်လန် အော်ဟစ်ရယ်မောလေတော့သည် .. ရုတ်တရက်မို့ သူက စိတ်တိုသွားမိသည်။

"အသေအချာကြည့်ပါဦး အာယုရယ် .. မင်း ငါ့ကို သိပါတယ်ကွာ .."

ပြောပြောဆိုဆို ထိုလူက အားရပါးရ ရယ်မောလိုက်သည် .. ဒီတော့မှ ဘယ်သူဘယ်ဝါဖြစ်ကြောင်းသိ

လိုက်မိသည့်အတွက် အာယုက ဝမ်းသာအားရ ထအော်လိုက်မိသည်။

"ဟာ .. ကိုရွှေသွား .."

"ဟာ .. ဟာ .. မှတ်မိပြီလားကွ .."

"မှတ်မိပြီ .. မှတ်မိပြီ .. ဘယ်လိုဖြစ်တာလဲဗျာ.."

ကိုရွှေသွားသည် ဆယ်တန်းတုန်းကသူနှင့်ကျောင်းအတူတူတက်ခဲ့သည့် သူငယ်ချင်းဖြစ်သည် .. ကျောင်းနေဖက်သူငယ်ချင်းဆိုပေမဲ့ သက်တူရွယ်တူတော့မဟုတ်ပါ .. ကိုရွှေသွားက သူ့ထက် သုံးနှစ်လောက်ကြီးလေသည်။

နာမည်အရင်းကိုမခေါ်ဘဲ ရွှေသွားစိုက်ထားသည့်အတွက် ကိုရွှေသွား ဟုပဲခေါ်ကြသည် .. ဆယ်တန်းကျောင်းသားတုန်းကတော့ ကိုရွှေသွားသည် ချမ်းသာသောတောသူဌေးမိဘများ၏ တစ်ဦးတည်းသောသားဖြစ်သဖြင့် ကောင်းကောင်းမွန်မွန် ဝတ်စားနေထိုင်နိုင်သည်။

ပိုက်ဆံလည်းသုံးနိုင်သည် .. အာယုကတော့မိဘမရှိဘဲ အဘိုးအဘွားနှင့်နေထိုင်ရသူမို့အရာရာချွေတာရသည် .. ထို့ကြောင့် ကိုရွှေသွားက သူ့ကို နေ့စဉ်နေ့တိုင်း

မုန့်ကျွေးသည် .. လက်ဖက်ရည် အအေးတိုက်သည် .. မသောက်ချင်ဘူး မစားချင်ဘူးဟု ငြင်းလို့လည်းမရပါ .. တစ်ခါတစ်ရံလက်ဆောင်အဖြစ် အသုံးအဆောင်ပစ္စည်းများကိုပင် ဝယ်ပေးတတ်သေးသည်။

သဘောကောင်းပြီး ချမ်းသာ ပြည့်စုံသည့် ကိုရွှေသွားကြီးကို အခုလိုပုံစံမျိုးဖြင့်တွေ့လိုက်ရသည့်အတွက် သူက အံ့အားသင့်ရသလို စိတ်မကောင်းလည်းဖြစ်သွားရသည်။

ဒါပေမဲ့ .. ကိုရွှေသွားကို ကြည့်ရတာ ဝမ်းနည်းဟန် သိမ်ငယ်ဟန် စိတ်ထိခိုက်နေဟန်များ ရှိမနေဘဲ ရွှင်မြူးနေတာကိုပဲတွေ့ရလေသည်။

"လာ .. လာ .. ကျွန်တော်တို့တန်ဆောင်းမှာ ထိုင်ပြီးစကားပြောရအောင် မတွေ့ရတဲ့နှစ်တွေလဲ မနည်းတော့ဘူး .."

"မင်း ရှုံးသွားရမယ်မဟုတ်လား မောင်အာယု .."

"ရပါတယ်ဗျာ .. ကိုရွှေသွားနဲ့က အခုမှတွေ့ရတာ .. ရှုံးမသွားတော့ဘူးပေါ့ .."

"ဖြစ်လို့လားကွာ .. မင်းရဲ့အလုပ်ရှင်သူဌေးက

တော်တော်ဆိုးတဲ့လူကြီး အဲဒီလိုအလုပ်အများကြီးပိနေတဲ့နေ့မျိုးမှာ မင်းသာရှုံးမတက်ရင် ဒေါသပုန်ထမှာကွ .."

ကိုရွှေသွားပြောသည့်စကားကို အံ့အားသင့်လွန်းလို့ အာယုက ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ကိုရွှေသွား ပြောသလိုပင် သူ့အလုပ်ရှင်သူဌေးက ဆိုးသည် .. ကပ်စေးနှဲ စီးပိုးသည် .. ဒီရက်ပိုင်းတွင် ကုမ္ပဏီ၌အလုပ်တွေပိနေသည်ဆိုတာလည်းအမှန်ပဲဖြစ်သည် .. ဒါတွေကို ကိုရွှေသွားက ဘယ်လိုလုပ်သိနေရတာလဲ .. အံ့သြဖို့အတော်ကောင်းသည်ဟု တွေးမိဆဲ ..

"ဘာမှတွေးမနေနဲ့ မောင်အာယု .. မင်းအလုပ်ကိုသာ မင်းသွား .. ငါက မင်းနဲ့အတူတူနေဖို့လာတာကွ .. ဒီတော့ ငါ့ကို မင်းအိမ်မှာလက်ခံထားနိုင်မယ်ဆိုရင် မင်း အိမ်သော့ကိုသာပေးထားခဲ့ .. ငါ မင်းကို အိမ်ပြန်ပြီးစောင့်နေမယ် .. လက်မခံနိုင်ရင်လဲ အားမနာနဲ့ကွ ပွင့်ပွင့်လင်းလင်းသာပြော .."

တစ်ယောက်တည်းသမား သူ့အတွက် ကိုရွှေသွားကို လက်ခံမထားနိုင်စရာဘာအကြောင်းမှမရှိ .. ကိုရွှေသွားသည် သူ့အပေါ်ကောင်းခဲ့သူတစ်ယောက်ဖြစ်သည်။

တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသည့်စကားအရဆိုလျှင် ကိုရွှေသွား၏ကျေးဇူးတွေပင် သူ့အပေါ်၌တင်ရှိနေသေးသည် .. ပြီးတော့ အခုအခနေအထားတွင် ကိုရွှေသွားက နိမ့်ပါး စုတ်ပြတ်နေသူဖြစ်နေသည်။

ထို့ကြောင့် .. သူက လှိုက်လှိုက်လှဲလှဲပင် ကိုရွှေသွားကို လက်ခံလိုက်တော့သည်။

"ဟာ .. သိပ်ကောင်းတာပေါ့ဗျာ .. ကျွန်တော်က တစ်ယောက်တည်း နေ နေရတာဗျ .. ကိုရွှေသွားကျွန်တော်နဲ့လာနေတော့ကောင်းတာပေါ့ဗျာ .. အိမ်သော့လဲပေးလိုက်မယ် .. အိမ်လိမ်စာလဲပေးလိုက်မယ် .. ကျွန်တော့်အိမ်မှာ အေးအေးဆေးဆေးသာသွားနေပါဗျာ .. လောလောဆယ်တစ်ခုခုသွားစားရအောင် .."

"အေး .. ကောင်းတာပေါ့ကွာ .."

ဒီလိုနှင့် သူနှင့်ကိုရွှေသွားက ဘုရားရင်ပြင်ပေါ်မှ ဆင်းလာခဲ့ပြီး ဗဟန်းဘက်မှခ်ရှိစားသောက်ဆိုင်ကို သွားဖြစ်သည်။ ဘုရားပေါ်မှဆင်းလာတော့ ကိုရွှေသွား၏ ခြေထောက်တွင်ဖိနပ်ပင်မစီးနိုင်ကြောင်း အာယုက စိတ်မကောင်းစွာ သတိထားမိသည်။

သပ်ရပ်သားနားစွာ ဝတ်ဆင်ထားသည့် သူနှင့် စုတ်ပြတ်သတ်နေသည့်ကိုရွှေသွားတို့ လမ်းအတူတူလျှောက်ကြတော့ တွေ့သမျှလူတွေကအထူးအဆန်းလို ဝိုင်းကြည့်ကြသည့်အတွက် သူကကိုရွှေသွားကိုအားနာမိသော်လည်း ကိုရွှေသွား၏မျက်နှာသွင်ပြင်ကတော့ မည်သည့်အရာကိုမှ အလေးဂရုထားပုံမရပါ။

လဘက်ဖက်ရည်ဆိုင်တွင်ထိုင်ကြတော့ ကိုရွှေသွားက ပေါက်စီသုံးလုံးနှင့်လက်ဖက်ရည်သုံးခွက်ကို တစ်ပြိုင်တည်းမှာပြီး အားပါးတရ စားသောက်ပစ်လေသည်။

အာယုကတော့ ကိုရွှေသွား၏အဖြစ်ကိုကြည့်ပြီး စိတ်ထိခိုက်လွန်းလို့ မျက်ရည်ပင်ဝဲမိလေတော့သည်။

"ဘယ်လိုဖြစ်လို့ ခင်ဗျားဘဝ အခုလိုပုံစံဖြစ်သွားရတာလဲဗျာ .."

ဆိုသည့် စကားကို မေးချင်သော်လည်းမေးလို့ မထွက်ဘဲဖြစ်နေရသည်။

"မင်း ရုံးချိန်နီးပြီမဟုတ်လား .. သွားတော့လေကွာ .."

"ရတယ် ကိုရွှေသွား .. ကျွန်တော် ခင်ဗျားကို

အိမ်ရောက်အောင်ပို့ထားပေးခဲ့မယ် .. ပြီးတော့မှ ရှုံးသွားမယ် ..”

“မလုပ်ပါနဲ့ကွာ .. ငါ့ဘာသာငါ သွားတတ်ပါတယ် .. မင်း ငါ့ကို မေးခွန်းတွေအများကြီး မေးချင်နေတယ်မဟုတ်လား .. ရုံးကပြန်လာတော့ မေးပေါ့ကွာ .. ကဲ .. သွားကြစို့ ..”

လက်ဖက်ရည်ဆိုင်မှထွက်လာတာနှင့် သူနှင့် ကိုရွှေသွားက လမ်းခွဲလိုက်သည်။

သူကရုံးကိုသွားပြီး ကိုရွှေသွားကတော့ သူ့အိမ်ကို သွားလေသည်။ အာယုက ကိုရွှေသွားအကြောင်းကိုတွေးပြီးစိတ်မကောင်းဖြစ်နေရသည့်အတွက် အလုပ်လုပ်ရတာ စိတ်မဖြောင့်ဘဲဖြစ်ရသည်။

သူနှင့်ကိုရွှေသွားသည် ဆယ်တန်းစာမေးပွဲဖြေဆိုပြီးသည့်နောက်ပိုင်းမှစ၍ မတွေ့ရတော့တာဖြစ်သည် .. အောင်စာရင်းတွေထွက်တော့လည်း ကိုရွှေသွားကရန်ကုန်ကို ရောက်မလာပါ .. ကိုရွှေသွား စာမေးပွဲအောင်တာကိုတော့ သူသိသည် .. ဘယ်တက္ကသိုလ်မှာတက်သည် ဘာလုပ်နေသည်ဆိုသောသတင်းမျိုးကိုတော့ လုံးဝမကြား

ရဘဲ နှစ်တွေအတော်ကြာခဲ့ပြီး အခုမှဖြုန်းစားကြီး ပြန်တွေ့ရတာဖြစ်သည်။

တွေ့တော့လည်း ကိုရွှေသွား၏အခြေအနေကအံ့သြစရာကောင်းလောက်အောင်ဖြစ်နေသည် .. တောသူဌေးသား ချမ်းသာကြွယ်ဝသူတစ်ယောက်၏ဘဝကနေ ဖိနပ်ပင်မစီးနိုင်လောက်အောင် မွဲချာသောအနေအထားကို ဘာကြောင့်ရောက်သွားရတာလဲ။

ပြီးတော့ သူ့ထက်သုံးနှစ်လောက်သာကြီးသည့် ကိုရွှေသွားသည် သူကဦးလေးဟုခေါ်ရလောက်အောင်ကို ရင့်ရော်သွားတာလည်း ထူးဆန်းသည်။

ကိုရွှေသွားနှင့်ပတ်သက်ပြီး သိချင်တာတွေများပြားနေသည့်အတွက် အလုပ်မလုပ်နိုင်ဘဲ အာယုက ရုံးဆင်းချိန်ကိုသာ စိတ်စောနေမိတော့သည်။

ရုံးဆင်းတော့လည်း သူက အခါတိုင်းနေ့တွေလို ဘတ်စ်ကားနှင့်မပြန်ဘဲ ကိုရွှေသွားနှင့်စကားအမြန်ပြောရဖို့အတွက် တက္ကစီငှားချိပြန်လာဖြစ်သွားလေတော့သည်။

* * * * * * * * *

အခန်း (၁၅)

ခြံထဲကိုဝင်လိုက်တာနှင့် အမှိုက်တွေချုံတွေရှင်းလင်းနေတာကို အာယု သတိထားလိုက်မိသည်။

"ဟာ .. ကိုရွှေသွားက ဘာတွေလျှောက်လုပ်နေသလဲမသိဘူး .. အေးအေးဆေးဆေးမနေဘဲ အပင်ပန်းခံနေတယ် .." ဆိုသည့်စကားကို အာယုက တစ်ယောက်တည်း ညည်းညူရေရွတ်လိုက်ချိန်မှာပင် သူ့နောက်ဘက်မှ ကိုရွှေသွား၏စကားသံကိုကြားရလေသည်။

"မပင်ပန်းပါဘူးကွာ .. မင်းလဲမအားလို့ မလုပ်နိုင်ဘူးမဟုတ်လား .. ငွေကြေးအခက်အခဲကြောင့် မာလီ

လဲမထားနိုင်တော့ဘူး .. ထမင်းချက်ကိုလဲအလုပ်ထုတ်ပစ်လိုက်ရပြီ ဟုတ်တယ်မဟုတ်လား မောင်အာယု"

"ဘုရားပေါ်မှာမေးမလို့ဗျ .. ကိုရွှေသွား ခင်ဗျား အကြားအမြင်တွေများ ပေါက်နေသလားဗျာ .."

သူ့စကားကြောင့် ကိုရွှေသွားက တဟားဟားအော်ရယ်သည်။

"အထင်မကြီးစမ်းပါနဲ့ကွာ .. ဒီလိုပဲ ရမ်းသမ်းပြီးပြောလိုက်တာပါ .."

"ရမ်းသမ်းပြီး ပြောတာဆို ဒီလောက်မှန်နိုင်မယ် မထင်ပါဘူး .."

"မင်းကတော့ ငါ့ကို ကြဲဖန်အထင်ကြီးနေပြန်ပါပြီ .."

"ဘာပဲဖြစ်ဖြစ် ဒါတွေလိုက်မလုပ်ပါနဲ့ ကိုရွှေသွားရယ် .. အေးအေးဆေးဆေးပဲနေပါဗျာ .."

"ပင်ပန်းတဲ့အလုပ် မဟုတ်ပါဘူးကွာ .. မင်း ငါ့ကို အားမနာပါနဲ့ .."

ဒီလိုနှင့်ပင် စကားပြောရင်း အိမ်ကြီးထဲသို့ဝင်လာမိသည် .. အိမ်ထဲရောက်တော့လည်း ပစ္စည်းတွေအားလုံး

သူ့နေရာနှင့်သူရှိနေပြီး သပ်ရပ်သန့်ရှင်းအောင်ပြုလုပ်ထားတာကို တွေ့လိုက်ရသည့်အတွက် အာယုကအကြီးအကျယ်အားနာရပြန်သည်။

"ဟာ .. ကိုရွှေသွားကတော့ လုပ်ထားပြန်ပြီဗျာ .. ကျွန်တော်တော့အားနာလို့ ဘယ်လိုနေရမှန်းတောင် မသိတော့ဘူးဗျာ .."

ကိုရွှေသွားသည် သူ့ကိုဘာမှပြန်မပြောဘဲ တဟဲဟဲရယ်မောလို့သာနေသည် .. အာယုမှာတော့ အမုန်တကယ်ကို အားနာရလွန်းလို့ ခြေမကိုင်မိလက်မကိုင်မိဖြစ်ရသည်။

"ကဲပါကွာ .. ဒီလောက်ကြီးလည်း အားနာမနေပါနဲ့ .. ငါ ဗိုက်ဆာနေပြီကွ .."

ကိုရွှေသွား ပြောမှပဲ ညစ့်သည်ကိုထမင်းကျွေးဖို့အတွက် သူကအမှတ်ရမိတော့သည်။

"ဟုတ်ပါရဲ့ဗျာ .. ကိုရွှေသွား ဆာနေပြီပေါ့ .. လာ .. လာ .. ကျွန်တော်တို့အပြင်မှာထွက်စားကြမယ် .. ထမင်းဆိုင်တွေသိပ်မဝေးပါဘူး .."

"မင်း ရေချိုးလိုက်ပါဦး မောင်အာယုရာ .."

"မချိုးတော့ဘူး .. ကိုရွှေသွား ဗိုက်ဆာနေပြီ .."

"ရေချိုးပါကွ .. ထမင်းစားခါနီးရေချိုးလိုက်တော့ ထမင်းစားတဲ့အခါ ပိုပြီးစားလို့ဝင်တာပေါ့ကွာ .. ငါလဲရေချိုးမယ် .. ပြီးရင် ငါ့ကို အဝတ်အစားလေးတစ်စုံလောက် ပေးစမ်းပါကွာ .. ငါ အဝတ်မလဲတာ အတော်ကြာပြီကွ .."

ထိုစကားကြောင့် အာယုက စိတ်ထိခိုက်သွားမိသည်။

"တစ်စုံမဟုတ်ပါဘူးဗျာ .. ကိုရွှေသွား ကြိုက်သလောက်ယူပါ .."

"ရတယ် မောင်အာယုရေ .. ငါက အထိန်းအသိမ်းမတတ်ဘူးကွ .. ကိုယ်ပေါ်မှာဝတ်ထားတာလောက်ပဲ သိမ်းတတ်တာ .. တစ်စုံဆို ရပါပြီ .."

ကိုရွှေသွား ပြောသည့်စကားတွေက အဓိပ္ပါယ်ကြောင်ကြောင်နိုင်သည်ဟု တွေးရင်းပင် အာယုက မုဆိုးနှင့်အကျီအသစ်တစ်စုံကို ကိုရွှေသွားအတွက်ထုတ်ပေးလိုက်သည်။

နှုတ်ခမ်းမွေးရိတ်ဖို့အတွက် ဓားတွေဘာတွေပါထုတ်ပေးပြီး သူကရေမြန်မြန်ချိုးဖို့ပြင်လိုက်သည် .. အဲဒီအချိန်

မှာပင် ကိုရွှေသွားထံမှ အထူးအဆန်းစကားကို ကြားရလေသည်။

"မောင်အာယုရေ ငါနေဖို့အတွက် ဟိုအခန်းကိုရွေးလိုက်တယ်ကွာ .."

ကိုရွှေသွား လက်ညှိုးထိုးပြသောအခန်းသည် အဘွား၏မောင် ဦးဗလ၏အိပ်ခန်းဖြစ်နေတာမို့ အာယုစိတ်ထဲ၌ တစ်မျိုးကြီးဖြစ်သွားမိလေသည်။

အိမ်ကကျယ်ဝန်းသလို အိပ်ခန်းတွေလည်းအများကြီးရှိသည့်ကြားထဲမှ ကိုရွှေသွားက ဘာကြောင့် ဦးဗလရဲ့အခန်းကို ရွေးချယ်လိုက်ရတာလဲ။

"တခြားအခန်းတွေကပိုကောင်းပါတယ် ကိုရွှေသွားရယ် .. အဲဒီအခန်းက လူမနေတာအရမ်းကြာနေတဲ့အတွက် ဖုန်အလိမ်းလိမ်းနဲ့ဗျ .."

"ကိစ္စမရှိပါဘူးကွာ .. ဖုန်ထူတာ ဘာဆန်းသလဲ"

ဆက်ပြောနေလျှင် ကိုရွှေသွားအနေဖြင့် သူ့အပေါ် တစ်မျိုးတစ်မည် ထင်သွားမှာစိုးတာကြောင့် အာယုက ဘာမှဆက်မပြောတဲ့ထားလိုက်မိသည်။

သူ ရေချိုးပြီးထွက်လာတော့ ကိုရွှေသွားကလည်း

ရေချိုးပြီး သူပေးထားသည့်အဝတ်ကောင်းများကိုဝတ်ဆင်ကာ သပ်သပ်ရပ်ရပ် ဖြစ်နေလေသည်။ မုတ်ဆိတ်များနှုတ်ခမ်းမွေးများကိုရိတ်သင်ထားသည့်အတွက် ကိုရွှေသွားပုံစံက မနက်ကနှင့်လုံးဝမတူတော့ဘဲ သန့်ပြန့်သွား၏။

ထူးခြားတာက နက်ရှိုင်းသည့်ကန်ရေပြင်လိုတည်ငြိမ် စူးရှလှသည့် ကိုရွှေသွား၏မျက်လုံးများပင်ဖြစ်သည် .. သူ မှတ်မိသလောက် အရင်တုန်းက ကိုရွှေသွားတွင် ဒီလိုမျက်လုံးများ ပိုင်ဆိုင်မထားပါ။

"လာ .. ထမင်းစားစို့ .."

ကိုရွှေသွားက ထမင်းစားခန်းဆီသို့ ဦးဆောင်ပြီးခေါ်သည်။

"ဟာ .. အပြင်မှာထွက်စားမှာလေ ကိုရွှေသွားရဲ့"

"ယာပါကွာ .. စားစရာတွေ အဆင်သင့်ပါ .."

အိမ်မှာ ဘာမှမရှိကြောင်းသိထားသည့် အာယုက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ထမင်းစားခန်းထဲသို့ လိုက်ပါလာခဲ့မိသည်။ ထမင်းစားခန်းသည် သပ်ရပ်သန့်ရှင်းနေပြီး စားပွဲပေါ်မှာတော့ အုပ်ဆောင်းကလေး အုပ်ထားတာကိုတွေ့ရသည် .. အုပ်ဆောင်း၏အပြင်ဘက်တွင် ထမင်းအုပ်

ကိုလည်းတွေ့ရသည်။

"ကဲ .. ကြည့် .." ဟု ပြောပြီး ကိုရွှေသွားက ထမင်းအုပ်ဆောင်းကို ဖွင့်ပြလိုက်တော့ စားချင့်စဖွယ် ပြင်ဆင်ထားသည့် ဟင်းသုံးလေးမျိုးကိုတွေ့ရသည်။

"ဟာ .. ဒါ .. ဒါ ဘယ်ကရတာလဲဗျ .. အိမ်ကရေခဲသေတ္တာထဲမှာ ကြက်ဥကလွဲပြီး ဘာမှမရှိဘူးလေဗျာ .. အခု ပုစွန်တုပ်ဟင်း ဝက်သားဟင်း ငါးဟင်း ဒါ ဒါတွေ ဆိုင်ကသွားဝယ်လာတာလား .."

သူ့ တအံ့တသြ မေးခွန်းကို ကိုရွှေသွားက ခပ်အေးအေးပဲ ပြန်ပြောသည်။

"အဲဒါတွေ နောက်မှမေးပါကွာ .. အခု ထမင်းစားကြစို့ .."

တအံ့တသြဖြင့်ပင် ထမင်းစားပွဲ၌ဝင်ထိုင်မိသည် .. ထမင်း ဟင်း အားလုံးကပူပူနွေးနွေး ဟင်းချက်ထား, သည့်လက်ရာကလည်း အရမ်းကောင်းသည်။

သို့လော သို့လော သို့လောအတွေးများကြောင့် အာယုက ထမင်းကိုပင် မြိန်ယှက်စွာပင်မစားနိုင်။

ဒီထမင်းဟင်းတွေကော ဆိုင်ကဝယ်ထားတာလား

.. ဒါမှမဟုတ် ကိုရွှေသွား ချက်ပြုတ်ထားတာတွေလား .. စဉ်းစားကြည့်တော့ နှစ်မျိုးစလုံး မဖြစ်နိုင် .. ဒါဆို ဒီထမင်း ဒီဟင်းတွေ ဘယ်ကနေရောက်လာတာလဲ။

"မောင်အာယု .. စားစရာရှိတာ စားစမ်းပါကွာ .. ဘာမှမတွေးစမ်းပါနဲ့ .. တွေးလို့ရော ဘာထူးမှာမို့လဲ"

"မတွေးနဲ့ဆိုတော့လဲ မတွေးပါဘူးဗျာ .. ဒါပေမဲ့ .. ကျွန်တော်တို့နှစ်ယောက် ကွဲသွားပြီး နောက်ပိုင်း ကိုရွှေသွား ဘာတွေလုပ်တယ် .. ဘာဖြစ်လို့ အခုလိုဘဝမျိုးကို ရောက်သွားရတယ်ဆိုတာကိုတော့ ကျွန်တော့်ကို ပြောပြပါဗျာ .."

"ပြောပြမှာပေါ့ကွာ .. ငါ ပြောတာတွေကို မင်းဘက်ကယုံကြည်ဖို့ အသင့်ပြင်ထား .."

ကိုရွှေသွား၏စကားက ဆန်းနေသည်။

အာယုက သိလိုစိတ်တွေပြင်းပြနေတာကြောင့် ထမင်းပင်ဖြောင့်အောင် မစားနိုင် .. သို့သော် ကိုရွှေသွားကတော့ သူနှင့်ပြောင်းပြန်ဖြစ်သည်။

ထမင်းကို အေးအေးဆေးဆေးအရသာခံစားသောက်နေလေသည်။

ထမင်းစားလို့ပြီးသွားတော့မှ ဧည့်ခန်းထဲတွင်ပြန်ထိုင်ပြီး အာယုကာ သိလိုသည့်မေးခွန်းများကို မေးမြန်းဖြစ်သွားလေတော့သည်။

သေချာတာကတော့ ကိုရွှေသွားထံမှကြားရသည့် စကားများသည် သူ့အတွက်ယုံကြည်ရန် ခက်ခဲနေခြင်းပဲဖြစ်လေသည်။

* * * * * * * * *

အခန်း (၁၆)

ပထမဦးဆုံး သူက ကိုရွှေသွား၏ မိဘများကို သတင်းမေးမိသည် .. မမြင်ဖူး မသိဖူးသော်လည်း ဂါရဝ ဟရားဖြင့် မေးရတာဖြစ်သည်။

"ကိုရွှေသွား အဖေနဲ့အမေ နေကောင်းကြရဲ့လားဗျ .. နေတော့ရော အရင် ကျွန်တော်တို့ ဆယ်တန်း တုန်းက လိပ်စာမှာပဲလား .."

သူ့မေးခွန်းကို ကိုရွှေသွားက မျက်နှာထားတည်တည်ဖြင့် နောက်ပြောင်၍ပြန်ဖြေသည်။

"ငါ မသိဘူး မောင်အာယု .."

"ဟာဗျာ .. မနှောက်ပါနဲ့ .."

"မနှောက်ပါဘူးကွာ .. ငါ တကယ်ကို မသိတာပါ .."

"ခင်ဗျားကလဲ အဓိပ္ပာယ်မရှိလိုက်တာဗျာ .. ကိုယ့်မိဘအကြောင်း မသိရဘူးလို့ .. မယုံနိုင်စရာကြီး .."

သူက မကျေမနပ် ပြောလိုက်မိသည်။

"ငါပြောတယ် မဟုတ်လား .. ငါပြောတဲ့စကားတွေကို မင်းဘက်က ယုံနိုင်အောင်ကြိုးစားထားပါလို့ .."

ဘာမှမပြောသာတော့ဘဲ အာယု က သိချင်တာတစ်ခုကိုပဲ ထပ်မေးလိုက်မိသည်။

"ဒါဆို ခင်ဗျားက မိဘအိမ်မှာနေတာမဟုတ်ဘူးပေါ့ .."

"ဟုတ်တယ်ကွ .. ငါ့အဖေအမေနဲ့မတွေ့ရတာ မင်းနဲ့ငါ မတွေ့တာထက်တောင် တစ်နှစ်ပိုများတယ်ကွ"

"ဟင် .. ဒါဆို ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းက ခင်ဗျားမပြန်ဘူးဆိုတဲ့သဘောလား .."

"ဟုတ်တာပေါ့ကွာ .. အဲဒီကတည်းကပါပဲ .."

"ဒါဆို ခင်ဗျားက ဘယ်ကိုရောက်နေတာလဲ ကို

ရွှေသွား .."

"အဲဒါလဲ ငါမသိဘူး မောင်အာယု .."

ထိုအဖြေကြောင့် အာယုကသည်းမခံနိုင်တော့ဘဲ စိတ်တိုစွာအော်လိုက်မိသည်။

"ဟာဗျာ .. ခင်ဗျားဥစ္စာကလဲ .. ကိုယ်ရောက်နေခဲ့တဲ့နေရာကိုတောင် မသိဘူးဆိုတော့ လွန်လွန်းနေပြီဗျ .. ယုံစရာကို မရှိတော့ဘူး .."

"အေးလေကွာ .. အဲဒါကြောင့်ပဲ ငါပြောခဲ့တာပေါ့ .. ပြောပြတာကို နားထောင်ပြီးရင် မင်းဘက်က ယုံနိုင်ဖို့ ကြိုးစားထားပါလို့ .."

စိတ်ရှုပ်သွားသည့်အတွက် အာယုက ခေါင်းကိုတဖျင်းဖျင်း အသံမြည်အောင် ကုတ်ပစ်လိုက်မိသည်။

အချိန်သည် မှောင်ရီတရောအချိန်ဖြစ်ပြီး သူနှင့်ကိုရွှေသွားသည် အိမ်ကြီး၏ရှေ့မျက်နှာစာ လသာဆောင်တစ်ခုတွင် အေးအေးလူလူ ထိုင်နေကြတာဖြစ်သည် .. ငှက်ကလေးများ၏ အိပ်တန်းဝင်ခါနီး စကားစမြည်ပြောဆိုသံ သစ်ရွက်လေတိုးသံများနှင့် ဖျော့မှိန်သောနေရောင်သည် အတော်ကလေးကို ကဗျာဆန်နေပြီး ညင်းဖျော့

သည့်လေပြည်ထဲ၌ လွင့်ပျံ့ပါလာသည့် တရုတ်စံကား ပန်းရနံ့ကလည်း သဘောကျစရာကောင်းလွန်းလှသည်။

အရာရာသည်အဆင်ပြေနေသလောက် ကိုရွှေသွား နှင့်စကားပြောရတာကတော့ ဘယ်လိုမှအဆင်မပြေသေး ပါ .. သူမေးသမျှမေးခွန်းများကို ကိုရွှေသွားက ယောင်ဝါး ဝါးတွေပဲ ပြန်ဖြေနေတာဆိုးသည်။

သူ့ကို တမင်တကာ ကျီစယ်နောက်ပြောင်နေတာ လားဟု အကဲခတ်တော့လည်း ကိုရွှေသွား၏ပုံစံသည် နောက်ပြောင်ပြောဆိုနေသည့်ပုံစံမျိုးလုံးဝမရှိဘဲ တည်တည် ကြည်ကြည်ရှိနေလေသည့်အတွက် စဉ်းစားရခက်လှသည် .. သူ အတွေးလွန်နေဆဲ ကိုရွှေသွားကပြောသည်။

"အင်း .. မင်းအဘိုးအဘွားတွေဆီက အမွေရလိုက် တဲ့ဒီနေရာဟာ ကာလတန်ဖိုးနဲ့ဆိုရင် မနည်းဘူး မောင် အာယု .. ဒါပေမဲ့ .. ဒီနေရာကို မင်းရောင်းမပစ်ပါနဲ့ကွာ .. ရောင်းပစ်လိုက်တာနဲ့ မင်း ကံဆိုးမိုးမှောင်ကျလိမ့်မယ် နော် .."

အမွေရထားသည့် ခြံနှင့်အိမ်ကြီးကို သူကိုယ်တိုင် တွယ်တာမြတ်နိုးမိတာမို့ ငွေဘယ်လောက်ပဲရပါစေမရောင်း

ဘူးဟုဆုံးဖြတ်ထားသည့်အတွက် အာယုကခပ်အေးအေးပဲ ပြန်ပြောလိုက်သည်။

"မရောင်းပါဘူးဗျာ .. ရောင်းဖို့စိတ်ကူး လုံးဝကို မရှိတာပါ .. ဒီအိမ်ကြီးနဲ့ဒီခြံကြီးကို ကျွန်တော် သိပ် သဘောကျတာဗျ .. သားတွေသမီးတွေ သိုက်သိုက်ဝန်းဝန်း နဲ့ ပျော်ပျော်ပါးပါးနေဖို့ ဆုံးဖြတ်ထားတာ ကိုရွှေသွားရဲ့"

သူပြောတာကို ကိုရွှေသွားက ခေါင်းတဆတ်ဆတ် ညိတ်လျက် နားထောင်နေသည်။

ကိုရွှေသွား ၏မျက်နှာပေါ်တွင် အဓိပ္ပာယ်ဖော်ရန် ခက်ခဲသည့်အရိပ်တချို့ရှိနေပြီး မျက်နှာသွင်ပြင်ကလည်း အင်မတန် လေးနက်သည့်ဟန်ပေါက်နေ၏ .. ပြီးတော့မှ သူ့ကို ရှေ့ဖြစ်ဟောသည့်ဆရာတစ်ယောက်၏လေသံမျိုး ဖြင့်လေးမှန်မှန်ပြောလေသည်။

"မင်းဆီမှာ ဒီခြံနဲ့အိမ်ကို ရောင်းဖို့စိတ်ကူးလုံးဝ မရှိဘူးဆိုတာအမှန်ပဲ မောင်အာယု .. ဒါပေမဲ့ အမျိုးသမီး တစ်ယောက်ကြောင့် မင်း ဒီအိမ်ကြီးနဲ့ခြံကို ရောင်းဖို့ ဖြစ်လာရလိမ့်မယ်ကွ .. အဲဒီအမျိုးသမီးဟာ မင်းဆီကနေ ဒီအိမ်ကြီးကို မရမက ဝယ်လိမ့်မယ် .. ပထမတော့

မင်းကလဲ ငြင်းမှာပဲ .. ဒါပေမဲ့ .. သိပ်လှတဲ့ မိန်းမ တစ်ယောက်ရဲ့ဆန္ဒနဲ့ မေတ္တာရပ်ခံချက်ကို မင်း ကြာကြာ တောင့်ခံနိုင်မှာ မဟုတ်ဘူး မောင်အာယု .. မင်း အဲဒီ အမျိုးသမီးကို ဒီအိမ်ကြီးရောင်းလိုက်မိလိမ့်မယ်ကွ .. အေး .. မဖြစ်မနေသာ ရောင်းပေတော့ကွာ .."

ကိုရွှေသွားပြောတာကို မယုံသည့်အတွက် အာယု က ရယ်မောပြီး ပြန်မေးလိုက်သည်။

"ဘာလဲဗျ .. ဒါလဲ ရမ်းသမ်းပြီး ပြောနေတာ တွေပဲလား .."

ကိုရွှေသွားက ခေါင်းခါပြသည်။

သူကတော့ ရယ်ချင်စိတ်ကို မနည်းမျိုးသိပ်ထား ရပြီး ကိုရွှေသွားတစ်ယောက် စိတ်တွေမှုံမှုန် ဟုတ်သေး ရဲ့လားဟုစဉ်းစားမိဆဲ ကိုရွှေသွားက သူ့ကို သတိထပ် ပေးသည်။

"သိပ်မကြာတော့ပါဘူး မောင်အာယုရယ် .. ရက် ပေါင်းကိုးဆယ်အတွင်း အဲဒီအမျိုးသမီးနဲ့မင်း မြင့်မြတ်တဲ့ နေရာမှာ တွေ့ဆုံမိလိမ့်မယ် .. ဥပမာ .. ဘုရားပေါ်မှာ ပေါ့ကွာ .. စတွေ့တာနဲ့ခင်မင်သွားလိမ့်မယ် .. တွေ့ပြီး

နောက်နေ့မှာပဲ မင်းလဲအလုပ်ပြုတ်လိမ့်မယ် .. မင်းနဲ့ သိပြီးသုံးရက်မြောက်တဲ့နေ့မှာ အဲဒီအမျိုးသမီးဟာ မင်း အိမ်ကို အလည်လိုက်လာလိမ့်မယ် .. ပြီးရင် မင်းအိမ်ကြီး ကို မရမက တောင်းဝယ်လိမ့်မယ် .. အဲဒီကိစ္စကို ရှောင် ဖို့အတွက် အကောင်းဆုံးနည်းလမ်းကတစ်ခုပဲရှိတယ် .. ဒီနေ့ကစပြီး ရက်ပေါင်းကိုးဆယ်တိတိ မင်း ဘယ်ဘုရား ကိုမှ သွားမဖူးနဲ့ကွ .."

အတိအကျ အချိန်အမှာကြီးပြောနေသည့်အတွက် အံ့အားသင့်မိသော်လည်း အာယုက ဘယ်လိုမှယုံကြည် လို့မရဘဲဖြစ်နေသည် .. ကိုရွှေသွားကလည်း သူ့ထံမှ ကတိတစ်ခုကို မရအရတောင်းသည်။

"ဒီမှာ မောင်အာယု .. မင်း ငါ့ကို ကတိတစ်ခု ပေးစမ်းပါကွာ .. ဒီနေ့ကစပြီး ရက်ပေါင်းကိုးဆယ်တိတိ ဘယ်ဘုရားကိုမှ မသွားပါဘူးလို့ ကတိပေးစမ်းပါ .."

ပထမတော့ ကိုရွှေသွား ပြောတာတွေကို စိတ်ကူး မိသည် .. နောက်မှ ညည့်သည်ပဲဆိုသောအသိရယ် .. နှမ်းပါးလွန်းနေသည့် ကိုရွှေသွား၏အနေအထားရယ် ကြောင့် သူကမရယ်ရက်တော့ဘဲ ပြီးပြီးရောသဘောဖြင့်

ကတိပေးလိုက်လေသည် .. နောက် စကားလမ်းကြောင်းကိုပါ ပြောင်းလဲပစ်လိုက်သည်။

"ကတိပေးတယ်ဗျာ .. ရက်ပေါင်းကိုးဆယ်တိတိ ကျွန်တော် ဘယ်ဘုရားကိုမှ သွားမဖူးပါဘူး .. ကဲ .. ကျွန်တော့်ကိစ္စကို ခဏထားပါဦးဗျာ .. ကိုရွှေသွားအကြောင်းတွေလဲ ပြောပြပါဦးဗျို့ .. ဆယ်တန်းစာမေးပွဲဖြေပြီး နောက်တစ်နေ့ကျတော့ ကိုရွှေသွားအဆောင်ကနေ အိမ်ပြန်ဖို့အတွက် ရန်ကုန်ဘူတာကြီးကိုတောင် ကျွန်တော် လိုက်ပို့ပေးသေးတယ်လေဗျာ .. အဲဒါ အိမ်မရောက်ဘဲ ဘယ်ကိုရောက်သွားတာလဲဆိုတာ ပြောပါဦး .."

"ပြောမှာပါကွ .. လောလောဆယ်မီးတွေဘာတွေ ထွန်းပါဦး မှောင်လာပြီကွ .."

ဒီတော့မှ သူက ပတ်ဝန်းကျင်ကို သတိထားမိပြီး အိမ်ထဲဝင်၍ လျှပ်စစ်မီးချောင်းများ မီးသီးများကို လိုက်ဖွင့်ရသည် .. သို့သော် .. မီးက လင်းမလာပါ။

"မီးပျက်နေတယ်ဗျ .. မဟုတ်သေးပါဘူး .. လမ်းမီးတိုင်တွေလာနေတာပဲ .. လမ်းမီးနဲ့အိမ်မီး တစ်လိုင်းတည်းဗျ .. လမ်းမီးလာရင် အိမ်မီးလဲလာရမှာပေါ့ ..

နေဦး .. ဖြူ့စ်တွေဘာတွေ ပြတ်နေသလားမသိဘူး .. ကျွန်တော်သွားကြည့်လိုက်ဦးမယ် .."

ကိုရွှေသွားက ဘာမှပြန်မပြောပဲ လသာဆောင်မှာပင် ကျန်ရစ်ခဲ့သည် .. အောက်ထပ်ကိုပြန်ဆင်းပြီး ဖြူ့စ်ကို သွားကြည့်သည်.. ဖြူ့စ်ကပြတ်မနေပါ.. ဘာကြောင့်မီးမလာတာလည်းဆိုသည့်ကိစ္စကို သူက အတော်စဉ်းစားရ ခက်သွားလေသည်။

ထိုအချိန်တွင် ကိုရွှေသွားက သူ့အနားသို့ရောက်လာပြီးပြောသည်။

"ကဲပါကွာ .. တစ်ခါတစ်လေ လျှပ်စစ်မီးမလင်းတော့ရော ဘာဖြစ်သေးလဲ .. ဖယောင်းတိုင်မီးနဲ့နေလိုက်ရုံပေါ့ .. မဟုတ်ဘူးလား .. သောကတွေ မများစမ်းပါနဲ့ကွာ .."

ဒီလိုနှင့်ပင် ဖယောင်းတိုင်တချို့ကို ထွန်းညှိပြီး သူနှင့်ကိုရွှေသွား စကားပြောဖြစ်သွားတော့သည်။

သေချာတာကတော့ ကိုရွှေသွား ပြောပြသည့် အကြောင်းအရာများသည် ယုံကြည်ဖို့ရာ အလွန်ခက်ခဲခြင်းပင်ဖြစ်လေသည်။

* * * * * * * * *

မထင်တာတွေ လမ်းမှာဖြစ်လာခဲ့တယ်ကွ ..."

ကိုရွှေသွားက ဘာမှဆက်မပြောသေးဘဲ ငြိမ်သက်နေလေသည်။

အာယုကတော့ သူ ဝင်ပြောစရာဘာမှမရှိသည့်အတွက် တိတ်ဆိတ်စွာပင် နားထောင်နေလိုက်တော့သည်။

အတော်ကြီးကြာမှ ယုံရခက်သည့်အကြောင်းအရာများကို ကိုရွှေသွားက ပြောပြလေတော့သည်။

* * * * * * * * *

အခန်း (၁၇)

"အိမ်ပြန်ဖို့ ရန်ကုန်ဘူတာကြီးကိုဆင်းတော့ မင်းငါ့ကို လိုက်ပို့တယ်လေ .. စားစရာတွေပေးဘင်ပေးလိုက်သေးတယ် မဟုတ်လားကွ .."

"ဟုတ်တယ်လေဗျာ .. အောင်စာရင်းထွက်ရင်ပြန်လာခဲ့မယ် .. တက္ကသိုလ်တက်ရင်လဲ ရန်ကုန်တက္ကသိုလ်မှာပဲ တက်မယ်လို့ ကိုရွှေသွားကတောင် ကျွန်တော့်ကို အသေအချာ ပြောသွားသေးတာပဲ .."

"အင်း .. အဲဒီအချိန်အထိ ငါ့ကိုယ်ငါ အိမ်ပြန်ရောက်မယ်လို့ပဲ ထင်ထားတာပေါ့ကွာ .. ဒါပေမဲ့ ..

"အဲဒီတုန်းက မန္တလေးရထားကို ငါကအိပ်စင်နဲ့ အထက်တန်းအတွဲကနေ အကျအန စီးစီးသွားတာကွ .. ရထားစထွက်တော့ ညခုနစ်နာရီတီတီလေ .. အဖော်မပါဘဲ တစ်ယောက်တည်းခရီးသွားရတာ ပျင်းစရာကြီး .. အိပ်ပစ်ဖို့ စိတ်ကူးတော့လဲ ဘူတာမှာတုန်းက လက်ဖက်ရည်သောက်ထားတဲ့အရှိန်နဲ့ အိပ်လို့မရဘူး ..

"အနီးအနားမှာလဲ စကားပြောဖော် ရွယ်တူတန်းတူ တစ်ယောက်မှမရှိဘူးကွ .."

"အသက်လေးဆယ်ကျော်လောက် မိန်းမကြီး တစ်ယောက်က ရထားစထွက်တာနဲ့ပဲ မျက်လုံးစုံမှိတ်ပြီး ပုတီးစိပ်နေတယ် .. အသက်ခြောက်ဆယ်လောက်ရှိမယ့်

အဘိုးကြီးတစ်ယောက်ကတော့ ရထားစထွက်တာနဲ့တင် အိပ်ပျော်နေပြီ .. ငါနဲ့စကားစမြည်ပြောဖို့ ဘယ်သူမှစိတ်မဝင်စားကြဘူးကွ ..

"ပျင်းလို့ မဂ္ဂဇင်းစာအုပ်ဖတ်ဖို့ကြိုးစားသေးတယ် .. ဒါပေမဲ့ကွာ စာမေးပွဲမဖြေခင်ကစာတွေအရမ်းကျက်ထားရလို့ စာဆိုရင်ကြည့်ကို မကြည့်ချင်တော့ဘူး ..

"ဒါနဲ့ပဲ ပိတ်ထားတဲ့မှန်ဆံခါးမှာ မျက်နှာကိုအပ်ပြီး အပြင်ဘက်မြင်ကွင်းတွေကို ကြည့်လာခဲ့တာပေါ့ကွာ .. ကြည့်သာကြည့်ရတာပါ ညဘက်ဆိုတော့ဘာမြင်ရမှာတဲ့လဲ .. ရထားတွဲထဲကအလင်းရောင်ကြောင့် မှန်နဲ့မျက်နှာကပ်ကြည့်မှပဲ အပြင်ကိုမြင်ရတယ် .. ခွာကြည့်လိုက်ရင် အပြင်ကမြင်ကွင်းတွေကို မမြင်ရတော့ဘဲ တွဲထဲကပုံရိပ်တွေပဲ မှန်မှာထင်နေရော ..

"ဒီလိုနဲ့ ရန်ကုန်ဘူတာကြီးကနေ ထွက်လာပြီး ဘူတာငယ်ကလေးတွေကို ဖြတ်မောင်းလာခဲ့တယ် .. မြို့အပြင်ဘက်ကိုရောက်လေ အပြင်ဘက်ကမှောင်လေပေါ့ကွာ .. ရထားကြီးကလဲ ဝိုဝိုပြီး မြန်လာတယ်ကွာ .."

"ပျင်းပျင်းရှိတာနဲ့ ငါကလဲ မှန်တံခါးချပ်မှာ

မျက်နှာအပ်ပြီး ဟိုတစ်ကွက် ဒီတစ်ကွက် မီးရောင်လက်လက်ကလေးတွေကိုပဲ ကြည့်လာရင်း ငမိုးရိပ်ချောင်းတံတားကိုဖြတ်တဲ့အချိန်မှာ အံ့သြစရာကောင်းတာတစ်ခုကို ဖြန်းစားကြီးတွေ့လိုက်ရတော့တာပဲ" ..

"အဲဒါက ငါကြည့်နေတဲ့မှန်တံခါးဘေးကနေ လူတစ်ယောက် ပြေးလိုက်လာတာကွ .. ရုတ်တရက် ငါကြောင်ဖတောင်တောင်ဖြစ်သွားပြီး စဉ်းစားမိတယ် .. ရထားနောက်ကို အမောတကောပြေးလိုက်ပြီး ဒီလူဘာလုပ်မလဲလို့ပေါ့ ..

"ဒါပေမဲ့ .. ဒီလောက်မြန်တဲ့ရထားကို ဘေးချင်းယှဉ်ပြီး ဘယ်သူပြေးလိုက်လာမှာလဲဆိုတဲ့အတွေးကို ချက်ချင်းတွေးမိတော့ ငါ လန့်သွားတယ်ကွ .. မှန်မှာကပ်ကြည့်နေမိတဲ့ငါ့မျက်နှာကိုလည်း မှန်ကနေခပ်မြန်မြန်ခွာလိုက်မိတယ်ကွာ .. ရင်တွေလဲ တဒိုင်းဒိုင်း ခုန်လာတယ် .. ရှေတော်ပြီး အာခေါင်တွေပါခြောက်လာတယ် .. ဒါပေမဲ့ မကြည့်ဘဲနဲ့လဲ မနေနိုင်ဘူးကွ .. ငါ အမြင်မှားတာလား .. တကယ်ပဲ လူတစ်ယောက်လိုက်လာတာလားဆိုတာကို အသေအချာသိရအောင် ထပ်ကြည့်မိပြန်တယ်

.. ထပ်ကြည့်လိုက်တော့လဲ အဲဒီလူက အပြေးအလွှားလိုက်လာတုန်းပဲ ..

"သေချာအောင် အခါခါကြည့်တယ် .. ကြည့်တိုင်းလဲ တွေ့ရတယ် .. ဒါ ငါ့အမြင်မှားတာမဟုတ်ဘူးဆိုပေမဲ့ သဘာဝမကျတဲ့ကိစ္စကြီးဖြစ်နေလို့ဘယ်လိုယုံရမယ်မှန်း မသိဘူးကွာ .. ဘေးကခရီးသွားဖော်တွေကိုပြရရင်ကောင်းမလား .. မပြဘဲထားလိုက်ရမလားနဲ့ စဉ်းစားရင်း ငါ့တစ်ကိုယ်လုံး ဇောချွေးတွေပြန်လာတယ်ကွ ..

"ကြောက်တဲ့စိတ်ကတစ်ဖက် စူးစမ်းချင်တဲ့စိတ်ကတစ်ဖက်နဲ့ တော်တော်စိတ်ဒုက္ခရောက်ရတာကွ .. ခရီးသွားဖော်တွေတာလဲ အိပ်တဲ့သူနဲ့ စာဖတ်နေတဲ့သူနဲ့ မျက်စိမှိတ်ပြီးပုတီးစိပ်နေတဲ့သူနဲ့ဖြစ်နေကြတော့ ဘယ်သူ့ကို ခေါ်ပြရမယ်မှန်းမသိဘူး .. တော်ကြာ ငါ့တစ်ယောက်ကို အရူးလို့ထင်နေကြမှာကိုလဲ စိုးရိမ်မိသေးတယ် ..

"ဒီလိုနဲ့ ငါ့တစ်ယောက်တည်း မှန်နားမှာကပ်ပြီး ပြေးလိုက်တဲ့သူကို ကြည့်လိုက် မှန်နားကနေပြန်ခွာလိုက်နဲ့ အချိန်တွေဘယ်လောက်ကြာသွားမှန်း ငါဘာသာတောင် သတိမထားမိတော့ဘူး .. အဲဒီအချိန်မှာ ရထားတွဲထဲက

မီးရောင်နည်းသွားတော့မှ အပြင်ဘက်ကို ပိုမြင်ရလာတယ် .. ဒီတော့မှ ရထားသွားနေတဲ့နောက်ကို လူတစ်ယောက် အမီ ပြေးလိုက်လာတယ်ဆိုတာ ပိုပြီး သေချာသွားတာပေါ့ ..

"ရထားကြီးကလဲ မြန်လိုက်တာကွာ .. ဝေါခနဲ ဝေါခနဲပဲ .. ပြေးလိုက်လာတဲ့လူကလဲ လုံးဝနောက်မှာ မကျန်ရစ်ခဲ့ဘူး .. ငါရှိနေတဲ့ပြတင်းပေါက်နဲ့ သူ့မျက်နှာနဲ့က တစ်တန်းတည်းပဲ .. ရှေ့ကိုလဲ ကျော်တက်မသွားဘူး .. အနောက်ဘက်မှာလဲ မကျန်ရစ်ခဲ့ဘူးကွ .."

"ငါက ကြည့်နေပေမဲ့လဲ ငါ့ကို လုံးဝ လှည့်မကြည့်ဘူး .. အစပိုင်းတုန်းကအရမ်းကြောက်လန့်မိပေမဲ့ ကြည့်နေရင်း ငါက နည်းနည်းတော့ရဲလာတယ် .. ရဲလာတော့မှ ခပ်ကြာကြာကြည့်မိတယ်ကွ .."

"အဲဒီမှာတင် ထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခုကို သွားတွေ့တယ် .. အဲဒါက အဝတ်အစားတွေ .. ငါ ဝတ်ထားတာက အဖြူရောင်ရှပ်အကျႌနဲ့ဂျင်းဘောင်းဘီ .. ရထားနောက်ကပြေးလိုက်နေတဲ့လူ ဝတ်ထားတာကလဲ ငါ့အတိုင်းပဲ .. ဘယ်လောက်အထိတူသလဲဆိုရင် ရှပ်အကျႌ

ကို တံတောင်ဆစ်နားအထိ လက်ခေါက်တင်ထားတာလဲ တူနေတယ် .. နာရီပတ်ထားတာလဲ တူနေတယ် .. နာရီပတ်ထားတဲ့လက်မှာ လက်စွပ်ဝတ်ထားတာလဲ တူနေပြန်ရော .. အဲဒီလောက်တိုက်ဆိုင်လာတော့ ပြေးလိုက်နေတဲ့လူရဲ့မျက်နှာကို ကြည့်ဖို့ရာ ငါ အတော်ကလေးကို ကြောက်လန့် ချောက်ချားလာတော့တာပေါ့ကွာ .."

"ဒါပေမဲ့ .. လူတွေရဲ့စိတ်ကလဲ ခက်တယ်ကွ .. ကြောက်ပါတယ်ဆိုမှ ခဏခဏ ကြည့်ချင်နေရော .. ဒါကြောင့် လက်ချောင်းတွေနဲ့အသာကွယ်ပြီး အဲဒီလူရဲ့မျက်နှာကို ကြည့်လိုက်တော့ အဲဒီလူရဲ့မျက်နှာဟာ ငါ့မျက်နှာအစစ်ကြီးကွာ .. မှန်ထောင်ပြီး ဘေးစောင်းကြည့်နေရတဲ့အတိုင်းပဲ ..

"လန့်ဖျပ်ပြီး ငါက တအားကုန်းထ အော်လိုက်မိတယ် .. ဒါပေမဲ့ .. ငါ့အသံကပဲ လည်ချောင်းထဲက ထွက်မလာတာလား .. ဒါမှမဟုတ် လူတွေကပဲ မကြားကြတာလားမသိပါဘူးကွာ .. ဘယ်သူမှတုတ်တုတ်မလှုပ်ဘူး ..

"ငါ့မှာတော့ စိတ်လှုပ်ရှားရလွန်းလို့ ရူးတော့

မလားတောင် ထင်ရတယ် .. ငါ့စိတ်တွေချောက်ချားပြီး အမြင်တွေလွှဲချော်နေတာများ ဖြစ်နေမလားဆိုပြီး ငါနဲ့ အနီးဆုံးပြတင်းပေါက်ကနေ အပြင်ကိုမကြည့်ဘဲ တခြား ပြတင်းပေါက်တွေကနေ လိုက်ကြည့်တော့လဲ ငါနဲ့ တစ်ပုံစံတည်းတူတဲ့လူကို တွေ့နေရတာပဲကွ ..

"ဘယ်လောက် ကြောက်စရာကောင်းလိုက်မလဲ ဆိုတာ စဉ်းစားသာကြည့်ပေတော့ကွာ .. အကြောက် လွန်ပြီး ရူးသွားတော့မလောက် ခံစားနေရလို့ မခံနိုင်တဲ့ အဆုံးမှာ ငါနဲ့အနီးဆုံးနေရာမှာရှိတဲ့ ခရီးသည်ဦးလေးကြီး ကို သွားနှိုးတယ် လုံးဝနိုးလို့မရဘူး ..

"နောက်တစ်ယောက်ကို နှိုးလဲ ဒီအတိုင်းပဲ .. ရထားတွဲအလယ်ကောင်ကနေ အသံကုန် အော်တာတောင် တစ်ယောက်မှနိုးမလာကြဘူးကွာ ..

"ဘယ်လိုမှတောင့်မခံနိုင်တော့တဲ့အဆုံးမှာ တွဲစောင့် ရှိတဲ့နေရာကို သွားကြည့်တယ် .. မရှိပြန်ဘူး .. ရထား အပြင်ကနေ ပြေးလိုက်နေတဲ့လူကလဲ ငါရှိတဲ့နေရာနဲ့ အနီးဆုံးကနေ ပြေးလိုက်နေတုန်းပဲ ..

"ရထားတွဲထဲမှာ တခြားလူတွေရှိနေပေမဲ့ ငါ

တစ်ယောက်တည်းလိုဖြစ်နေရတဲ့အတွက် စားသောက်တွဲ ကို သွားဖို့ စိတ်ကူးလိုက်မိတယ် .. ဒါပေမဲ့ ရထားတွဲ ကူးရမှာကိုလဲ သေလုမျောပါးကြောက်နေမိပြန်ရော ..

"ဒီအတိုင်းနေလို့ကလဲ မရ .. ဒီနေရာကနေ တခြားတွဲဘက်ကို ကူးသွားဖို့ကလဲ မရဲနဲ့ .. ဒုက္ခ အကြီးအကျယ် ရောက်နေရတာပေါ့ကွာ ..

"နောက်ဆုံးတော့ ရှိရှိသမျှအင်အားနဲ့ သတ္တိတွေ ကို စုစည်းပြီး ဟိုဘက်တွဲကိုသွားဖို့ ဆုံးဖြတ်လိုက်တယ် .. ဘာပဲဖြစ်ဖြစ် စားသောက်ဆိုင်ရှိတဲ့တွဲမှာတော့ မအိပ်တဲ့ လူတွေ ရှိကြမှာပဲလို့ ငါကတွက်ဆလိုက်မိတယ်ကွ .."

"ဒါနဲ့ပဲ ဒီဘက်တွဲကနေ ဟိုဘက်တွဲဆီကူးဖို့ ကြိုးစားရတော့တာပေါ့ .. တွဲကူးတံခါးကို ဖွင့်လိုက် တာနဲ့ ငါ့ရဲ့ခန္ဓာကိုယ်ဟာမြောက်ခနဲလွင့်တက်သွားလိုက် တာ ရဟတ်စီးရသလိုပဲ .. ငါ့ကိုယ်ငါ ဘာဖြစ်သွားမှန်း မသိဘဲ လေဟာနယ်ထဲမှာချာချာလည်နေတုန်း ငါ့ရှေ့မှာ အဘိုးကြီးတစ်ယောက် ပေါ်လာတယ်ကွ .."

"အဘိုးကြီးရဲ့ ခေါင်းပေါ်က ဆံပင်ဖြူဖြူတွေဟာ ရှုပ်ပွ တွန့်လိန်နေတယ် .. ဝတ်စားထားတဲ့အဝတ်အစား

ကလဲစုတ်ပြတ်သတ်နေလိုက်တာမှ အပိုင်းပိုင်း အမွှာမွှာပဲ .. ဒါပေမဲ့ အဘိုးကြီးရဲ့မျက်နှာကတော့ ကြည်လင်နေတယ်ကွ .."

"ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး ချာချာလည်နေတဲ့ငါ့ကို အဘိုးကြီးက လက်တစ်ဖက်ကမ်းပေးတယ် .. ဘာမှစဉ်းစားမနေတော့ဘဲ အဘိုးကြီးကမ်းပေးလာတဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်မိတာနဲ့ ချာချာလည်နေတဲ့ ငါ့ကိုယ်လုံးက အတည့်ဖြစ်သွားတယ် .. ဒါပေမဲ့ .. လေထဲမှာပဲကွ .. မြေကြီးပေါ်ကို ပြန်မကျဘူး .. ငါတို့ အောက်မှာ ရန်ကုန်-မန္တလေး မီးရထားကြီးက တချောင်းချောင်းခုတ်မောင်းနေတယ်ကွ .."

"ရထားနောက်ကိုပြေးလိုက်နေတဲ့ ငါနဲ့တူတဲ့လူကိုလဲ မတွေ့ရတော့ဘူး .. အဲဒီအချိန်မှာ အဘိုးကြီးက 'သွားစို့' လို့ ပြောတယ် .."

"ဘယ်သွားမှာလဲဗျ .. ရထားပေါ်မှာ ကျွန်တော့်ပစ္စည်းတွေပါသွားတယ် .." လို့ ပြောပေမဲ့ အဘိုးကြီးက ငါပြောတာကို လုံးဝအရေးမစိုက်ဘူး .. ငါ့ကိုလဲ ဘာမှပြန်မပြောဘူးကွ .. ပြီးတော့ .. လမ်းလျှောက်တာ

လဲမဟုတ် .. ငှက်တွေလို ပျံတာလဲမဟုတ်ပဲ လေထဲမှာလွင့်မျောပြီး ပါသွားတော့တာပဲကွာ .. ရထားကြီးကတဖြည်းဖြည်းနဲ့ဝေးပြီးကျန်ရစ်ခဲ့တယ် .. ငါ့ရဲ့ ခန္ဓာကိုယ်က ပေါ့ပါးနေလိုက်တာများ ငွမ်းစိုင်ကလေးကျနေတာပဲ..

"ပထမတော့ ဒီအဘိုးကြီး ဘယ်သူလဲ .. ငါ့ကိုဘယ်နေရာတွေခေါ်သွားမလို့လဲ .. ရထားပေါ်မှာကျန်ရစ်ခဲ့တဲ့ ငါ့ပစ္စည်းတွေတော့ ဆုံးပါပြီ ဆိုတဲ့အတွေးတွေနဲ့ စိတ်ပူမိတာအမှန်ပဲ .. အဲ .. အဝေးကြီးကိုပါသွားပြီးအိမ်ပြန်ရခက်မှာလဲ ကြောက်မိတယ်ကွ .."

"ဒါပေမဲ့လဲ ပေါ့ပေါ့ပါးပါးလေးနဲ့ လေဟုန်စီးပြီး လိုက်လာခဲ့ရတဲ့အရသာက ငါ့ကို ဖမ်းစားသွားတဲ့အခါမှာ ငါ့ရင်ထဲက စိုးရိမ်တာတွေ စိတ်ပူတာတွေအားလုံးတဖြည်းဖြည်းနဲ့ လျော့ပါးသွားတော့တာပဲ .. တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမခံစားဖူးတဲ့ ခံစားမှုအသစ်ကို ငါအရမ်းသဘောကျသွားပြီးတဲ့နောက်မှာတော့ အဘိုးကြီးက 'မင်း မလိုက်ခဲ့နဲ့တော့ ..' လို့ ပြောပြီး ထားရစ်ခဲ့မှာကိုတောင် ကြောက်လာမိတယ် ..

"လေဟုန်စီးပြီး သွားရတဲ့အရသာက ဘာနဲ့မှကို

မတူဘူး .. လရောင်မှိန်ပျပျအောက်မှာ မြင်ရတဲ့ သစ်ပင်တွေကိုကြည့်ရင်း ဘယ်လောက်ကြာသွားတယ်ဆိုတာကိုလဲ မမှတ်မိဘူး .. ဘယ်နေရာတွေကို ရောက်နေတယ်ဆိုတာလဲ မသိတော့ဘူး ..

"အဲဒီအချိန်မှာ ငါတို့လိုပဲ လေဟုတ်စီးပြီး ဖြတ်သွားတဲ့လူတစ်ယောက်ကို တွေ့လိုက်ရတယ်ကွ .. အဲဒီလူကတော့ အဝတ်ဖြူကြီးကိုခြုံပြီး ဆံပင်တွေက ထိုးထိုးထောင်ထောင် ခြောက်ခြောက်ကပ်ကပ်ကြီးနဲ့ ကြည့်လို့သိပ်မကောင်းလှဘူး ..

"ငါတို့အေးကဖြတ်သွားတာ မြန်လွန်းလို့ မျက်နှာကိုတောင် သေသေချာချာ မမြင်လိုက်ရပါဘူး .. နောက်မကြာဘူး မျက်နှာဝါတာတာနဲ့ မိန်းမနှစ်ယောက်ကို တွေ့ရပြန်တယ် .. ငါတို့နှစ်ယောက်ထဲကနေ တခြားယောကျ်ားမိန်းမတွေကိုပါ တွေ့လာတဲ့အချိန်မှာ ငါနဲ့အဘိုးကြီးကလဲ ဟိုအမြင့်ကြီးမှာ လွင့်နေတာမဟုတ်တော့ဘူးကွ .. မြေကြီးပေါ်မှာရှပ်တိုက်သွားနေတာ .. ခြေထောက်တွေကိုလှမ်းစရာမလိုပဲနဲ့ကို သွားနေတာ ..

"ငါနဲ့အဘိုးကြီးနှစ်ယောက်တည်းမဟုတ်ဘူး အနီး

အနားမှာ ရှိရှိသမျှ ယောကျ်ားမိန်းမအားလုံး အဲဒီလိုသွားနေကြတာကွ .. ဘယ်လိုအရပ်ဒေသကိုရောက်သွားတာလဲဆိုတာကို စဉ်းစားလို့မရဘူး .. တွေ့နေရတဲ့ ယောကျ်ားမိန်းမအားလုံးရဲ့မျက်နှာတွေကလည်း ရွှင်ရွှင်ပျပျ မရှိကြဘူးကွ .. ပိုဆိုးတာကတော့ သူတို့ရဲ့ကိုယ်နေဟန်ထားနဲ့မျက်နှာသွင်ပြင်တွေဟာ တစ်မျိုးမဟုတ်တစ်မျိုးချို့ယွင်းနေကြတာပဲကွ .. တချို့က မျက်လုံးကြီးတွေပြူးထွက်နေတယ် .. တချို့ကကျတော့ နှာခေါင်းကြီးတွေက မှယောင်းယောင်းနဲ့ အကြီးကြီးပဲ ..

"တချို့ကျတော့ အရိုးပဒေသာလို ပိန်ချုံးခြောက်ကပ်နေတယ် .. တချို့ကျတော့လဲ ဝထားလိုက်တာပုပ်ပွနေသလားလို့တောင် ထင်ရတယ်ကွ .. ကြည့်ရတာအဆင်ကိုမပြေဘူး .. ပြီးတော့လဲ တော်တော်ဆက်ဆံရေးကျဲတဲ့လူတွေကွ .. တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးလဲမရှိကြပါဘူး .. ခပ်တည်တည်ပဲ..

"အဘ .. ကျွန်တော်တို့ ဘယ်မြို့ကိုရောက်နေတာလဲ .."

လို့ ငါက မေးမေမဲ့ အဘိုးကြီးက တကယ်ပဲ

မကြားလို့လား .. မကြားချင်ယောင်ဆောင်နေတာလား တော့မသိဘူး ဘာမှကိုပြန်မပြောဘူးကွ ..

"အဘ .. ဒီလူတွေက ဘာလူမျိုးတွေလဲလို့ ထပ်မေးတော့လဲ လုံးဝပြန်မဖြေဘူး .. ဒါကြောင့် ငါ စကားပြောတာကို အဘိုးကြီးကတော့ ကြိုက်ပုံမရဘူး လို့ တွေးမိပြီး အလိုက်တသိနဲ့ ဘာမှမပြောဘဲနေရတော့ တာပေါ့ကွာ .. အဘိုးကြီးကိုကြည့်ရတာ ရှေ့ခရီးဆက်ဖို့အတွက်ပဲ အာရုံရောက်နေတဲ့ပုံစံမျိုးကွ ..

"စကားပြောလို့မရတဲ့အတွက် ငါကလည်း စကားထပ်ပြောဖို့မကြိုးစားတော့ဘဲ ပတ်ဝန်းကျင်ကိုပဲလေ့လာမိ တာပေါ့ကွာ .. ထူးဆန်းနေတာက ငါ့မျက်လုံးတွေပဲ .. အလင်းရောင်မရှိတဲ့အမှောင်ထဲမှာ ငါ့မျက်လုံးတွေက အရာရာကို ကောင်းကောင်းမွန်မွန် ပြတ်ပြတ်သားသား မြင်ရတာပဲကွ .. အဲဒါ တကယ်ဆန်းတယ် .. ကိုယ့်မျက်လုံး ကို ကိုယ်က တအံ့တသြ ဖြစ်နေမိပြီးလို့မှ မကြာဘူး ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရင်း ပိုပြီး အံ့သြသွားရ တယ် .. ငါရောက်နေတဲ့နေရာက တကယ့်လွင်တီးခေါင် .. ဿကန္တာရလို လွင်တီးခေါင်မျိုးလဲ မဟုတ်ဘူး ..

မီးလောင်ပြင်တစ်ခုလို သစ်ငုတ်တိုတွေထိုးထိုးထောင်ထောင်နဲ့လွင်တီးခေါင်ကြီး .. မြေကြီးတွေကလဲမီးသင့်ထားသလို မျိုး ပြာနှမ်းနှမ်းတွေနဲ့ .. အရာရာက ခြောက်ကပ်အက်ကွဲ နေသလိုကြီးပဲ အဲဒီမြေပြင်အပေါ်မှာ စောစောကပြောခဲ့ သလိုကြီးပဲ အဆင်မပြေတဲ့ပုံပန်းသဏ္ဍာန်နဲ့ ယောကျ်ားမိန်းမ တွေ သွားလာလှုပ်ရှားနေကြတာကွ .. ပြောရရင်တော့ ဘယ်လိုနေရာကြီးမှန်းကိုမသိဘူး ..

"လူနေအိမ်ခြေတွေလဲမရှိဘူး .. ရှေ့ဆက်သွားရင် တွေ့ရတဲ့ယောကျ်ားမိန်းမတွေရဲ့ပုံစံတွေက ပိုပြီး မတင့် မတယ် ဖြစ်လာတာကို တွေ့ရတယ်ကွ .. သူတို့ရဲ့ မျက်လုံးတွေဟာလဲ ဆာလောင်မွတ်သိပ်နေတဲ့မျက်လုံးမျိုး တွေ ..

တချို့များဆို ခေါင်းကြီးတွေစောင်း လည်ပင်းကြီး တွေလိန်ပြီး ကြောက်စရာတောင်ကောင်းနေသေးတယ် အဲဒီမှာ အဘိုးကြီးက ..

" မျက်စိမှိတ်ထား " လို့ ငါ့ကို ပြောတယ် .. ငါ ကိုယ်တိုင်က ကြောက်နေတော့ မျက်စိမှိတ်ထားလို့ ပြောလိုက်တာနဲ့ တစ်ခါတည်းမှိတ်ချပစ်လိုက်တာပေါ့ကွာ

.. အဘိုးကြီးကတော့ ငါ့လက်ကို လွှတ်မပေးဘဲဆုပ်ကိုင်ထားတယ် ..

"ဘယ်လိုသွားနေတာလဲ .. ဘယ်သူတွေနဲ့တွေ့ရမှာလဲဆိုတဲ့အတွေးတွေနဲ့ ဘယ်လောက်တောင်ချောက်ချားမိသွားတယ် မသိတော့ပါဘူးကွာ အဘိုးကြီးက မင်းမျက်စိဖွင့်တော့လို့ပြောမှပဲ အကြောက်ကြောက်အလန့်လန့်နဲ့ မျက်စိဖွင့်ကြည့်လိုက်မိတော့တယ် .. မျက်စိမဖွင့်ခင်မှာ ငါအသေအချာသတိထားမိတာက ပန်းအနံ့လို မွှေးပျံ့တဲ့ ရနံ့ပဲကွ ..

စူးစူးရှိုင်းရှိုင်းကြီးလဲ မဟုတ်ဘူး .. အတင်းရှူမှရနိုင်လောက်အောင်လဲမဖျော့တော့ဘူး .. အရင်တုန်းက တစ်ခါမှ အဲဒီအနံ့မျိုးကို မခံစားဘူးလို့ အာရုံ့တူတယ်လို့ ဥပမာပေးလို့ မရဘူးပေါ့ကွာ .. အဲဒီအနံ့လေးကို ရှူရှိုက်လိုက်ရတာ ရင်ထဲမှာ ပေါ့ပါးသွားတာတော့အမှန်ပဲကွ ..

"ဒါနဲ့ပဲ မျက်စိမရဲတရဲဖွင့်ကြည့်လိုက်ရော ဆိုပါတော့ကွာ .. မျက်စိဖွင့်ကြည့်လိုက်တော့ ငါ့မျက်လုံးကိုတောင် ငါမယုံနိုင်တော့ဘူး .. ပတ်ဝန်းကျင်တစ်ခုလုံးက စောစောတုန်းက ဖြတ်လာရသလို လွင်တီးခေါင် မွဲခြောက်

ခြောက် မဟုတ်ဘူးကွ .. သစ်ပင်ကြီးတွေနဲ့စိမ်းစိုနေတာပဲ .. အရမ်းလှတဲ့ပန်းတွေကလဲပွင့်လိုက်တာ အဆုပ်လိုက်အခဲလိုက်ကွာ .. သာယာလိုက်တဲ့နေရာ .. တစ်သက်နဲ့တစ်ကိုယ် လုံးဝမမြင်ဖူးမရောက်ဖူးတဲ့ နေရာမျိုးပဲ ..

"ဟာ .. သာယာလိုက်တဲ့နေရာဗျာ .. ကျွန်တော်ဒီမှာနေရမှာလား .." လို့ အဘိုးကြီးကိုမေးလိုက်တော့ ..

"အေး .. ကံရှိသလောက်နေရမယ်ဟေ့" လို့ ပြန်ပြောတယ် .. ပြီးတော့ ..

"ကဲ .. လာ .. လာ .. မင်းလဲဆာနေရောပေါ့ .." လို့ ပြောပြီး သစ်သီးတွေကျွေးတယ် .. ရေလဲတိုက်တယ် .. အဘိုးကြီးကျွေးတာကို စားပြီးတဲ့နောက်မှာ .. ငါ့တစ်ကိုယ်လုံး အားအင်တွေအသစ်ဖြစ်လာသလို ခံစားရတယ် .. ဝမ်းထဲမှာ အေးသွားပြီး ပူလောင်တာတွေ ဆာလောင်တာတွေ စားချင်သောက်ချင်တဲ့ဆန္ဒတွေအားလုံး မရှိတော့တဲ့ နေရတာအရမ်းကောင်းသွားတယ်ကွ ..

"အဘိုးကြီးက သစ်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ သစ်ရွက်တွေနဲ့ဆောက်ထားတဲ့ တဲလေးနဲ့နေတာကွ .. ငါလဲ အဘိုးကြီးနဲ့အတူတူနေရတယ် ..

"အဘိုးကြီးက သူ့အကြောင်းကိုလဲ မပြောပြဘူး .. သူ့နာမည်ကိုလဲ မပြောပြဘူး .. ငါ့အကြောင်းနဲ့ ပတ်သက်လို့လဲ ဘာတစ်ခုမှမမေးဘူးကွ .. မမေးပေမဲ့ ငါ့အကြောင်းတွေအားလုံးကိုတော့ သိနေတာအမှန်ပဲကွ ..

"အဘိုးကြီးက ငါ့ကို ပညာတွေအများကြီးသင်ပေးတယ် .. ဘာတွေလဲဆိုတာကိုတော့ ပြောမပြတော့ပါဘူးကွာ .. ခက်တာက သင်ကြားသမျှအားလုံးကို ငါကမတတ်ဘူးကွ .. အနည်းအကျဉ်းကိုပဲတတ်တယ် .. တတ်တယ်ဆိုတာတောင် ကျွမ်းကျင်အောင်ကိုပဲ တတ်တာ မဟုတ်ဘူး .. နည်းနည်းပါးပါးလောက်ပဲ တတ်တာကွ ..

"ဘယ်လိုပဲသင်သင် ညဏ်မမီဘူးဆိုပါတော့ကွာ .. ဒါပေမဲ့ .. အဲဒီမှာနေရတာငါပျော်တယ် .. အဘိုးကြီး အပေါ်မှာလဲ သံယောဇဉ်တွေတွယ်နေမိတယ် ဒါပေမဲ့ .. တစ်နေ့မှာ ..

"လူလေး .. မင်း ဒီမှာနေလို့မရတော့ဘူး .. လို့

"အဘိုးကြီးက ကောက်ကာငင်ကာပြောတယ်ကွ .. ငါလဲ အတော်ပဲ အံ့အားသင့်မိသွားတယ် .. စိတ်လဲ မကောင်းဘူး .. အဘိုးကြီးနဲ့နေနေရတဲ့ဘဝကို သာယာ

ကျေနပ်နေမိပြီဆိုတော့ အဲဒီနေရာကနေ ထွက်မသွားချင်တော့ဘူးပေါ့ကွာ .. ဒါကြောင့် တောင်းပန်မိတယ် ..

"အဘရယ် .. ကျွန်တော် ဒီမှာပဲနေချင်တယ် .. ကျွန်တော့်ကို နှင်မထုတ်ပါနဲ့ဗျာ .." လို့ ပြောတော့ အဘိုးကြီးက စိတ်မကောင်းတဲ့ပုံစံနဲ့ ခေါင်းယမ်းပြတယ် ..

"မရတော့ဘူး လူလေးရေ .. မင်းကို ဆွေဟောင်းမျိုးဟောင်းဖြစ်တာကြောင့် အဘကခေါ်ထားတာ .. ဒါပေမဲ့ .. မင်းဆီမှာ ဒီနေရာမှာနေလို့ရတဲ့ကံ ကုန်သွားပြီကွ .. ဒါကြောင့် တခြားနေရာကိုသွားရမှာပဲ .." လို့ ပြန်ပြောတယ် ..

"မသွားပါရစေနဲ့ .." လို့ ငါကလဲထပ်ခါထပ်ခါ တောင်းပန်တာပေါ့ကွာ ဘယ်လိုပဲတောင်းပန်တောင်းပန် မရပါဘူး .. ငါ့မှာကံကုန်သွားပြီလို့ချည်းပဲပြောတယ် ..

"ဒါနဲ့ပဲ ထပ်မတောင်းပန်တော့ဘဲ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားလိုက်ရတော့တာပေါ့ .. အဘိုးကြီးက ငါ့ကို နောက်ဆုံးအခွင့်အရေးအနေနဲ့မေးတယ် ..

"လူလေးလာလမ်းအတိုင်းပြန်မှာလား .. ဒါမှမဟုတ်

မင်းသွားချင်တဲ့နေရာကို အရောက်ပို့ပေးရမလား ..”တဲ့ ..

“ဒီတော့မှ အလာတုန်းကလမ်းမှာ တွေ့ကြုံထားခဲ့ရတာ မြင်ခဲ့ရတာတွေကို ပြန်သတိရပြီး .. ငါက ..

“လာလမ်းအတိုင်းတော့ မပြန်ပါရစေနဲ့ အဘရယ် .. ” လို့ ပြောလိုက်မိတယ် ..

“ဒါဆို လူလေးသွားချင်တဲ့နေရာကို ပြောကွယ့် .. အဘ အရောက်ပို့ပေးမယ်” လို့ပြောတယ် .. ရုတ်တရက်ဆိုတော့ ငါလဲ ဘယ်သွားရမယ်မှန်းမသိဘူးကွာ .. အဲဒီအချိန်မှာ မင်းကို သတိရသွားမိတယ် .. အဲဒီလို သတိရလိုက်တာနဲ့ မင်းတော့ ဒုက္ခတွေ့တော့မယ်ဆိုတာကိုလဲ စိတ်ထဲမှာသိလာတယ် ..

“ဒါကြောင့် မင်းဆီကို အရင်လာခဲ့တာပဲ မောင်အာယု .. ”

* * * * * * * * *

အခန်း(၁၈)

“ကဲ .. ငါ့အဖြစ်အပျက်ကတော့ ဒါပဲကွ .. ဘယ်လိုလဲ .. ငါပြောတာကို မင်း ယုံလား ..”

ကုန်လုကုန်စင်ဖြစ်နေသည့် ဖယောင်းတိုင်နေရာတွင် ဖယောင်းတိုင်အသစ်တစ်တိုင်ကို ထွန်းလိုက်ပြီး အာယုက ရယ်လိုက်မိတယ်။

“ဘာရယ်တာလဲကွ .... ”

“ကိုရွှေသွားပြောတာကို နားထောင်ရတာ မပြည့်စုံဘူးဗျ .. ဟာကွက်တွေ အများကြီးရှိတယ် .. အခုထက်ပိုပြီး ပြည့်ပြည့်စုံစုံပြောရင် နားထောင်ရမှာပိုပြီးစိတ်ဝင်စား

ဖို့ ကောင်းမှာဗျ .."

သူ့စကားအဆုံးတွင် ကိုရွှေသွားက တဟားဟား ရယ်သည်။

"မင်းဆိုလိုချင်တာက ငါပြောတာတွေဟာအဓိပ္ပာယ် မရှိဘူး ... ဒါကြောင့်မယုံဘူး ... အဲဒီလိုမဟုတ်လား ဟား ... ဟား .. ဟား .. တည့်တည့်ပြောစမ်းပါကွာ .. အားမနာစမ်းပါနဲ့ .."

အာယုက ဝန်ခံသည့်သဘောဖြင့် ရောနှောရယ်မော နေလိုက်သည် ... တကယ်လည်း ကိုရွှေသွားပြောတာ တွေကို သူ မယုံပါ။

စိတ်ကူးယဉ်ပြီး ပါးစပ်တည့်ရာတွေ လျှောက်ပြော နေတာဟု သူကတွေးမိသည် .. ကျောင်းတက်တုန်းက တည်းက ကိုရွှေသွားက အစအနောက်သန်သည် .. အတည် ပေါက်နှင့်လည်း နောက်ပြောင်တတ်သည်။

အခုလည်း သူ့ကို နောက်နေတာပဲဖြစ်မည်ဟု ထင်လိုက်၏ .. ထိုအချိန်မှာပင် ကိုရွှေသွားသည် မျက်နှာ တည်တည်ဖြင့် သူ့ကို ထပ်မံသတိပေးသည်။

"ငါပြောတာတွေကို ယုံချင်မှယုံပါကွာ .. အဲဒါက

ကိစ္စမရှိပါဘူး .. ငါဖြစ်ပျက်ခဲ့တာနေတာတွေကို ယုံတာ မယုံတာက မင်းအတွက်အရေးမှပါပါဘူး .. ဒါပေမဲ့ .. ဒီအိမ်ကြီးနဲ့ ပတ်သက်လို့ ငါ ပြောခဲ့တာကိုတော့ မင်း ယုံကွ ..

"ထပ်ပြောမယ်နော် .. မင်း ဒီအိမ်ကြီးကိုလုံးဝ ရောင်းမပစ်နဲ့ .. ဒီအိမ်ကြီးကို ရောင်းပစ်လိုက်တာနဲ့ မင်းဘဝကြီးတစ်ခုလုံးကလဲ အတိဒုက္ခရောက်ရမှာပဲကွ"

"စိတ်မပူပါနဲ့ ကိုရွှေသွား .. ကျွန်တော့်ဆီမှာ အိမ်ကြီးကို ရောင်းဖို့ ဆန္ဒလုံးဝမရှိဘူးလို့တော့မပြောနဲ့ ကွာ .. ဒီကနေ့ကစပြီး ရက်ပေါင်းကိုးဆယ်အတွင်းမှာ မိန်းမတစ်ယောက်နဲ့ မင်းတွေ့ရလိမ့်မယ် .. အဲဒီမိန်းမက မင်းဆီကနေ ဟောဒီအိမ်ကြီးကို အတင်းဝယ်လိမ့်မယ် .. အဲဒီအချိန်ကျရင် မင်းလဲငြင်းနိုင်ရှောင်နိုင်မှာမဟုတ်ဘူး.. အဲဒါကြောင့် အဲဒီမိန်းမနဲ့မတွေ့အောင်ရှောင်ပေါ့ကွာ ..."

"အင်းပါဗျာ .. ဒီကနေ့ကစပြီး ရက်ပေါင်းကိုးဆယ် အတွင်း ကျွန်တော် ဘယ်ဘုရားမှလိုက်မဖူးပါဘူး .."

ပြီး ပြီးရောသဘောဖြင့် အာယုက ခပ်မြန်မြန် ပြောလိုက်သည် .. သို့သော် ကိုရွှေသွားက ကျေနပ်ပုံ

မရပါ။

"အဲဒီလောက်နဲ့တော့ မရဘူး မောင်အာယု .. မင်း ငါ့ကို ကတိပေးရမယ်ကွ .."

"ပေးတယ်ဗျာ .."

"မင်းလေသံက ပေါ့ပျက်နေသေးတယ် မောင်အာယု .. ဒီကိစ္စက မင်းဘဝကြီးတစ်ခုလုံးနဲ့ဆိုင်တာနော် .. အဲဒါကြောင့် လေးလေးနက်နက် ကတိပေးရမယ် .. မင်းပေးတဲ့ကတိကို ဖျက်မိရင် မင်းဘဝပဲပျက်သွားရမှာ .. အဲဒါကိုလဲမမေ့နဲ့ .."

အပ်ကြောင်းထပ်နေသည့်သတိပေးစကားကြောင့် အာယုက စိတ်ပျက်သွားမိသည်။

ဗေဒင်ဆရာလိုလို အကြားအမြင်ရနေသလိုလို ဘိုးတော်လိုလိုလုပ်နေသည့် ကိုရွှေသွားကိုလည်း စိတ်ထဲက နည်းနည်းတော့ချဉ်သွားမိသည်။

"မောင်အာယု .. ငါ့ကို အချဉ်မပေါက်နဲ့ကွ .. အခုပြောနေတာ ငါ့အတွက်မပါဘူး .. မင်းအတွက်ပြောနေတာ .."

ဟု ကိုရွှေသွားက ပြောလိုက်တော့ သူအတော်ပဲ

လန့်သွားသည် .. သူ့စိတ်ထဲကအကြောင်းတွေကို ကိုရွှေသွားက ဘာကြောင့်သိနိုင်ရတာလဲ ..

"အဟဲ .. စိတ်မဆိုးပါနဲ့ဗျာ .. ကိုရွှေသွားက ကျွန်တော့်စိတ်ထဲကအကြောင်းကို သိတာပဲလား .."

"ဒါမခက်ပါဘူးကွာ သိချင်ရင်သိလို့ရတာပါပဲ .."

"ဟာ .. မခက်ပါဘူးဆိုတာ မဖြစ်နိုင်ပါဘူးဗျာ .. ကျွန်တော်က ကိုရွှေသွားစိတ်ထဲကကိစ္စတွေကို သိမှ မသိနိုင်ဘဲဗျ .."

"ဒါကတော့ မင်းနဲ့ငါကမှ မတူတာကွာ .."

"ဘာဖြစ်လို့မတူတာလဲဗျ ..."

"မတူတာမတူလို့ပေါ့ကွာ .. မသိချင်စမ်းပါနဲ့ .."

ဆက်မေးနေလျှင်လည်း အူကြောင်ကြောင်အဖြေတွေကိုသာရမှာမို့ အာယုက မေးဖို့ လက်လျှော့လိုက်ပြီး ရှေးဟောင်းနှောင်းဖြစ်များကိုသာ ပြောဆိုနေလိုက်တော့ သည်။

ဖယောင်းတိုင်တွေ တစ်တိုင်ပြီးတစ်တိုင် ကုန်သွားသည်အထိ ရောက်တတ်ရာရာစကားများ .. ဆယ်တန်း တုန်းကသူငယ်ချင်းများ .. ဆရာဆရာမများ၏အကြောင်း

များကို ပြောကြရင်း တဖြည်းဖြည်းနှင့် ညဉ့်နက်လာလေ တော့သည်။

ထူးဆန်းတာကတော့ ရှစ်နှစ်လုံးလုံး တောထဲ တောင်ထဲတွင် အမည်မသိအဘိုးကြီးတစ်ယောက်နှင့် အတူတူ နေခဲ့ပါသည်ဟုပြောသည့် ကိုရွှေသွားသည် သေဆုံးသွား သည့် ဆရာမတစ်ယောက်နှင့် အတန်းဖော်သူငယ်ချင်း နှစ်ယောက်၏အကြောင်းကို သိနေပြီး အသေအချာ ပြောပြ နိုင်ခြင်းပဲဖြစ်သည်။

ထို့ကြောင့် ရှစ်နှစ်လုံးလုံး ဘယ်နေရာမှန်းမသိသူ တစ်ယောက်နှင့်အတူတူနေခဲ့ပါသည်ဆိုသော ကိုရွှေသွား ၏စကားကို သူကပို၍ပင်မယုံကြည်တော့ပါ။

တမင်တော့ လုပ်ဇာတ်ခင်းသည်ဟုပဲ သူက ထင် ထားလိုက်တော့သည်။

အဲဒီနောက်မှာတော့ အတော်ညဉ့်နက်လာပြီမို့ သူ နှင့် ကိုရွှေသွားက အိပ်ရာဝင်ဖို့ပြင်ကြရလေသည်။

သူက ကိုရွှေသွားကို သူ့အခန်းမှာပင်အိပ်ဖို့ ခေါ် သော်လည်း ကိုရွှေသွားကတော့ ဖုန်အလိမ်းလိမ်းထနေ သည့် ဦးဗလ၏အိပ်ခန်းထဲမှာပဲအိပ်မည်ဟုပြောသည်။

"နောက်နေ့ ရှင်းလင်းဆေးကြောပြီးမှ အိပ်ပါဗျာ" ဟု ပြောလို့လည်းမရ။

"ကျွန်တော်နဲ့ မအိပ်ချင်ရင်လဲ ဘုရားခန်းမှာ အိပ် ဗျာ ..."

ဟု ပြောတော့လည်း ခါးခါးသီးသီး ငြင်းသည်။

နောက်ဆုံးတော့ တားမနေတော့ဘဲ အာယုက လွှတ်ပေးထားလိုက်ရတော့သည်။

ဦးဗလ၏အိပ်ခန်းနှင့် သူ့အိပ်ခန်းသည် အပေါ်ထပ် မှာရှိတာချင်းတူတာမို့ သူတို့နှစ်ယောက်က ပြိုင်တူအိပ်ရာ ဝင်ခဲ့ကြလေသည်။

ကိုရွှေသွား ကတော့ အိပ်ပျော် မပျော်မသိပါ ... အာယုကိုယ်တိုင်ကတော့ ခေါင်းအုံးပေါ်ခေါင်းချလိုက်တာ နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ပြီး နေအတော်မြင့်မှပဲ အိပ်ရာမှနိုးလာလေတော့သည်။

* * * * * * * * *

အခန်း (၁၉)

သူ့မျက်လုံးများပေါ်သို့ နေရောင်ထိုးကျလာသည့်အတွက် အာယု အိပ်မောကျနေရာမှ လန့်နိုးသွားရလေသည်။

အခုလောက်နေမြင့်အောင် သူ ဘယ်တုန်းကမှ မအိပ်တတ်ခဲ့ပါ .. အဘိုးအဘွားနှင့်ကြီးပြင်းခဲ့လာရသူမို့ သူက လူကြီးတွေ၏အကျင့်စရိုက်အတိုင်း အိပ်ရာစောစောထတတ်သူဖြစ်သည်။

ညက ကိုရွှေသွား နှင့်စကားပြောတာညဉ့်နက်သွားလို့နေမြင့်မှနိုးတာပဲဖြစ်မှာဟုတွေးပြီး သူက အိပ်ရာ

မှ လူးလဲထလိုက်မိသည် .. ကိုရွှေသွားကြီးတစ်ယောက်လည်း အိပ်နေတုန်းပဲဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်သေးသည် .. ဘာဖြစ်လို့လဲဆိုတော့ အိမ်ကြီး တစ်ခုလုံးတိတ်ဆိတ်နေလို့ပဲဖြစ်လေသည်။

သူ တိတ်တိတ်ဆိတ်ဆိတ်ပဲ အခန်းထဲမှထွက်လာခဲ့လိုက်သည် .. ကိုရွှေသွားအိပ်နေလျှင် အနှောင့်အယှက်မဖြစ်အောင် ခြေဖွဖွနင်းပြီး ကိုရွှေသွား ညကအိပ်သည့်အခန်းရှေ့မှဖြတ်လျှောက်တော့ အခန်းတံခါးသည်စေ့ပိတ်မနေဘဲ ဟတတာဖြစ်နေတာကိုတွေ့ရလေသည်။

ကိုရွှေသွားတစ်ယောက် အိပ်ရာကနိုးပြီး အောက်ထပ်ဆင်းသွားပြီလား ဆိုသော အတွေးဖြင့် ဟနေသည့်တံခါးကို အသာတွန်းကြည့်လိုက်တော့မှ အာယုက မျက်လုံးပြူးရတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ ကိုရွှေသွားကို အခန်းထဲတွင် မတွေ့ရသည့်အပြင် ခုတင်ပေါ်မှာလည်း အိပ်ရာခင်းထားခြင်းမရှိဘဲ မူလအတိုင်း ဖုန်အလိမ်းလိမ်းထနေတာကိုပဲ တွေ့လိုက်ရသည့်အတွက်ဖြစ်လေသည်။

ရုတ်တရက်အူကြောင်ကြောင်ဖြစ်သွားပြီးမှ သူက

တွေးလိုက်မိပြန်သည်။

ကိုရွှေသွားသည် ဒီအိပ်ခန်းထဲသို့ ဝင်လာပြီးမှ ဖုန်ထူ ညစ်ပတ်နေသည့်အတွက် ဧည့်ခန်းမှာဖြစ်ဖြစ် ဘုရားခန်းမှာဖြစ်ဖြစ် ပြောင်းအိပ်လိုက်တာ ဖြစ်နိုင်သည်ဆိုသည့် အတွေးပဲဖြစ်သည်။

ထို့ကြောင့် ဘုရားခန်းတွင် ကိုရွှေသွားကိုသွားရှာသည် .. မတွေ့ပါ .. ဒါဆို ဧည့်ခန်းထဲမှာဖြစ်မည်ဟု တွေးပြီး အောက်ထပ်သို့ဆင်းလာခဲ့သည့်အခါမှာတော့ သူက ပိုလို့ပင်အံ့ဩရတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ သူထင်သလိုမျိုး ဧည့်ခန်းထဲတွင် ကိုရွှေသွား ရှိမနေလို့ပဲဖြစ်သည် .. ပြီးတော့ မနေ့က ကိုရွှေသွား ရှင်းလင်းထားလို့ ရှင်းလင်းပြီးပစ္စည်းတွေ သူ့နေရာနှင့်သူသပ်သပ်ရပ်ရပ်ရှိနေခဲ့သည့်ဧည့်ခန်းသည် အခုတော့ ခါတိုင်းနေ့တွေကလိုပင် ဖရိုဖရဲ ပြန်ဖြစ်နေသည်။

"ဘယ်လိုဖြစ်သွားရတာလဲ .."

သူကလည်း စဉ်းစားလို့မရ ..။

"ကိုရွှေသွား .. ကိုရွှေသွား .."

ဟု အော်ဟစ်ခေါ်ကြည့်သည် .. တုံ့ပြန်သံ မကြားရ .. အိမ်အနံ့ ခြံအနှံ့ရှာသည့်လုံးဝမတွေ့ပါ။

ဒီတော့မှ သူ့ကို နှုတ်မဆက်ဘဲ ကိုရွှေသွား ပြန်သွားသည့်အတွက် အံ့အားသင့်ရသလို စိတ်မကောင်း ဖြစ်သွားရလေတော့သည်။

သူက လိုလိုချင်ချင် မရှိဘူးထင်လို့များ သူ မသိအောင် ထွက်သွားတာဖြစ်နေမလားဟု စဉ်းစားလိုက်မိတော့ ပို၍ပင် စိတ်ထိခိုက်ရသည်။

သို့သော် .. ရုံးနေ့ကျနေပြီမို့ ကြာကြာစိတ်မကောင်းဖြစ်မနေဘဲ ခပ်မြန်မြန်ရေချိုး အဝတ်အစားလဲကာ သူက ထွက်လာခဲ့ရလေသည်။

အလုပ်လုပ်နေရင်းလည်း စိတ်မကောင်းဖြစ်ရလေသည် .. ညနေအိမ်ပြန်ရောက်သည့်အချိန် အိမ်မှာ ကိုရွှေသွား ပြန်ရောက်နေပါစေဟုလည်း ဆုတောင်းမိသည် .. ဒါပေမဲ့ .. ထိုဆုတောင်းက မပြည့်ပါ။

နှစ်ပေါင်း အတော်ကြာအောင် ကွဲကွာနေခဲ့သည့် ကိုရွှေသွားဟု သူနာမည်ပြောင်ပေးထားသည့်သူငယ်ချင်းသည် သူ့အိမ်၌ တစ်နေ့နှင့်တစ်ညတာနေထိုင်ပြီး နှုတ်

မဆက်ဘဲ ထွက်ခွာသွားခဲ့လေတော့သည်။

အစပိုင်းရက်တော်တော်များများမှာတော့ အာယုက တွေးတွေးပြီး စိတ်မကောင်းဖြစ်မိသည် .. ဆင်းရဲနွမ်းပါး သည့်သူငယ်ချင်းတစ်ယောက်အပေါ် တာဝန်မကျေခဲ့သလို မျိုး ခံစားရပြီး သူ့ကိုယ်သူလည်း အပြစ်တင်နေမိသည်။

ဘာပဲဖြစ်ဖြစ် ကိုရွှေသွား မှာသွားသည့်ကိစ္စတွေ ကိုလည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ အမှတ်တရအနေ ဖြင့် လိုက်နာမည်ဟုလည်း သူကဆုံးဖြတ်မိသေးသည်။

ထို့ကြောင့် ကိုရွှေသွား မှာခဲ့သည့်အတိုင်း ဘုရား သို့မသွားဘဲ ရှောင်နေလိုက်တော့သည်။

* * * * * * * * *

အခန်း (၂၀)

တဖြည်းဖြည်း ရက်ကြာလာသည့်အခါမှာတော့ သူ့ရင်ထဲမှာခံစားချက်များက မှေးမှိန်လာလေသည်။

ရုံးကိစ္စ အိမ်ကိစ္စ သူငယ်ချင်းအပေါင်းအသင်းများ ၏ ကိစ္စများအောက်တွင် ကိုရွှေသွားကို တစ်ခါတစ်ရံမှ သတိရမိတော့သည်။

အဲဒီလိုပင် ကိုရွှေသွားမှာခဲ့သည့်ကိစ္စများနှင့် ကို ရွှေသွား တောင်းခဲ့သည့်ကတိများကိုလည်း ပေါ့တန်စွာ သဘောထားမိပြီး မေ့မေ့လျော့လျော့ပင် ဖြစ်လာခဲ့ရလေ တော့သည်။

သို့သော် .. ရွှေတိဂုံဘုရားသို့ လည်းကောင်း ဆူးလေ ဗိုလ်တထောင် အစရှိသည့်ဘုရားများသို့လည်း သူက မရောက်ဖြစ်ခဲ့ပါ။

တစ်ခါတစ်ရံ သွားချင်စိတ်ဖြစ်ပေါ်လာမိသော်လည်း ကိုရွှေသွားက မှာထားတာပဲလေဆိုသည့်ကတိဖြင့် မသွားမိအောင် ကြိုးစားနေရင်း နေဖြစ်ခဲ့လေသည်။

ဒီလိုနှင့် ရက်အတော်ကြာလာသည့်အခါမှာတော့ တိုက်ဆိုင်စွာပင် သူ့ရဲ့နှစ်ဆယ့်လေးနှစ်မြောက်မွေးနေ့ကို ရောက်ရှိလာခဲ့လေတော့သည်။

ထိုနေ့သည် ရာသီဥတု သာယာသည့်နေ့တစ်နေ့ဖြစ်ပြီး သူ့စိတ်တွေကလည်း အထူးတလည်ပင်ကြည်လင်လန်းဆန်းနေသည်။ အိမ်ရှိဘုရားခန်းကို သန့်ရှင်းရေးလုပ် ဘုရားဆင်းတုတော်များအား ရေသပ္ပါယ် ရောင်တော်ဖွင့် ဘုရားပန်းများ သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး ဖေဖေမေမေနှင့် ဘိုးဘိုးဘွားဘွားများ အဘိုးလေး ဦးဗလတို့ကို အမျှအတန်းပေးဝေသည်။

အကယ်၍သာ သူ့မွေးနေ့သည် ရုံးတက်ရက်ဖြစ်ခဲ့လျှင် ရုံးသွားရမှာမို့ သူ့အနေဖြင့် ဘုရားဖူးဖို့ စိတ်ကူး

ဖြစ်ပေါ်မည်မဟုတ်ပါ .. သို့သော် .. သူ့မွေးနေ့သည် ရုံးပိတ်ရက် တနင်္ဂနွေနေ့ ဖြစ်ခဲ့လေသည်။

ထို့ကြောင့် အချိန်များစွာပိုနေသည့်သူက ရွှေတိဂုံဘုရားသွားဖူးပြီး ကောင်းမှုကုသိုလ်များပြုလုပ်ဖို့ ဆုံးဖြတ်ဖြစ်သွားခဲ့တာဖြစ်သည်။ ထိုခဏ၌အာယုသည် ကိုရွှေသွားကိုရော ကိုရွှေသွားပြောခဲ့သည့်စကားများကိုပါ မေ့လျော့သွားကာ စိတ်ကြည်လင်စွာ ဘုရားသို့ထွက်လာဖြစ်သွားတော့သည်။

အိမ်ကနေ ဘုရားသို့ ထွက်လာသည့်တစ်ချိန်လုံး သူ့စိတ်များသည် ပေါ့ပါးလန်းဆန်းနေခဲ့လေသည်။

ရွှေတိဂုံစေတီတော်ပေါ်သို့ မြောက်ဘက်မုခ်စောင်းတန်းလှေကားများမှ သူ တက်လာဖြစ်သည် .. ဓာတ်လှေကားဖြင့်မတက်ဘဲ လှေကားများမှတက်ရတာကို သူက ပိုမိုကုသိုလ်ရသည်ဟု ခံယူထားလို့ပဲဖြစ်သည်။

စောင်းတန်းရှိပန်းဆိုင်များမှ ပန်းများဝယ်သည် .. ထို့နောက် သူသည် အောင်မြေရှိရာကနေ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်းများဆက်ကပ်ဖူးမြော်တော့သည်။

သူ ဘုရားရှိခိုး အာရုံပြုနေသည့်အချိန်မှာပင် သူ့

နှာခေါင်းထဲသို့ မွှေးပျံ့သည့်ရနံ့တစ်ခု တိုးဝင်လာလေသည် .. ပထမတော့ သူက သတိမထားမိပါ .. ဘုရားဖူး တစ်ယောက်ယောက်ထံမှရနံ့ပဲဟု ဘာသိဘာသာပင်ထားလိုက်သည်။

အောင်မြေကနေမန်းလှူဒါန်းဆက်ကပ်ပြီး ရွှေတိဂုံစေတီတော်၏ပန်းတင်ခုံများရှိရာသို့ သူထွက်လာတော့လည်း မွှေးပျံ့သည့်ရနံ့သည် သူ့နောက်မှပါလာလေသည်။

ပန်းများကို ပန်းတင်ခုံပေါ်တွင်ရှိသည့် ပန်းအိုးကြီးများအထဲသို့ ကပ်လှူလိုက်သည်။

မွှေးရနံ့ကို ခံစားရဆဲ ..

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးများကပ်လှူသည့်အချိန်တွင်လည်း မွှေးပျံ့သည့်ရနံ့သည် သူ့အနီး၌ပင် ရှိနေလေသည်။

သူက မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိပ်ပူဇော်သည် .. မွှေးပျံ့သည့်ရနံ့ကတော့ သူ့အနားတွင် တရစ်ဝဲဝဲ ရှိနေဆဲပဲရှိသေးသည့်အဖြစ် သူ့စိတ်များကပါ မသိုးမသန့် ခံစားလာရလေသည်။

တစ်စုံတစ်ယောက်သည် သူ့ကိုကြည့်နေသည်ဟု

ခံစားရသည် .. ထိုအသိကြောင့် ကျောထဲမှာယားကျိကျိဖြစ်လာလေသည် .. ဘာကြောင့်မှန်းမသိပဲ လှည့်ကြည့်လိုက်ရ ကောင်းမလား .. လှည့်မကြည့်ဘဲနေလိုက်ရကောင်းမလားနှင့် စဉ်းစားရခက်ပြီး သူက ခြေများပင်ပြန်လာလေသည် .. နောက်ကျောမလုံသည့်ခံစားချက်ဆိုသည်မှာ ဒါမျိုးပဲဖြစ်မည်ထင်သည်။

ဘာကြောင့် နောက်လှည့်မကြည့်ရဲရတာလဲ .. ဘာကြောင့် နောက်ကျောမလုံရတာလဲ .. ဘာကိုကြောက်လန့်နေရတာလဲဆိုသည့်မေးခွန်းကို ကိုယ့်ဘာသာကိုယ်ပြန်မေးကြည့်သော်လည်း အဖြေကို မရပါ။

နောက်ဆုံးတော့ ရှိသမျှအင်အားများဖြင့် သူက နောက်သို့ ချာခနဲ လှည့်ကြည့်ပစ်လိုက်တော့သည်။

* * * * * * * * *

အခန်း (၂၁)

ချာခနဲ လှည့်ကြည့်လိုက်တာနှင့် သူနှင့်အနီးဆုံးနေရာတွင် ထိုင်ပြီး ခပ်ပြုံးပြုံးကြည့်နေသည့်အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရပြီး အာယုက ကြောင်အမ်းအမ်းဖြစ်သွားရလေတော့သည်။

ထိုအမျိုးသမီးသည် သူ့ထက် ႏ သက်ကြီးလိမ့်မည်ဆိုတာ သေချာသော်လည်း ဘယ်လောက်ရှိမည်ဟုတော့ ခန့်မှန်းလို့မရပါ .. ထူးဆန်းတာက .. သူ့ကိုရင်းနှီးစွာ ပြုံး၍ ကြည့်နေသည့်အမျိုးသမီးကို သူလုံးဝမသိတာပဲဖြစ်လေသည်။

သို့သော် .. အမျိုးသမီးကို သူက ပြန်လည်ပြုံးပြလိုက်ရတော့သည်။

"မမကြောင့် အနှောင့်အယှက်များဖြစ်သွားသလားကွယ် .."

နားထောင်လို့အလွန်ကောင်းသည့် အမျိုးသမီး၏အသံသည် သူ့နှလုံးသားထဲအထိ စီးဝင်လာလေသလားဟုပင် ထင်မှတ်ရလေသည် .. ထိုအသံ၌မိန်းမောသွားရသည့်အတွက် သူက အမျိုးသမီးကို ချက်ချင်း စကားပြန်မပြောနိုင်ပါ။

"အနှောင့်အယှက်ဖြစ်သွားရတယ်ဆိုရင် တောင်းပန်ပါတယ်ကွယ် .. မောင်လေး ဘုရားကို ဆက်ပြီး အာရုံပြုပါ .."

အမျိုးသမီးက စိတ်မကောင်းဟန်ဖြင့်ပြောသည် .. ဒီတော့မှ သူက အသိဝင်လာပြီး ခပ်မြန်မြန်ပြောလိုက်ရလေသည်။

"ဟာ .. အနှောင့်အယှက် မဖြစ်ပါဘူးဗျာ .. ကျွန်တော်လဲ ဘုရားဝတ်ပြုလို့ပြီးပါပြီ .."

"ဒါဆို မမတို့ အေးအေးဆေးဆေးထိုင်ကြရအောင်

လားကွယ် ..”

“ဟုတ်ကဲ့ ခင်ဗျ ..”

သူက မငြင်းနိုင်ဘဲ အမျိုးသမီးဦးဆောင်ခေါ်ရာ နောက်သို့ လိုက်ပါမိလေသည်။

အမျိုးသမီးသည် ရုပ်ရည် အရပ်အမောင်း ကိုယ်နေဟန်ထား ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိအောင်လှပပြီး လှုပ်ရှားသွားလာဟန်ကလည်း မဟာဆန်လွန်းလှလေသည် .. အမျိုးသမီးသည် ရှည်လျားနက်မှောင်သော ပိုးသားကဲ့သို့ဆံပင်များကို ချည်နှောင် ထုံးဖွဲ့ထားခြင်းမရှိဘဲ ဒီအတိုင်းဖြန့်ချထားလေသည်။

အမျိုးသမီး၏အသားအရေသည် ဖြူတာလည်း မဟုတ် ဝါတာလည်းမဟုတ်ဘဲ နို့နှစ်ရောင်သန်းနေသည်ဟု ထင်ရသည် .. မျက်နှာပြင်ပေါ်တွင် ခေတ်မီအလှပြင်ပစ္စည်းများနှင့် ခြယ်သဖန်တီးထားသည့်အရာ တစ်စုံတစ်ခုမှရှိမနေဘဲ ပကတိအတိုင်းလှပနေသည်။

သူနှင့်အမျိုးသမီးသည် တောင်ဘက်မုခ် ဓာတ်လှေကားအနီးရှိ ဗောဓိပင်အနီးတွင် အေးဆေးစွာထိုင်ဖြစ်သွားလေသည်။

“မမနာမည်က နန္ဒာတဲ့ .. မောင်လေးနာမည်ကရော ဘယ်လိုခေါ်သလဲ ..”

“ကျွန်တော့်နာမည် အာယုပါခင်ဗျာ ..”

“ဪ .. အာယုဆိုတာ အသက်ရှည်ခြင်းလို့ အဓိပ္ပာယ်ရတာပဲလေ .. ကောင်းလိုက်တဲ့နာမည်ကွယ် ..”

“မမရဲ့နာမည် နန္ဒာ ဆိုတာကလည်း ကျက်သရေရှိခြင်း .. တင့်တယ်ခြင်းလို့ အဓိပ္ပာယ်ရတာပဲလေ .. မမနာမည်နဲ့မမက တကယ်လိုက်ဖက်ညီပါပေတယ်ဗျာ ..”

“ကျေးဇူးတင်ပါတယ်ကွယ် .. ဒါနဲ့ မောင်လေးက တစ်ယောက်တည်းပဲလား ..”

“ဟုတ်ကဲ့ .. ကျွန်တော် တစ်ယောက်တည်းသမားဆိုတာထက် တစ်ကောင်ကြွက်လို့ပြောရင် ပိုမှန်လိမ့်မယ် ခင်ဗျ .. ကျွန်တော့်ဆီမှာ မိဘ ညီအစ်ကိုမောင်နှမ တစ်ယောက်မှမရှိပါဘူး .. ကျွန်တော်တစ်ယောက်တည်းနေတာပါ ..”

“ဪ ..”

အမျိုးသမီးက ကရုဏာသက်ဟန်ဖြင့် သူ့ကိုကြည့်နေပြီး သူကိုယ်တိုင်ကတော့ ထိုအကြည့်၌သာယာ

နေမိတာ သေချာလေသည်။

ဘာကြောင့်မှန်းမသိဘဲ အချိန်တိုတိုကလေးအတွင်း မှာပင် သူနှင့်မမနန္ဒာက ခင်မင်ရင်းနှီးသွားလေတော့သည်။

"မမက ရန်ကုန်မှာပဲနေတာလား .."

"မဟုတ်ဘူးကွယ့် .. မမက အထက်မြန်မာပြည် ကပါ .. အခုမှရန်ကုန်မြို့မှာ အခြေချနေထိုင်ဖို့ စိတ်ကူး ပေါ်လာလို့ ရန်ကုန်ကိုဆင်းလာကြည့်တာကွယ့် .."

"မမကရော တစ်ယောက်တည်းပဲလား .."

"မမကတော့ တစ်ယောက်တည်းမဟုတ်ပါဘူးကွယ် .. မင်းလိုပဲညီအစ်ကိုမောင်နှမ မရှိပေမဲ့ မိအိုဖအိုတွေတော့ ရှိသေးတယ်ကွယ့် .. အဘိုးအဘွားတွေလဲရှိတယ် .. ဆွေတော်မျိုးတော်တွေလဲ ရှိကြတယ်.. ဒါကြောင့် ရန်ကုန်မှာအခြေချမယ်ဆိုရင် အိမ်ကြီးကြီးတစ်လုံးတော့ ဝယ်မှဖြစ်မှာလေ .."

အိမ်တစ်လုံးဝယ်မှ ဟု ပြောလိုက်သည့်စကား ကြောင့် အာယုက ထိတ်ခနဲဖြစ်သွားပြီး ကိုရွှေသွား ပြော သွားခဲ့သည့်စကားများကို ဖျတ်ခနဲ သတိရလိုက်မိသည်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲဟု တွေးလိုက်မိပြီး အာယု

က အံ့အားသင့်သွားဆဲ .. အမျိုးသမီးထံမှ အံ့အား သင့်ဖွယ်ရာမေးခွန်းတစ်ခုကို ကြားရပြန်သည်။

"မောင်အာယုက ဘယ်မှာ နေတာလဲကွယ် .. မောင်လေးတို့အနီးအနားမှာရော ခြံကျယ်ကျယ်နဲ့ ရှေးဆန် ဆန် အိမ်ကြီးတစ်လုံးလောက် ရောင်းဖို့မရှိဘူးလားကွယ့်"

ထိုမေးခွန်းကြောင့် သူ့ရင်ထဲတွင် တလှပ်လှပ် ခံစားလိုက်ရပြီး အလန့်တကြားလည်းဖြစ်မိသွားရသည်။

ကိုရွှေသွား ကြိုတင်ပြောထားခဲ့တာတွေ တကယ် ပဲဖြစ်လာတော့မှာလားဟုတွေးရင်း စိုးရိမ်တကြီး ဖြစ်သွား ရသည့်အချိန်မှာပင် မမနန္ဒာက သူမ၏မေးခွန်းကို ပြန် ဆက်သည်။

"မမကို ကူညီပါ မောင်အာယုရယ် .. ရန်ကုန်သူ မဟုတ်တော့ အိမ်တစ်အိမ်ဝယ်ဖို့အတွက် နေရာလဲ မရွေးတတ် .. အသိမိတ်ဆွေကလဲ မရှိနဲ့ တော်တော်ပဲ ခက်နေတယ် .."

အာယုက ဘာမှပြန်မပြောနိုင်ဘဲ အာခေါင်တွေ ခြောက်သွေ့လာသည် .. အခြေအနေသည် ကိုရွှေသွား ကြိုတင်ဟောကိန်းထုတ်သွားသည့်ဘက်သို့ ရောက်လာခဲ့

ပြီလားဟု စဉ်းစားမိဆဲမှာပင် သူ့အထင်အတိုင်းမဟုတ်ဘဲ ပြောင်းလဲသွားပြန်၏။

"ဩော် .. မမကလဲ အလိုက်ကန်းဆိုးမသိ .. တွေ့တွေ့ချင်း သိသိချင်း အကူအညီတွေတောင်းနေမိပြန်ပြီ .. ဆောရီးကွယ် .. မောင်အာယုလဲ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ တခြားကိစ္စ ဘယ်သိနိုင်မှာတဲ့လဲ .."

ဒီတော့မှ အသက်ရှူချောင်သွားပြီး သူက ခပ်မြန်မြန်ပင် ချော်လဲရောထိုင် လုပ်ပစ်လိုက်လေတော့သည်။

"ဟုတ်တယ် ခင်ဗျ .. အဲဒီအိမ်အရောင်းအဝယ်ကိစ္စတွေကို ကျွန်တော်မကျွမ်းကျင်ပါဘူး .. မမအနေနဲ့ အခက်အခဲရှိနေရင်အကျိုးဆောင်လုပ်ငန်းတွေနဲ့ဆက်သွယ် ပြီး ဝယ်လို့ရနိုင်ပါတယ် .."

"အခုလိုအကြံပေးတဲ့အတွက် ကျေးဇူးပါပဲကွယ်"

"ရပါတယ်ဗျာ .. ကျွန်တော် ဘာမှလုပ်ပေးရတာမှ မဟုတ်ဘဲ .. ကျေးဇူးတင်စရာမလိုပါဘူး .."

ဒီလိုနှင့်ပင် အာယုက အိမ်အကြောင်းပြောနေရာမှတခြားအကြောင်းအရာများဘက်သို့ စကားလမ်းကြောင်းပြောင်းမိသည်။

အကြောင်းအရာတစ်ခုကို သူက စပြောလိုက်တာနှင့် ထိုအကြောင်းအရာကို ကျွမ်းကျင်ပိုင်နိုင်စွာ မမနန္ဒာက ဆက်ပြောသည့်အတွက် သူကတော့ နားထောင်သူသက်သက်ဖြစ်သွားရတာများလေသည်။

ချောမောလှပသော မမနန္ဒာ၏မျက်နှာကို သတိလက်လွတ် ငေးငေးကြည့်မိနေရတာက အကြိမ်ကြိမ် .. သာယာချိုကြည်သော မမနန္ဒာ၏စကားလုံးများထဲ၌ ပတ်ဝန်းကျင်ကိုမေ့လျော့သွားရသည်အထိ စီးမျောပါသွားရသည့် အကြိမ်အရေအတွက်ကလည်း မနည်းမနောပင်ဖြစ်သည်။

မမနန္ဒာသည် သူ ဘာတွေဖြစ်နေရသည်ဆိုတာကို မသိချင်ယောင်ဆောင်ထားပုံရလေသည်။

သူနှင့်မမသည် စကားတွေ တဝကြီး ထိုင်ပြောပြီးကြသည့်နောက် မမကပဲသူ့ကို စားသောက်ဆိုင်တစ်ဆိုင်သို့ခေါ်သွားပြီး ထမင်းကျွေးသည် .. သူ့ကိုသာကျွေးသော်လည်း မမကိုယ်တိုင်ကတော့ မစားပါ .. အချိန်သည် နေ့လယ်စာစားချိန်ကိုပင် ကျော်လွန်နေပြီမို့ သူက မမကိုပါ ထမင်းစားဖို့တိုက်တွန်းမိသည်။

"မမလဲစားလေ .. အချိန်က မနည်းတော့ဘူးဗျ.."

"မောင်အာယုပဲ စားပါကွယ် .. မမက မီးလွတ် အဓိဋ္ဌာန်ဝင်နေတာမို့ မီးနဲ့ချက်ပြုတ်ထားတာတွေကို မစားပါဘူး .. အသီးအနှံတွေပဲ စားတယ်လေ .. အခုလဲ မဆာပါဘူး .."

မီးလွတ်အဓိဋ္ဌာန်ဆိုသည့်အတွက် သူက မမကို လေးစားသွားရပြန်သည်။

မမသည် သူထမင်းစားနေတာကို သိမ်သိမ်မွေ့မွေ့ လေးပြုံး၍ ထိုင်ကြည့်နေသည့်အတွက် သူကအတော်ပင် စိတ်လှုပ်ရှားလာမိလေသည်။

မမသည် ဒီလို အပြုံးမျိုးလေးနှင့် သူ့ကို တစ်သက်လုံးထိုင်ကြည့်ပြီး ကြင်ကြင်နာနာ ပြုစုခဲ့လျှင် ဘယ်လောက်တောင်ကောင်းလိုက်မလဲဆိုသည့် အတွေး တွေးမိပြီး သူ့စိတ်တွေက ဆူဝေ ဖောက်ပြန်လာတော့ သည်။

အဲဒီအခါမှာတော့ နောက်ရက်များတွင် မမနှင့် တွေ့ချင်လာမိသည် .. မတွေ့ရမှာကို စိုးရိမ်လာမိပြန်သည် .. အခုလည်း မမှနှင့်ခွဲပြီး အိမ်မပြန်ချင်အောင် ဖြစ်နေရ

တော့သည် .. ထိုစိတ်များ ရုတ်တရက် ဖိစီးလာသည့် အတွက် အာယု ထမင်းစားရတာ အရသာမရှိတော့ပဲဖြစ် သွားပြီး အာယုကစားလက်စထမင်းကို ရပ်ပစ်လိုက်တော့ မမနန္ဒာက ပျာပျာသလဲ မေးသည်။

"ဘာဖြစ်လို့လဲကွယ် .. စားမကောင်းလို့လား"

"တော်ပြီ မမ .. ကျွန်တော် ဝပါပြီ .."

"အို .. နည်းလိုက်တာ .. မင်းတို့အရွယ်တွေဆို တာ အစားများများ စားရမယ့်အရွယ်ကွယ် .. မမ အိမ် ဝယ်ပြီး ရန်ကုန်ကိုပြောင်းလာတော့မှပဲ မောင်အာယုကို ထမင်းဖိတ်ကျွေးဦးမယ် သိလား .."

ထိုစကားကြောင့် သူက မမအမြန်ဆုံးပြောင်းလာ ပါစေဟုပင် ဆုတောင်းမိသည် .. မမ ရန်ကုန်မှာ အမြန် လာနေပြီး သူ့နှင့်လည်း နေ့စဉ် တွေ့မြင်ရင်းနှီးရလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟုစဉ်းစားမိသည့်အချိန်တွင် အာယုသည် ကိုရွှေသွား ပြောခဲ့တာတွေ ကတိတောင်းခဲ့ တာတွေအားလုံးကို မေ့လျော့သွားပြီးသည့်အပြင် ဘုရား ရင်ပြင်ပေါ်မှာတုန်းက သူကိုယ်တိုင်မသိပါဘူး နားမလည် ပါဘူးဟု ငြင်းဆန်ခဲ့သည့်အိမ်ရာဖို့ကိစ္စကိုပင် သူ ကိုယ်

တိုင်ပြန်လည်၍ အစဖေါ်မိသွားလေတော့သည်။

"ကျွန်တော်တို့အိမ်အနီးဝန်းကျင်မှာတော့ ခြံကျယ်ကျယ်နဲ့ အိမ်ကြီးတွေရှိတယ် မမ .. ရောင်းချင်တဲ့သူတွေလဲ ရှိနိုင်တယ်လေ .. ကျွန်တော် စုံစမ်းပေးပါ့မယ်"

"အို .. ဟုတ်လား .. ကျေးဇူးတင်ပါတယ်ကွယ်"

"ဟို .. ကျွန်တော်စုံစမ်းပြီးရင် ဘယ့်ကိုအကြောင်းပြန်ရမလဲ ခင်ဗျာ .. မမ ဘယ်မှာတည်းခိုသလဲ .."

တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုးဖြင့် သူက မမနန္ဒာ၏လိပ်စာကိုပါမေးလိုက်တော့ မမကခပ်အေးအေးပဲပြန်ဖြေသည်။

"မင်း စုံစမ်းပြီးရင် ဘုရားကိုပဲလာခဲ့ပါကွယ် .. ဒီရွှေတိဂုံဘုရားကြီးမှာပဲ မမ ရှိနေမှာပါ .."

မရေရာသည့်စကားကြောင့် အာယုက အတော်ပဲ စိတ်ဆင်းရဲသွားမိသည် .. မမသည် သူမတည်းခိုသည့်နေရာကို မပြောပြချင်လို့ပဲဆိုသည့် အတွေးသည် သူ့အတွက် စိတ်ဓာတ်ကျသွားလေသည်။

ထို့ကြောင့် အာယုက ဟန်မဆောင်နိုင်လောက်အောင်မျက်နှာပျက်သွားရပြီး စကားလည်းမပြောနိုင်တော့

ဘဲ ဖြစ်သွားရတော့သည် ..ဒီတော့မှ သူ့အဖြစ်ကိုကြည့်ပြီး မမက ရယ်မောလေသည် .. ပြီးတော့ သူ့စိတ်ထဲက တွေးသည့်အတွေးကို မမက ဖြေရှင်းချက်ပေးသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ မောင်အာယုရယ် .. မမ တည်းခိုနေရာကို မောင်အာယုကို ပေးမသိချင်လို့မဟုတ်ပါဘူးကွယ် .. မမက တကယ်ပဲ ဘုရားနားမှာတည်းခိုတာပါ .."

မဖြစ်နိုင်ပါဘူးဟု အာယုက တွေးမိသည်။

မမ၏အဆင့်အတန်းသည် ဘုရားအနားရှိသီလရှင်ဇရပ် ယောဂီဇရပ်တွင် တည်းခိုရမည့်အဆင့်အတန်းမျိုး မဟုတ် .. မမ၏သွင်ပြင်ပုံစံကို ကြည့်ရုံဖြင့်ပင် အထက်တန်းလွှာကမှန်း သိသာနေလေသည် .. သူ့အတွေးတွေကို မမနန္ဒာက ဖြတ်တောက်ပစ်လိုက်သည်။

"ကဲပါကွယ် .. မနက်ဖြန်ခါ မနက်ပိုင်း ဘုရားမှာ ဆုံကြတာပေါ့ .. ဟုတ်လား .. အိမ်ကိစ္စကို စုံစမ်းလာခဲ့ပေးပါကွယ် .. မောင်အာယုကို ကျေးဇူးအများကြီးတင်ပါတယ် .."

"ဟုတ်ကဲ့ .. ကျွန်တော် စုံစမ်းပေးပါ့မယ် မမ"

ဒီလိုနှင့်ပင် အာယုနှင့်မမနန္ဒာက လမ်းခွဲလာခဲ့တော့သည်။

အစတုန်းက မွေးနေ့တွင် စိတ်လက်ပေါ့ပါးစွာ ရှပ်ရှင်ကြည့်ပစ်မည် .. လျှောက်လည်ပစ်မည်ဟုစိတ်ကူးထားမိသော်လည်း မမနန္ဒာနှင့်တွေ့လိုက်ရသည့်အတွက် သူ့ကစိတ်ကူးများ ပျက်သွားရလေတော့သည်။

မမနှင့်လမ်းခွဲပြီးတာနှင့် သူ့စိတ်များက ရွှင်လန်းတက်ကြွခြင်း မရှိတော့သလို သူ့အတွေးများကလည်း မမနန္ဒာ၏နောက်သို့ တကောက်ကောက်လိုက်ပါသွားလေသည်။

ထို့ကြောင့် သူသည် ခေါင်းငိုက်စိုက်ချလျက် အိမ်သို့ ပြန်လာဖြစ်သွားခဲ့ရလေတော့သည်။

* * * * * * * * *

အခန်း (၂၂)

ထိုနေ့ညနေပိုင်းတွင် သူက မမနန္ဒာကို ကတိပေးလာခဲ့သည့်အတိုင်း အနီးအနားတွင်ရောင်းမည့် အိမ်ရှိမရှိစုံစမ်းပေးမိသည် .. ကံကောင်းထောက်မစွာပင် သူ့ခြံနှင့်ဘေးချင်းယှက်လျက်ရှိ ခြံနှင့်တိုက်ကို ရောင်းမည်ဆိုတာ သိလိုက်ရသည့်အတွက် သူက ပျော်ရွှင်သွားရလေသည်။

အကယ်၍ မမနန္ဒာသာ သူ့အိမ်နံဘေးက တိုက်ကို ဝယ်ဖြစ်သွားလျှင် သိပ်ကောင်းမှာပဲဟုလည်း စိတ်ကူးတွေယဉ်မိသည်။

မမနန္ဒာကို စတွေ့လိုက်ပြီးသည့်နောက် သူသည် အချိန်နှင့်အမျှ သူမအကြောင်းကိုသာ စဉ်းစားတွေးတော နေမိသလို သူမ၏လှပသောမျက်နှာနှင့်ချိုသာသောစကား များကိုသာကြားနေမိပြီး တခြားကိစ္စများကို လုံးဝမစဉ်းစား မိတော့ဘဲ ဖြစ်သွားခဲ့ရလေသည်။

ထိုနေ့ညတွင် မနက်မိုးလင်းတာနှင့် မမနန္ဒာကို တွေ့ရမည်ဆိုသည့်အသိဖြင့် မိုးအမြန်လင်းစေချင်သော ကြောင့် သူ လုံးဝအိပ်မပျော်နိုင်ခဲ့ပါ။

အိပ်မပျော်တော့မှပဲ ညတာကာလည်းပိုရှည်ခဲ့သည် .. မျက်စိမှိတ်လိုက်တိုင်း မမနန္ဒာကိုသာ မြင်ယောင်နေမိ ရင်းမှ အသယ်က အဘွား၏မောင် ဦးဗလ နေမင်းသမီးကို စွဲလမ်းတာ သူ အခု မမနန္ဒာကို စွဲလမ်းသလိုမျိုးပဲဖြစ် လိမ့်မည်ဟု တွေးမိပြန်သည်။

မမနန္ဒာ အကြောင်းကိုတွေးမိတော့ သူ့မျက်လုံး တွေကကြောင်လာသည် .. မမနန္ဒာ ဘယ်နေရာမှာတည်း တာလဲ .. သူ့ကို ပြောတဲ့စကားတွေဟာ အမှန်တွေလား .. ဒါမှမဟုတ် ပါးစပ်ထဲရှိရာတွေ လျှောက်ပြောသွားတာ လား .. မနက်ဖြန်ခါ ဘုရားမှာတွေ့ဖို့အတွက်ရော မမနန္ဒာ

လာမှလာမှါ့မလား .. စသည့်အတွေးများဖြင့် ရင်မော ပင်ပန်းပြီး မိုးလင်းခါနီးကျမှ သူက မှေးခနဲ အိပ်ပျော်သွား ရလေတော့သည်။

အိပ်ပျော်သွားတာနှင့် ထူးဆန်းသည့်အိပ်မက်တစ်ခု ကို မြင်မက်ရလေသည်။

အိပ်မက်ထဲ၌ သူသည် အဘွား၏မောင် မောင်ဗလ ဆိုတာဖြစ်နေပြီး မမနန္ဒာကတော့ နေမင်းသမီးလေးဖြစ် နေလေသည် .. အိပ်မက်ထဲတွင် မမက သူ့ကိုပြောသည်။

"မင်းက နေမင်းသမီးကို တွေ့ချင်လို့ ရှာနေတာ မဟုတ်လား .. အဲဒါကြောင့် မမက မင်းကို လာတွေ့ တာပေါ့ကွယ် .. ဒါတောင် အေးလူပြောတဲ့မဟုတ်မဟတ် စကားကို နားယောင်ပြီး မင်း ဘုရားကို မလာတော့တဲ့ အတွက် မမမှာ မင်းနဲ့တွေ့ဖို့စောင့်လိုက်ရတာကွယ် .."

"ဟင် .. မမက ကျွန်တော့်ကိုတွေ့ဖို့ စောင့်နေ တာလား .." ဟု သူကမေးတော့ မမက ပြုံးပြုံးလေး ခေါင်းညိတ်ပြသည် .. ပြီးတော့မှ ဆက်ပြောသည်။

"စောင့်နေရတဲ့အချိန်တွေမှ နည်းသလားကွယ် .. နှစ်ပေါင်းလေးဆယ်ကျော်လို့ ငါးဆယ်နီးပါးပါပဲ မောင်ဗလ

ရယ် ..”

“ဗျာ .. ကျွန်တော်နာမည်က မောင်အာယုလေ .. မောင်ဗလ မဟုတ်ပါဘူး ..” ဟု သူက ထိတ်ထိတ်ပျာပျာ ပြောလိုက်တော့ မမက ..

“အို ကွယ် .. မောင်လေးနဲ့ မောင်အာယုဟာ အတူတူပါပဲ .. အဲဒီလိုပဲ နေမင်းသမီးနဲ့ မမနန္ဒာဟာလဲ အတူတူပဲပေါ့ ..”

ဟု ပြောပြီး သူ့ရှေ့ကနေ လှစ်ခနဲ ပျောက်ကွယ်သွားတော့သည်။

ဒီတော့မှ ..

“မမနန္ဒာ .. မမနန္ဒာ ..”

“နေမင်းသမီးလေ .. နေမင်းသမီးလေး ..” ဟု အော်ဟစ်ခေါ်ရင်း အာယုက အိပ်မက်မှ လန့်နိုးသွားရလေသည်။

သူအိပ်ရာမှလန့်နိုးသည့်အချိန်တွင် နေရောင်ခြည် နုနုလေးပင် ထွက်ပြူနေပြီမို့ အိပ်မက်နှင့်ပတ်သက်သည့် အကြောင်းအရာများကို မစဉ်းစားနိုင်တော့ဘဲ မမနန္ဒာနှင့် ချိန်းထားသည့်ဘုရားသို့ အမြန်ဆုံးရောက်အောင်သွားဖို့

ရေမိုးချိုး အဝတ်အစားလဲရတော့သည်။

ထို့နောက် အိမ်မှ ခပ်မြန်မြန်ထွက်လာခဲ့လိုက်တော့၏ .. လမ်းရောက်မှပဲ ထူးဆန်းသည့် အိပ်မက်အကြောင်း သူကပြန်တွေးမိသည် .. သို့သော် ထိုအိပ်မက်ကို အာယုက အလေးအနက်မဖြစ်မိပါ .. စိတ်စွဲလမ်းမှုကြောင့်မက်မိမက်ရာမြင်မက်သည့်အိပ်မက်ဟုပဲ သဘောထားမိသည်။

ကြံကြံဖန်ဖန် မဆီမဆိုင်တာတွေကိုမှတွဲပြီးအိပ်မက်မက်တတ်ပလေဟု တွေးရင်း သူက ပြုံးရသေးသည်။

ဘုရားအနီးသို့ရောက်လာတော့ မမနန္ဒာ လာမှလာပါ့မလား ဆိုသည့် စိုးရိမ်စိတ်ကြောင့် အိပ်မက်အကြောင်းကို သူကမတွေးနိုင်တော့ဘဲဖြစ်သွားရလေတော့သည်။

ရွှေတိဂုံဘုရားတွင်တွေ့မည်ဟု ချိန်းထားသော်လည်း နေရာအတိအကျမပြောမိလိုက်သည့်အတွက် သူက ရင်မောသွားရပြန်သည် .. ခါတိုင်းလိုပင် မြောက်ဘက်စောင်းတန်းမှ ဘုရားရင်ပြင်ပေါ်သို့ တက်လာခဲ့ပြီး မမနန္ဒာကို တွေ့ရမလားဟု မျက်စိကစားမိဆဲ .. သူ့နောက်ကျော

မှ ချိုလွင်သာယာသော ရယ်သံတိုးတိုးလေးကို ကြားလိုက်ရ၏။

အထိတ်တလန့် လှည့်ကြည့်လိုက်တော့ မမနန္ဒာ။

* * * * * * * * *

အခန်း (၂၃)

"ဟာ .. မမ .."

"အယ်လိုလဲကွယ် .. ကျီးကြည့် ကြောင်ကြည့်နဲ့ .. အထိတ်တလန့်ရှိလိုက်တာ .."

အာယုက ဟန်ဆောင်ဖုံးကွယ်မနေဘဲ ရင်ထဲမှာရှိနေသည့်အတိုင်း ပြောပြလိုက်မိသည်။

"ကျွန်တော်က မမ မလာမှာကို စိုးရိမ်မိနေတာဗျ"

"ချိန်းထားပြီးပြီပဲကွယ် .. လာမှာပေါ့ .. မမက ကတိမပျက်တတ်ပါဘူး .."

မနေ့ကထက် အဆပေါင်းများစွာ ပိုလှနေသည့်

မမနန္ဒာကို ငေးမောကြည့်နေရင်း အာယုက ရင်ခုန်သံတွေ မြန်ဆန်လာသည် .. မမနန္ဒာကတော့ သူ့အကြည့်တွေကို မသိချင်ယောင်ဆောင်ပြီး တန်ဆောင်းတစ်ခုတွင်ထိုင်ဖို့ သူ့ကို ဦးဆောင်၍ခေါ်သွားခဲ့သည်။

မနက်စောစော ဘုရားရင်ပြင်ပေါ်တွင် ဘုရားဖူးနှင့် စည်ကားနေသော်လည်း သူနှင့်မမနန္ဒာကို ဘယ်သူကမှ အရေးတစိုက် ကြည့်မနေကြပါ .. အဲဒီအတွက် သူက စိတ်သက်သာရာရမိသည် .. အကယ်၍ .. တခြား ယောကျ်ားတွေကသာ မမနန္ဒာကို လိုက်ကြည့်နေကြလျှင် သဝန်တိုစိတ်ကြောင့် သူ ဒုက္ခရောက်ရမှာသေချာလို့ပဲဖြစ်သည်။

နေရာတကျထိုင်ပြီးတာနှင့် မမက သူ့ကို မေးသည်။

"ဘယ်လိုလဲ မောင်အာယု .. မင်းတို့အနီးအနားမှာ အိမ်ရှောင်းချင်တဲ့သူ ရှိသလားကွယ် .."

ဒီတော့မှ သူက တကယ့်ကိစ္စကို သတိရမိတော့သည်။

"ဟာ .. ရှိတယ် မမ .. ရှိတယ် .. ကျွန်တော်

နဲ့ဘေးချင်းယှဉ်နေတဲ့ခြံဗျ .. မမ ပြောသလို ခြံကလဲ အကျယ်ကြီးပဲ .. တိုက်ကလဲ အသစ်စက်စက်ဗျ .. ဈေးကတော့ အတော်မြော်က်လိမ့်မယ်ထင်တယ် .."

"ဈေးက အရေးမကြီးပါဘူးကွယ် .. မမ တတ်နိုင်ပါတယ် .. အရေးကြီးတာက နေရာကို ကြိုက်ဖို့ပါပဲ"

"ဟို .. ဈေးက သိန်းထောင်ချီနေမလားပဲ .."

သူက မဝံ့မရဲပြောလိုက်တော့ မမနန္ဒာက ကိုယ်ကလေးကို လှုပ်ခါသွားသည်အထိသဘောကျစွာရယ်သည်။

"ဩော်ကွယ် .. ဈေးကအရေးမကြီးပါဘူး .. မမ တတ်နိုင်ပါတယ် မောင်အာယုရဲ့ .. မမပြောတာကို ယုံစမ်းပါ .."

မမနန္ဒာက အဲဒီလိုပြောတော့လည်း သူက အားနာသွားရပြန်သည်။

"မဟုတ်ပါဘူး .. ကျွန်တော်က မယုံလို့မဟုတ်ပါဘူး .."

"ထားလိုက်ကွယ် .. မောင်အာယု နေတဲ့နေရာကလဲ တော်တော်ဈေးကြီးမှာပဲနော် .. မင်းလဲ သူဌေးပဲပေါ့.."

"မဟုတ်ရပါဘူးဗျာ .. အဘိုးအဘွားတွေပေးခဲ့တဲ့

အမွေမို့ အဲဒီနေရာမှာနေနိုင်တာပါ .. ကျွန်တော့် အစွမ်းအစနဲ့ မနေနိုင်သေးပါဘူး .."

"မင်း အသက်ငယ်သေးတာပဲကွယ် .. ကဲ .. အဲဒီအိမ်ကို မမ အခုပဲလိုက်ကြည့်လို့ရမလား .."

"ရပါတယ် မမနန္ဒာ .."

"ကောင်းအာယု အားရဲ့လားကွယ် .. အလုပ်သွားရမယ်ဆိုရင် မမကို အားမနာနဲ့နော် .."

အမှန်တကယ် ရုံးသွားရမှာဖြစ်သော်လည်း မမနန္ဒာအနားကနေ မခွာချင်သည့်အတွက် သူက ဘယ်လောက်ပဲအရေးကြီးနေစမ်းပါစေ ရုံးမတက်တော့ဘူးဟု ဆုံးဖြတ်မိသည် .. အခုအချိန်တွင် သူ့အတွက် မမနန္ဒာသည်သာ အရေးကြီးဆုံးဖြစ်နေတာ သေချာလေသည်။

"ရတယ် မမ .. ကျွန်တော့်မှာ ဘာကိစ္စမှမရှိပါဘူး .. အိမ်လိုက်ကြည့်ချင်တယ်ဆိုရင် ကျွန်တော်လိုက်ပြပါ့မယ် .."

ထို့နောက် မမနှင့်သူက အငှားကားလေးတစ်စီးဖြင့် ရွှေတိဂုံဘုရားမှသူ့အိမ်သို့ထွက်လာခဲ့ကြတော့သည်။

* * * * * * * * *

အခန်း (၂၄)

"ဟောဒီ အိမ်အိုအို ခြံအိုအိုကြီးက ကျွန်တော့်အိမ်နဲ့ခြံပဲ မမနန္ဒာ .. ရောင်းမယ်ဆိုတာကတော့ ဟိုဘက်ကခြံနဲ့တိုက်အသစ်ကြီးပဲ .."

အာယုက သူ့အိမ်ကို အလျင်ညွှန်ပြပြီး နောက်ရောင်းမည်ဆိုသည့်တိုက်ကြီးကို ညွှန်ပြလိုက်သည်။

သို့သော် မမနန္ဒာ၏အကြည့်များက သူ့အိမ်ကြီးဆီမှာပဲ ရပ်တန့်သွားခဲ့ပြီး တိုက်သစ်ကြီးဆီသို့ ပါမလာခဲ့ပါ။

"အို .. ကောင်းလိုက်တဲ့ အိမ်ကြီးကွယ် .. ကြိုက်

တယ် .. မမ အရမ်းကြိုက်တယ် ..”

ထိုစကားကို မမနန္ဒာသည် သူ့အိမ်ကြီးကိုကြည့်ပြီး ပြောနေတာဖြစ်သည် .. တိုက်အသစ်ကြီးကိုတော့ တစ်ချက်ကလေးမှပင် လှည့်မကြည့်သေးပါ .. သူ့အိမ်ကြီးကို ကြည့်နေသည့် မမ၏မျက်ဝန်းများသည် တောက်ပပြီး အရောင်တွေထွက်နေသလားဟုပင် ထင်မှတ်ရလေသည်။

“မဟုတ်ဘူးလေ မမ .. ရောင်းမယ့်ခြံနဲ့တိုက်က ဟိုဘက်ကခြံနဲ့တိုက်ပါ ..”

သူ ပြောလိုက်ပေမဲ့ မမနန္ဒာသည် သူပြောသည့်စကားကိုအရေးမစိုက်ဘဲ သူ့ခြံဝင်းအနားသို့သာတရွေ့ရွေ့တိုးကပ်လာလေသည် .. ပြီးတော့ ပါးစပ်မှလည်း တဖွဖွပြောနေသေးသည်။

“အို .. ကောင်းလိုက်တဲ့ အိမ်ကြီးကွယ် .. အဲဒီလို ရှေးအိမ်ကြီးတွေကိုပဲ သဘောကျတယ် .. ခေတ်မီမီ ဆောက်ထားတဲ့တိုက်တွေကို မကြိုက်ပါဘူး .. လိုလဲ မလိုချင်ဘူး .. နေလဲမနေချင်ဘူး ..”

အာယုက အခြေအနေကို အသာဝင်ထိန်းဖို့ပြင်ဆင်

လိုက်မိသည်။

“ကြိုတုန်း ကျွန်တော့်အိမ်ကို ဝင်လည်ဖို့ဖိတ်ပါတယ် မမ .. ဒါပေမဲ့ .. ဟိုဘက်ကအိမ်ကို အရင်ဝင်ကြည့်မယ် မဟုတ်လား ..”

“ဟင့်အင်းကွယ် .. အဲဒီအိမ်ကို မမ မကြည့်ချင်ပါဘူး .. ကြိုက်လဲ မကြိုက်ဘူး .. မောင်အာယုရဲ့ အိမ်ကြီးကိုပဲ ဝင်ကြည့်ချင်တယ် .. ဖြစ်တယ်မဟုတ်လား ဟင် ..”

“ဟာ .. ဖြစ်ပါတယ် မမ .. ကျွန်တော်ဖိတ်ခေါ်ပါတယ် .. အထဲကို ကြွပါ ..”

ခြံတံခါးကို သော့ဖွင့်လိုက်တာနှင့် မမက သူ့ရှေ့မှဝင်သွားသည် .. ခြံဝင်းတစ်ခုလုံးနှင့် အိမ်ကြီးကို ကြည့်ရှုနေသည့်မမ၏မျက်လုံးများသည် မက်မောမှုများ အလေးထားမှုများ လိုချင်တပ်မက်မှုများဖြင့် အရောင်စုံလင်းလက်နေသည်ဟု ထင်ရသည်။

အိမ်ထဲကိုရောက်တော့ ပိုဆိုးလာသည်ဟုပင် ထင်ရသည် .. သူ ပိုင်ဆိုင်ထားသည့်အိမ်အိုကြီးသည် မမ မက်မောနေစရာ ဘယ်လိုအချက်တွေ ရှိနေလို့လဲဟု

အူကြောင်ကြောင် တွေးယူရသည့်အထိကို မမနန္ဒာက ဟန်မဆောင်နိုင်အောင်ဖြစ်နေပြီး ဧည့်ခန်းထဲတွင်ထိုင်ချလိုက်တာနှင့် မမသည် သူ့ထံမှအိမ်ကြီးကို အတင်းတောင်းဝယ်လေတော့သည်။

"ကဲပါ မောင်အာယုရယ် .. ဟောဒီအိမ်ကြီးကို မမကိုပဲရောင်းလိုက်ပါတော့ကွယ် .. မမ အရမ်းကြိုက်လို့ပါ .."

ဘာ့ကြောင့်မှန်းမသိဘဲ အာယု ငြင်းပစ်လိုက်ရမှာကို အားနာဝန်လေးနေမိပြီး သူ့ဆန္ဒကလည်းအိမ်ကြီးကို မရောင်းချင်ပါ .. ဘိုးဘွားမိဘအမွေမို့ သူကိုယ်တိုင်လည်း မြတ်နိုးမိသည် .. ထို့ကြောင့် အတင်းကြိုးစားပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့် သူကငြင်းမိလေသည်။

"မဖြစ် .. မဖြစ်ဘူး မမ .. ဒီအိမ်ကြီးကိုရောင်းဖို့ အစီအစဉ် ကျွန်တော့်မှာ မရှိပါဘူး .."

"မမက ကာလပေါက်ဈေးထက် ပိုပေးမှာပါကွယ် .. ဟောဒီခြံနဲ့အိမ်ကို မောင်အာယုတောင်းသလောက်ဈေးအတိုင်း တစ်ပြားမှမဆစ်ဘဲဝယ်ပါ့မယ် .. မမကိုရောင်းပါ"

အသနားခံပြီးဝယ်နေသည့် မမ၏မျက်လုံးလေးများ

ကြောင့် သူက ငြင်းရခက်မိပြန်သည် .. ဒါပေမဲ့ .. မငြင်းလို့ကလည်းမဖြစ်ပါ .. ဒီအိမ်ကြီးကို သူ ဘယ်လိုမှ မရောင်းချင်လို့ပဲဖြစ်သည်။

"တခြားအိမ်တွေ ကျွန်တော်ရှာပေးပါ့မယ်ခင်ဗျာ .. ဒီအိမ်ကိုတော့ ပိုက်ဆံဘယ်လောက်ရရ ကျွန်တော် မရောင်းနိုင်ပါဘူးဗျာ .."

သူ့စကားဆုံးတာနှင့် မမနန္ဒာက ကြောက်စရာကောင်းလောက်အောင် ညို့အားပြင်းထန်သည့်အကြည့်ဖြင့် သူ့ကို ကြည့်ပြီး စိတ်လှုပ်ရှားဖွယ်စကားပဲ ခပ်တိုးတိုးလေးပြောလေသည်။

"အေး မမက ဟောဒီအိမ်ကို ဝယ်လိုက်ပေမဲ့ တစ်ချိန်မှာ မောင်အာယုကတော့ ဟောဒီအိမ်ကြီးကို အိမ်ဦးနတ်အရှင်သခင်အဖြစ် ပြန်ရမှာဆိုရင်ရောကွယ် .."

မမနန္ဒာ၏ အကြည့်နှင့်အပြောသည် သူ့ကို အပြင်းအထန် စိတ်လှုပ်ရှားသွားပြီး ချွေးများပင်ပြန်လာလေတော့သည်။

အာခေါင်တွေခြောက် ရေတွေငတ် ရင်တလှပ်လှပ်ခုန်သည့် ဝေဒနာကို ခံစားရင်း ညို့ချက်ပြင်းပြင်းအောက်

တွင် မငြင်းသာတော့ဘဲ သူက အိမ်နှင့်ခြံကိုရောင်းချဖို့အတွက် ခေါင်းညိတ်မိသွားလေတော့သည်။

"ကဲ .. ဘယ်လိုလဲ မောင်လေးရယ် .. မမ အရမ်းသဘောကျနေမိတဲ့ ဟောဒီအိမ်ကြီးကို မောင်လေး ရောင်းမယ် မဟုတ်လား ဟင် .."

မမ၏မျက်လုံးများကို ရင်မဆိုင်ဝံ့ဘဲ ခေါင်းငုံ့ရင်း အာယုက ဟုတ်ကဲ့ ဟု တုန်တုန်ခိုက်ခိုက် ပြောလိုက်မိသည်။

"မောင်လေး .. ကတိတည်ပါနော် .."

"ဟုတ်ကဲ့ .."

"တန်ဖိုးကရော့ကွယ် .. မောင်လေး ဘယ်လောက်လိုချင်သလဲ .. အားမနာပါနဲ့ ပြောပါ .."

"မမ .. မမ ပေးချင်သလောက်သာ ပေးပါဗျာ .."

"အို .. မဟုတ်တာကွယ် .. ကာလပေါက်ဈေးထက် မမ ပိုပေးပါ့မယ် .. မောင်အာယု မနစ်နာစေရပါဘူးကွယ် .."

"ဟုတ် .. ဟုတ်ကဲ့ .."

"ဒါဆိုရင် မနက်ဖြန်ခါမှာ မမ ရှေ့နေခေါ်ပြီးလာ

ခဲ့မယ်နော် .. ငွေသားယူမလား ချက်(ခ်)ယူမလားကွယ်"

"မမ အဆင်ပြေသလိုလုပ်ပါဗျာ .."

အာယုက ထိုစကားကိုပြောလိုက်တာနှင့် အိမ်တစ်အိမ်လုံးတွင်ရှိသည့်အိမ်မြှောင်များက ကျွက်ကျွက်ညံအောင် စုတ်ထိုးကြလေတော့သည် .. ထူးဆန်းလွန်းလှသည့်အတွက် အာယုက ကြက်သီးဖျန်းဖျန်းထမိသော်လည်း မမကတော့ ဘာမှဖြစ်ပုံမရဘဲ ခပ်တည်တည်ပင် .. မနက်ဖြန်ခါ၌ အရောင်းအဝယ်စာချုပ်လာချုပ်ပြီး ငွေပေးချေမည့်အကြောင်းတသွင်သွင်မှာကာ သူ့ကိုနှုတ်ဆက်၍ ပြန်သွားလေတော့သည်။

* * * * * * * * *

အခန်း (၂၅)

မမနန္ဒာ ပြန်သွားတာနှင့် ပြောင်းလဲသွားသော အခြေအနေကို သူက တအံ့တသြဖြစ်လျက်ကျန်ရစ်ရတော့သည်။

ဒီလောက်အချိန်ကာလေးအတွင်းမှာ အိမ်ကြီးနှင့်ခြံကြီးကို ရောင်းချပစ်ဖို့အတွက် သူကဘာကြောင့်အလွယ်တကူ ခေါင်းညိတ်လိုက်ရတာလဲ ..

မမနန္ဒာ ပြောသွားတဲ့စကားရဲ့အဓိပ္ပာယ်က ဘာလဲ .. မမနန္ဒာ သူ့ကိုကြည့်တဲ့အကြည့်တွေကိုရော ဘယ်လိုသရုပ်ခွဲရမလဲ .. သူက မစဉ်းစားတတ်တော့ပါ။

အခုကျမှ ကိုရွှေသွား ကြိုတင်ပြောသွားသည့်စကားများ မှန်ကန်နေပါလား့ဟု အာယုကအလန့်တကြားတွေးမိ သတိရမိတော့သည်။

ကိုရွှေသွားသည် သူ့ကို ဘုရားမသွားဖို့ အသေအချာမှာသည် .. ရက်ပေါင်းကိုးဆယ်တိတိ မည်သည့်ဘုရားကိုမှ သွားမဖူးပါဘူးဆိုသည့်ကတိကိုလည်း သူ့ထံမှရအောင် တောင်းခဲ့သည်။

အဲဒါကို သူက ဘာကြောင့် မလိုက်နာခဲ့ရတာပဲ .. ကိုရွှေသွားကို ကတိပေးခဲ့တာ ရက်ပေါင်းငါးဆယ်မပြည့်သေးဘဲ သူက ကတိဖျက်ခဲ့မိသည် .. အခုတော့ကိုရွှေသွားပြောသလိုပင် သူ တွယ်တာသည့်အိမ်ကြီးကိုရောင်းချရတော့မည် .. ရှေ့ဆက်ပြီး၊ သူ့ကြမ္မာကရော ဘာတွေဖြစ်လာဦးမည်နည်း .. သူ မခန့်မှန်းတတ်တော့ပါ။

ထိုအတွေးကို တွေးမိတုန်းခဏမှာ သူကနောင်တရမိပြီး ထိုအတွေးများကို ရပ်တန့်၍ မမနန္ဒာကိုမြင်ယောင်လိုက်ချိန်မှာတော့ သူ့ရင်ထဲမှ နောင်တများကလည်း နေရောင်ဝင်လို့နှင်းပျောက်ရသလို ပျောက်ကွယ်သွားရလေ

တော့သည်။

မမနန္ဒာအကြောင်း တွေးလိုက်တာနှင့် မျှော်လင့်ချက်များဖြင့် သူ့ခန္ဓာကိုယ်က တောက်လောင်ရလေတော့သည်။

"အခုဟောဒီအိမ်ကြီးကို ဝယ်လိုက်ပေမဲ့ တစ်ချိန်မှာ မောင်အာယုဟာ ဟောဒီအိမ်ကြီးကို အိမ်ဦးနတ်အရှင်သခင်အဖြစ် ပြန်လာရမှာ .."

ဆိုသည့် စကားသည် သူ့အတွက် မမနန္ဒာက ပေးသည့် မျှော်လင့်ချက်ပဲဖြစ်သည် .. ထိုစကားတစ်ခွန်းတည်းနှင့်ပင် အိမ်ကြီးကို ရောင်းချပစ်ရသည်မှာ နောင်တရစရာမဟုတ်တော့ပါဟု အာယုက တွေးမိပြန်သည်။

ဒါပေမဲ့ .. မနက်ဖြန်ခါပဲ စာချုပ်ချုပ်ပြီး ငွေချေမည်ဆိုတာကတော့ အင်မတန်ကို မြန်ဆန်လွန်းနေသည် .. ဘာကြောင့် ဒီလောက်မြန်မြန်ကြီး လုပ်ရတာလဲ .. ဒါမှမဟုတ် မမနန္ဒာက သူ့ကို တမင်တကာ နောက်ပြောင်သွားတာများလား ..။

အတွေးပေါင်းများစွာဖြင့် သူက မလှုပ်မယှက် အိမ်ကြီးကို ရောင်းပါမည်ဟု ကတိပေးလိုက်သည့်အဖြစ်

အပျက်သည် အမှန်တကယ်မဟုတ်ဘဲ အိပ်မက်တစ်ခုဖြစ်နေခဲ့လျှင် သိပ်ကောင်းမှာပဲဟု ဆန္ဒပြုမိပြန်သည်။

ထိုနေ့တစ်နေ့လုံး မျှော်လင့်ချက်တွေတောက်လောင်လိုက် နောင်တတွေရလိုက် စိတ်ဆင်းရဲကြီးစွာခံစားရလိုက်နှင့်မြောတသဖြစ်သွားလိုက်နှင့် ခံစားချက်တို့ တစ်လှည့်စီပြင်းထန်စွာ ခံစားနေရသည် .. အာယုက ထမင်းမစားနိုင် ရေမသောက်နိုင်ဘဲ အိမ်ရှေ့ဧည့်ခန်းတွင် ပက်လက်လှန်ပြီး အချိန်ကုန်ရတော့သည်။

သူ့တွင် အရင်းနှီးဆုံးတိုင်ပင်ဆွေးနွေးစရာမိတ်ဆွေမရှိ .. ကြည့်ရှုစောင့်ရှောက်ပေးမည့် ဆွေမျိုးမရှိ .. သူ့အကျိုးကို ကာကွယ်ပေးမည့် မိတ်ဆွေရင်းများမရှိ .. သူ့ဘဝက တကယ့်ကိုမှ တစ်ကောင်ကြွက် အထီးကျန်ဖြစ်နေတော့သည်။

အခုအချိန်ကိုရောက်မှ သူက ကိုရွှေသွားကိုပြင်းပြစွာ သတိရလိုက်မိသည်။

ကိုရွှေသွားနှင့်သာ တွေ့ရလျှင် တစ်ခုခုတော့ အကြံဉာဏ်ပေးနိုင်လိမ့်မည် .. လက်ရှိ သူကြုံတွေ့နေရသည့်အခက်အခဲများမှ ကယ်တင်ပေးနိုင်လိမ့်မည်ဟု သူ

က ယုံကြည်မိသည်။

ထိုအတွေးကို တွေးပြီး ကိုရွှေသွား နှင့်တွေ့ချင်သည့်ဆန္ဒများ ပြင်းပြလာသည် .. သူက မှတ်တမ်းစာအုပ်အဟောင်းကလေးများထဲမှ ကိုရွှေသွား ၏လိပ်စာကို ရှာဖွေမိသည် .. ကံကောင်းသည့်အတွက် ကိုရွှေသွား၏လိပ်စာကို ရှာတွေ့လေသည် .. မန္တလေးတိုင်းအတွင်းက ရွာတစ်ရွာကို သွားရမည့်ခရီးက ဝေးလွန်းလှသည်။

ဒါပေမဲ့ .. အာယုက ဖြစ်အောင်သွားမည် .. အခုပဲသွားမည်ဟု ဆုံးဖြတ်လိုက်သည် .. သူ အခု ချက်ချင်းခရီးထွက်သွားလိုက်ခြင်းသည် မနက်ဖြန်အိမ်ဝယ်ဖို့ရောက်လာမည့် မမနန္ဒာကို ရှောင်နေရာလည်းရောက်နိုင်သည် .. သူ့ကိုမတွေ့ရလို့ အိမ်ဝယ်ဖို့ကိစ္စကို လက်လျှော့သွားလျှင်လည်း ပြီးသွားတာပဲဟု တွေးမိသည်။

ဒီလိုနှင့်ပင် ညနေစောင်းအချိန်၌ ကျောပိုးအိတ်ထဲသို့ အဝတ်နှစ်စုံထည့် ရှိသမျှပိုက်ဆံ လေးငါးသောင်းကိုယူပြီး အိမ်ကြီးနှင့်ခြံဝင်းကြီးကို သော့အခိုင်အမာခတ်ကာ အာယုက ကိုရွှေသွားနှင့်တွေ့ဖို့ ခရီးထွက်လာဖြစ်သွားလေတော့သည်။

* * * * * * * * *

အခန်း(၂၆)

ရန်ကုန် – မန္တလေး ကားပေါ်တွင် တလူးလူး တလှိမ့်လှိမ့် လိုက်ပါလာရင်း အိပ်မပျော်ပါပဲ အာယုက အိပ်မက်ရှည်များကို မြင်မက်၍ လိုက်ပါလာခဲ့ရလေသည်။

အိပ်မက်များထဲ၌ သူသည် မောင်ဗလ ဖြစ်သွားလိုက် .. အာယု ဖြစ်သွားလိုက်နှင့် ချာချာလည်နေသည် .. မမနန္ဒာ သည်လည်း နေမင်းသမီးအဖြစ် သူ့ထံသို့ ရောက်လာလိုက် .. မမနန္ဒာ အဖြစ်ရောက်လာလိုက်နှင့် အိပ်မက်တွေက ချောက်ချားဖွယ်ရာ ..

ခရီးသည်တွေကြားထဲမှာပင် အလန့်တကြားခြင့်

သူက အကြိမ်ကြိမ် ထအော်မိသေးသည် .. နံဘေးမှ ခရီးသည်များကို အားနာမိသော်လည်း ဘာမှမတတ်နိုင် .. သူ့ကိုယ်သူ ထိန်းချုပ်လို့မရတာ ခက်လှသည်။

တစ်ညလုံး ကားစီး နောက်နေ့နေ့လယ်ပိုင်းအထိ ကားအဆင့်ဆင့် ဆက်စီးပြီး နောက်ဆုံးမှကိုရွှေသွားတို့ အိမ်သို့ရောက်ရှိသွားလေသည်။

သေချာတာကတော့ ကိုရွှေသွားတို့အိမ်ကို ရောက်သွားတော့မှပင် သူ့အသိဥာဏ်များအားလုံး ချာချာလည်သွားရခြင်းပဲ ဖြစ်လေသည်။

* * * * * * * * *

အခန်း (၂၇)

"ကိုရွှေသွား ရှိသလား ခင်ဗျ .." ဟု သူက မေးလိုက်တော့ ကိုရွှေသွား၏အဖေဖြစ်ပုံရသည့် ဦးလေးကြီးက သူ့ကို ပြူးတီပြူးကြောင်မျက်လုံးများဖြင့်ကြည့်နေလေသည်။

"ကျွန်တော် ကိုရွှေသွားရဲ့သူငယ်ချင်းပါ ဦးလေး .. ကျွန်တော်နဲ့ ကိုရွှေသွားက အထက်တန်းတုန်းက ကျောင်းနေဖက်သူငယ်ချင်းတွေပါ ခင်ဗျာ .." ဟု ပြောလိုက်တော့မှ သူ့ကို အိမ်ထဲဝင်ဖို့ခေါ်သည်။

"ဩော် .. မောင်မောင်ထွေးသူငယ်ချင်းကိုး ..

လာ .. လာကွယ့် အိမ်ထဲဝင် ..”

ကိုရွှေသွား နာမည်က မောင်မောင်ထွေးဖြစ်သည် .. ရွှေသွားစိုက်ထားသည့်အတွက် သူငယ်ချင်းတွေက ကိုရွှေသွားဟု နောက်ပြောင်၍ခေါ်ကြတာဖြစ်သည်။

ခြေတံရှည်သစ်သား အိမ်ကြီးထဲသို့ ဝင်လိုက်တာနှင့် အာယုက ကိုရွှေသွားကို ရှာဖွေကြည့်မိသည် .. သို့သော် .. ကိုရွှေသွားကိုတော့ မတွေ့ရပါ။

“လူလေးက ဘာကိစ္စနဲ့လာတာလဲကွယ့် ..”

ဟိုဟိုဒီဒီဈေ့ကြည့်ပြီး ကိုရွှေသွားကို ရှာဖွေနေသည့်သူ့ကို အဘွားကြီးတစ်ယောက်က မေးသည် .. ကျန်လူများကတော့ ဝိုင်းကြည့်နေကြလေသည်။

“ကျွန်တော် ကိုရွှေသွား .. အဲ .. ကိုမောင်မောင်ထွေးနဲ့ တွေ့ချင်လို့ပါ ..”

သူ့စကားကြောင့် အိမ်ရှိလူကုန်၏မျက်နှာတစ်မျိုးတစ်ဖုံဖြစ်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြလေသည် .. ပြီးတော့ သူ့ကို တော်တော်နှင့်လည်း စကားပြန်မပြောကြပါ .. အနေရခက်လာသည့်အတွက် သူကပဲ ထပ်မံ၍ မေးမြန်းရလေသည်။

“ဟို .. ကိုရွှေသွား .. ဒီကိုပြန်မလာဘူးလား ခင်ဗျ ..”

ဒီတော့မှ အဒေါ်ကြီးတစ်ယောက်က ဟီးချငိုပြီး ဝင်ဖြေသည်။

“ဟီး .. ဟီး .. ပြန်တော့လာပါတယ်ကွယ် .. ဒါပေမဲ့ အိမ်ကိုပြန်မရောက်ဘဲ လမ်းမှာတင် ရထားပေါ်ကပြုတ်ကျပြီး ဆုံးသွားပြီကွယ့် ..”

“ဗျာ .. ဆုံးသွားပြီ ဟုတ်လား ..”

အာယုက ငယ်ထိပ်တည့်တည့်ကို မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရလေသည်။

“ဟုတ်တယ် .. ဆုံးသွားပါပြီ လူလေးရယ် .. စာမေးပွဲဖြေပြီးလို့ ပြန်လာမယ်ဆိုတော့ အဒေါ်တို့လဲ မန္တလေးဘူတာမှာ သွားစောင့်နေကြပါတယ် .. ဒါပေမဲ့ အထက်တန်းတွဲမှာ သားရဲ့ပစ္စည်းတွေပဲပါလာပြီး လူကတော့ ပါမလာဘူးကွယ် .. ဒါနဲ့ပဲ စုံစမ်းမေးမြန်းကြည့်တော့ တောင်ငူမရောက်ခင်မှာ ရထားပေါ်ကပြုတ်ကျပြီး ဆုံးသွားတဲ့ အလောင်းတစ်လောင်း တောင်ငူဆေးရုံမှာ ရောက်နေတယ်ဆိုတဲ့သတင်းကို ရတယ် .. သွားကြည့်

ကြတော့ .. မင်း .. မင်းတို့ရဲ့သူငယ်ချင်း ဖြစ်နေတာပါပဲကွယ် .. တောင်ငူမှာပဲ မီးသဂြိုဟ်ပြီး အရိုးပြာတွေကိုတော့ ရွာသင်္ချိုင်းမှာ ဂူသွင်းထားတယ်ကွယ့် .. အခုဆိုရင် ရှစ်နှစ်တောင် ရှိပါပြီကွယ် ..”

အံ့အားသင့်လွန်းလို့ အာယုက ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ထငြင်းလိုက်မိသည်။

“ဟာ .. မဟုတ်တာဗျာ .. လွန်ခဲ့တဲ့တစ်လနှစ်လခွဲကပဲ သူ ကျွန်တော့်ဆီကို ရောက်လာခဲ့သေးတာဗျ .. ဘယ်နှယ့်ကြောင့်လွန်ခဲ့တဲ့ရှစ်နှစ်လောက်ကတည်းက သေသွားတယ်လို့ ဖြစ်နေရတာလဲ ..”

“လူ လူလေးဆီကို ရောက်လာတယ် ဟုတ်လား”

“ကျွန်တော်မညာပါဘူးဗျာ .. ကိုရွှေသွား ကျွန်တော့်ဆီကို ရောက်လာပါတယ် .. ကျွန်တော်တို့နှစ်ယောက် ထမင်းလဲ အတူတူစားခဲ့တယ် .. စကားတွေလဲအများကြီး ပြောခဲ့တယ် .. သူက ကျွန်တော့်အိမ်မှာတစ်ညတောင် အိပ်သွားသေးတယ်ဗျ .. ညဉ့်နက်တဲ့အထိတောင်စကားတွေ ပြောခဲ့ကြသေးတယ် .. နောက်မနက်မှ သူ ကျွန်တော့်ကို နှုတ်မဆက်ဘဲ ပြန်သွားခဲ့တာ ..”

“တစ်ခုခုတော့ မှားနေပြီ လူလေး ..”

“ကျွန်တော့်ဘက်က မှားတာတော့ မဟုတ်ပါဘူးဗျာ .. ကိုရွှေသွား ဝတ်လာတဲ့အဝတ်တွေက ဟောင်းနွမ်းစုတ်ပြတ်သတ်နေလို့ ကျွန်တော်အဝတ်အသစ်တစ်စုံတောင် ပေးဝတ်လိုက်သေးတာပဲဗျ ..”

“လွန်ခဲ့တဲ့ရှစ်နှစ်လောက်ကတည်းက ဦးလေးရဲ့သား သေဆုံးသွားခဲ့တာ အမှန်ပါကွယ် .. သူ့အလောင်းကို ဦးလေးကိုယ်တိုင် မီးသဂြိုဟ်ခဲ့တာပါ .. အရိုးပြာကိုတောင် ဂူသွင်းထားပါသေးတယ်ကွယ့် ..”

“ဟုတ်ပါတယ် သားရယ် .. မင်း သူငယ်ချင်း ဆုံးသွားခဲ့ပါပြီကွယ် ..”

နောက်ဆုံးတော့ တစ်ယောက်နှင့်အများမို့ ဘယ်လိုမှ မငြင်းသာတော့ဘဲ သူက အလျှော့ပေးလိုက်ရလေတော့သည်။

ကိုရွှေသွားဟာ လွန်ခဲ့တဲ့ရှစ်နှစ် ဆယ်တန်းစာမေးပွဲဖြေပြီး အိမ်အပြန်မှာကတည်းက သေဆုံးသွားပြီတဲ့ .. ဒါဆို သူ့ထံသို့ရောက်လာတာ ဘာလဲ .. ဘဝပြောင်းသွားပြီးမှ ရောက်လာခဲ့တာလား ..

အာပဲဖြစ်ဖြစ် .. သူ့ထံသို့ ကိုရွှေသွားရောက်လာပြီး ပြောခဲ့သည့်စကားတွေကတော့ ကွက်တိမှန်နေပြီဖြစ်သည်။

ကိုရွှေသွား သူ့ကို ပြောပြခဲ့သည့်စကားများကို ပြန်စဉ်းစားမိတိုင်း အာယုက ကြက်သီးဖျန်းဖျန်းထရလေသည် .. ကိုရွှေသွား၏မိသားစုကိုတော့ ထိုအကြောင်းများ ပြောပြမနေတော့ဘဲ ရင်ထဲမှာသာ သိမ်းထားလိုက်တော့သည်။

"ရောက်တုန်း ရောက်ခိုက် အေးအေးဆေးဆေး နေပါဦး .."

ဟု ကိုရွှေသွား၏မိဘများက ဝိုင်းဝန်းဘားမြစ်ကြသည့်ကြားထဲမှ တစ်ညအိပ်သာနေပြီး အာယုက ရန်ကုန်သို့ ပြန်လာခဲ့တော့သည်။

ရန်ကုန်သို့သာပြန်လာခဲ့ရသော်လည်း သူ့စိတ်များကတော့ တည်ငြိမ် အေးချမ်းခြင်း လုံးဝမရှိပါ .. ရန်ကုန်ရောက်တာနှင့် ဘာတွေကြုံတွေ့ရဦးမည်လဲဆိုတာကိုသာ တွေးတော၍ ရင်ပူမိနေတော့သည်။

မမနန္ဒာသည် သူ့ကို စောင့်နေမည်လား .. ဒါမှမဟုတ် .. ကာတိဖျက်သူအဖြစ် သူ့အပေါ်စိတ်ခုပြီး ထွက်သွားမည်လား .. သူက ထိုအရာနှစ်မျိုးစလုံးကို ကြောက်လန့်နေမိတော့သည် .. မမနန္ဒာ သူ့ကို စောင့်နေမှာကိုလည်း ကြောက်သည် .. မုန်းသွားမှာကိုလည်း ကြောက်သည်။

ထို့သို့ ဒွိဟဖြစ်နေသည့်စိတ်ဖြင့်ပင် အာယုက ရန်ကုန်သို့ ပြန်လာခဲ့ရလေတော့သည်။

* * * * * * * * *

အခန်း (၂၈)

အာယုသည် ကိုယ့်အိမ်သို့ကိုယ် အထိတ်ထိတ် အလန့်လန့်ဖြင့် ပြန်လာခဲ့ရလေသည် .. ခြံတံခါးရှေ့သို့ သူရောက်ရှိသောအချိန်သည် မနက်ပိုင်းပဲရှိသေးသည်။

ခြံတံခါးမှာ သူ ခတ်ထားခဲ့သည့်သော့ကြီးသည် ခြေရာလက်ရာမပျက်ပင် ရှိနေလေသည် .. ထို့ကြောင့် အနည်းငယ်စိတ်အေးသွားပြီး အာယုက ခြံတံခါးကို သော့ဖွင့်၍ အိမ်ကြီးဆီသို့ လေးကန်သောခြေလှမ်းများဖြင့် လျှောက်လာမိလေသည်။

အိမ်တံခါးမကြီးသည်လည်း သူ သော့ခတ်ထား

ခဲ့သည့်အတိုင်းခြေရာလက်ရာမပျက် မောပန်းနွမ်းလျှလွန်းနေပြီဖြစ်သည့်သူက အိမ်တံခါးကိုသော့ဖွင့်ပြီး အိမ်ထဲသို့ ဝင်လိုက်သည် .. ပြတင်းပေါက်များပိတ်ထားသည့်အတွက် တစ်အိမ်လုံးက အနည်းငယ်မှောင်နေသည်။

ထို့ကြောင့် သူက ပြတင်းပေါက်တံခါးများကို မဖွင့်သေးဘဲ မီးခလုတ်ကိုအလျင်ဦးဆုံးဖွင့်လိုက်လေသည်။

သူ မီးခလုတ်ဖွင့်လိုက်သည့်အချိန်မှာပင် ချိုကြည်တိုးညှင်းသော ရယ်သံလေးကို စတင်ကြားလိုက်ရပြီး သူက အလန့်တကြား ထခုန်လိုက်မိလေတော့သည်။

"အို .. အရမ်းလန့်သွားသလား မောင်အာယုရယ် .. မလန့်ပါနဲ့ မမနန္ဒာ ပါကွယ် .. အသေအချာချိန်းထားပြီးမှ မင်းက ထွက်သွားတဲ့အတွက် စောင့်နေရတာပေါ့ကွယ် .. မမ စောင့်ရတာအရေးမကြီးပါဘူးကွယ် .. ဟောဒီက ရှေ့နေကြီးနဲ့ အသိသက်သေနေရာမှာလက်မှတ်ထိုးပေးမယ့်လူကြီးမင်းနှစ်ယောက်စောင့်နေရတာကတော့ အားနာစရာကောင်းလှတယ် .."

လေးပေမီးချောင်း၏အလင်းရောင်အောက်တွင် မမနှင့်အတူ ထိုင်နေသည့် လူကြီးသုံးယောက်ကို တွေ့ရ

လေသည် .. ထိုလူကြီးသုံးယောက်စလုံးသည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသော်လည်း မျက်နှာသွင်ပြင်များက ပြာနှမ်းနှမ်းဖြစ်နေပြီး ကျန်းမာရေးကောင်းပုံမရကြပါ။

တိုက်ပုံအကျီ အနက်ရောင် ဝတ်ဆင်ထားသည့် လူကြီးဆိုလျှင် ပို၍ပင် ဆိုးသေးသည် .. နီကျင်ကျင်မျက်လုံးကြီးများသည် ဟောက်ပက်ဖြစ်နေပြီး ဖြူစုတ်စုတ်နှုတ်ခမ်းများကလည်း ခြောက်သွေ့ကွဲအက်နေသေးသည်။

"လာ .. လာ .. မောင်အာယု ထိုင်ကွယ့် .."

မမနန္ဒာ ညွှန်ကြားသည့် အတိုင်းပင် သူက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်မိသည်။

"ကဲ .. ခရီးရောက်မဆိုက်ဘဲကွယ် .. အိမ်နဲ့ခြံ အရောင်းအဝယ်ကိစ္စလေးကို ပြောကြပါစို့ .."

"ကျွန်တော် .."

ကျွန်တော်မရောင်းတော့ပါဘူး ဟု ပြောဖို့ ဟန်ပြင်မိသော်လည်း မမနန္ဒာ၏ အကြည့်တစ်ချက်ကြောင့် သူက ရှေ့ဆက်ပြောလို့မရတော့ဘဲ ဆွံ့အသွားရလေတော့သည်။

"ကဲ .. ရှေ့နေကြီးကပဲ ပြောပါရှင် .. မောင်အာယုက ဈေးစကားပြောဖို့အတွက် အတော်အားနာနေပုံရပါတယ် .."

မမနန္ဒာကပြောလိုက်တာနှင့် ရှေ့နေဆိုသူမျက်လုံးဟောက်ပက်နှင့်လူကြီးက ဝမ်းခေါင်းသံကြီးဖြင့် စတင်ပြောလေတော့သည် .. ဆိုးဝါးတာက ထိုလူကြီးစကားပြောလိုက်တိုင်း ခံတွင်းမှအနံ့ဆိုးများ မခံမရပ်နိုင်အောင်ထွက်နေတာပဲဖြစ်သည်။

"အိမ်နဲ့ခြံကို ကာလပေါက်ဈေးနဲ့ နှစ်ဆပေးပြီးဝယ်မှာဖြစ်ပါတယ် .. အိမ်ရှင် မောင်အာယု အနေနဲ့ ကျေနပ်ပါ့ရဲ့လား .."

အော်ဂလီဆန်စရာအနံ့ဆိုးကြီးကြောင့် သူက ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြလိုက်မိသည်။

အိမ်ဖိုးငွေကို ချက်(ခ်) နှင့်ပေးချေမည်ဆိုတာကို ရော သဘောတူပါသလားဟု မေးမြန်းသည် .. အာယုကလည်း အလျင်အမြန်ပင် ခေါင်းညိတ်ပြလိုက်မိပြန်သည်။

နောက်ဆုံးတော့ ဘယ်လိုမှမငြင်းဆန်နိုင်တော့ဘဲ အရောင်းအဝယ်စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးပေးလိုက်

ရပြီး မမနန္ဒာ အိမ်ဖိုးပေးချေသည့်ချက်(ခ်) လက်မှတ်ကို လက်ခံလိုက်ရလေတော့သည်။

ကိစ္စအားလုံးပြီးတော့ မမနန္ဒာက သူ့ကို ပြောသည်။

"အခုဆိုရင် ဒီအိမ်ကြီးကို မမ ဝယ်ပြီးသွားပြီနော် .. ဒါကြောင့် အိမ်ကြီးပေါ်ကနေ မောင်အာယု ဖယ်ပေးရမယ်နော် .. သိပ်မကြာပါဘူးကွယ် .. မမ ဒီမှာလာနေတာနဲ့ မောင်အာယုလဲ ဒီမှာပြန်လာနေရမှာပါ .. ကဲ .. မမတို့သွားတော့မယ်နော် .. မောင်အာယုလဲ မနက်ဖြန်ခါဆို ဒီအိမ်ကနေဖယ်ပေးရမယ် မဟုတ်လား .."

မမနန္ဒာ ပြောလိုက်သည့်စကားကို စိတ်ဆိုးသွားမိသည့်သူက မာန့်ဖြင့်ပြန်ပြောလိုက်သည်။

"ရတယ် မမနန္ဒာ .. မနက်ဖြန်ခါအထိ မနေဘူး .. ကျွန်တော် အခုပဲ ဆင်းပေးမယ် .. မမတို့ သော့ပြောင်းခတ်လိုက်ပါ .."

စိတ်ဆိုးသွားသည့် သူ့ကို မမနန္ဒာ ကလည်း မတားမြစ်ပါ။

"မောင်အာယု ရဲ့ သဘောပါပဲကွယ် .." ဟု ပြော

လေသည် .. စိတ်ဆိုးသလို စိတ်ပါနာသွားသည့် သူက ခရီးဆောင်ကျောပိုးအိတ်ရယ် .. ချက်လက်မှတ်ရယ် .. အိမ်နှင့်ခြံရောင်းထားသည့်စာချုပ်တစ်စောင်ရယ်ကိုသာ ယူလာခဲ့ပြီး အိမ်ထဲမှထွက်လာခဲ့လေတော့သည်။

နှစ်ရက်သုံးရက် အိမ်အနားသို့မသွားဘဲနေနိုင်သော်လည်း ထို့ထက်ပို၍ သူကမနေနိုင်ခဲ့ပါ။

မမနန္ဒာပြောသွားသည့်စကားနှင့် ပေးသွားသည့်မျှော်လင့်ချက်ကြောင့် အိမ်အနားသို့ ပြန်ရောက်ရလေသည်။

သုံးရက်လောက်မသွားဘဲထားပြီးမှ ပြန်သွားသည့်အခါတွင် ခြံတံခါးဝ၌ နေမင်းသမီးဆိုသည့်ကြေးဝါရောင်ဆိုင်းဘုတ်တစ်ခု ခန့်ညားစွာ တပ်ဆင်ထားတာကို တွေ့မြင်ရလေသည်။

ခြံထဲတွင် အရုပ်ဆိုးဆိုး မျက်နှာမဲ့ထန်ထန်နှင့် ယောကျ်ားမိန်းမအများအပြားကိုတွေ့ရသော်လည်း မမနန္ဒာကိုတော့ အရိပ်အယောင်မျှပင် မတွေ့ရသလို ခြံထဲရှိလူများကလည်း သူ့ကို အရေးမလုပ်ကြပါ။

"မမနန္ဒာ မလာသေးဘူးလား .." ဟု သူက

မေးမြန်းလျှင်လည်း ဘယ်သူကမှ အရေးလုပ်ပြီး အဖြေပေးခြင်း မရှိပါ .. ထို့ကြောင့် သူသည် မမနန္ဒာပြန်အလာကို ခြံဝမှာပင် ငုတ်တုတ်ထိုင်၍ စောင့်နေရလေတော့သည်။

* * * * * * * * *

နိဂုံး

ခွင့်မတိုင် အကြောင်းမကြားဘဲ အာယု ရုံးမတက်သည့်ရက်တွေ များပြားလာသည့်အတွက်၊ လုပ်ဖော်ကိုင်ဖက်များက အာယုအိမ်သို့ လိုက်လာကြလေသည်။

သူတို့သည် ပေတူးစုတ်ပြတ်နေသည့် အာယုကို ခြံဝင်းရှေ့တွင် တွေ့ကြရလေသည် .. အာယုသည် စက္ကူစုတ်နှစ်ရွက်ကို ကိုင်ထားပြီး တစ်ရွက်က ချက် (ခ်) လက်မှတ်ဟုပြောသည် .. နောက်တစ်ရွက်ကတော့ အိမ်နှင့်ခြံ ရောင်းထားသည့်စာချုပ်ဟု ပြောလေသည်။

သူငယ်ချင်းများက အိမ်ထဲဝင်ဖို့ပြောဆို ဖျောင်းဖျကြသော်လည်း အာယုက သူ့အိမ်မဟုတ်တော့ပါဘူးဟု အကြောက်အကန် ငြင်းနေလေတော့သည်။

နေမင်းသမီးကို ရောင်းချလိုက်ပြီဟုလည်း ပြော

သည် .. သူ့အိမ်တွင် ပိုင်ရှင်အသစ်တွေ နေထိုင်နေကြပြီ ဟုလည်း ပြောသည်။

သို့သော် .. အများအမြင်တွင် စုတ်ပြတ်သတ်နေသည့်ခြံကြီးနှင့် ဖုန်အလိမ်းလိမ်းတက်နေသည့် အိမ်ကြီးကိုသာတွေ့ရပြီး လူနှင့်တူတာဆိုလို့ တစ်ဦးတစ်ယောက်မျှပင် မတွေ့ရပါ။

အဲဒီအခါမှာတော့ .. အာယုကို ရူးသွပ်သွားပြီဟု သတ်မှတ်လိုက်ကြပြီး လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများက စိတ်ရောဂါကုဆေးရုံသို့ ပို့ပေးလိုက်ကြလေတော့သည်။

ထိုအချိန်မှစ၍ အာယုဆိုသည့်လူငယ်လေးသည် စက္ကူစုတ်နှစ်ရွက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားပြီး စကားနှစ်ခွန်းကိုသာ ထပ်ခါထပ်ခါ ပြောနေလေတော့သည်။

ထိုစကားနှစ်ခွန်းက မမနန္ဒာဆိုတာနှင့် နေမင်းသမီးလေး ဆိုတာပဲဖြစ်လေသည်။

မေတ္တာဖြင့်
စွဲမက်သျှင်
၂-၃-၂၀၀၄

* * * * * * * * *